ကြေးမုံ
*The Mirror Daily*
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 27 July 2020 ၁၀၀၈၆

# အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပ



ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဦးစိုးမင်းထွန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကုသိုလ်အထူးနဲ့ ကြည်နူးဖွယ် လဝါဆို** — ဆောင်းပါး စာမျက်နှာ » ၆

**ပင်လယ်ရေတွင် အလွယ်တကူ ပျော်ဝင်ပျက်စီးနိုင်သော ပလတ်စတစ်အိတ်များ ဂျပန်ကုမ္ပဏီများ တီထွင်အောင်မြင်** — စာမျက်နှာ » ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** — စာမျက်နှာ » ၁၆



ကြေးမုံ

## နိုင်ငံသမိုင်းသစ်ကိုညီညွတ်ခြင်းဖြင့်ဖန်တီး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ခရီးဆက်ပြီး ပန်းတိုင်သို့ရောက်ရှိနိုင်ရန် အတွက် အရေးပါပြီး အဓိကကျသည့် အခင်းအကျင်းမှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးဖြစ်သည်။ အမျိုးသား ရင်ကြားစေ့ရေးကိုအခြေခံသည့် ပြည်သူ့အစိုးရသည် နိုင်ငံသူ၊ နိုင်ငံသား များ ခေတ်အဆက်ဆက်မျှော်မှန်းတောင့်တလာခဲ့ကြသည့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရယူနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို (၂၀) ရာစုပင်လုံတွင် အုတ်မြစ်ချနိုင်သကဲ့သို့ (၂၁) ရာစု ပင်လုံညီလာခံများကို ကျင်းပ၍ ထာဝရငြိမ်းချမ်းရေးကို ခိုင်မြဲအောင် တည်ဆောက်နေသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် (၂၁) ရာစု ပင်လုံညီလာခံ ပထမအစည်းအဝေးနှင့် ဒုတိယအစည်းအဝေး နှစ်ကြိမ် ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အတွက် သဘောတူညီချက် (၃၇) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် က ကျင်းပသော တတိယအစည်းအဝေးတွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၂)အတွက် သဘောတူညီချက် (၁၄) ချက် ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မကြာမီကာလတွင် (၂၁) ရာစုပင်လုံညီလာခံ စတုတ္ထအစည်းအဝေးကို ကျင်းပနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) အတွက် သဘောတူညီ ချက်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြမည်ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် သဘောတူညီချက် (၅၁) ချက်ပင် ရရှိခဲ့ပြီဖြစ်သည်။ ဆက်လက်၍ ရလဒ်ကောင်းများ ပိုမို ပေါ်ထွက်လာရန်အတွက် ကြိုးပမ်းအားထုတ်ကြတော့မည်။ ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုအတွက် ပြည်သူအားလုံး၏ မျှော်လင့် ချက်ဖြစ်၍ ဝမ်းပန်းတသာ မျှော်လင့်နေကြမည်ဟု ယုံကြည်ပါသည်။

(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃)၌ သဘောတူညီချက်များ ရရှိနိုင်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ခြောက်ကြိမ်ဆွေးနွေးခဲ့ကြပြီး သဘောတူ ညီချက်အတော်များများ ရရှိထားပြီဟု သိရသည်။ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုအတွက် အဓိကကျအရေးပါသော အကြောင်းအရာများ ပါဝင်မည်ဖြစ်၍ နှစ်ဖက်လက်ခံနိုင်သည့် သဘောတူညီချက်များ ပေါ်ထွက် အောင် ဆွေးနွေးကြမည်ဖြစ်ရာ မျှတထိုက်သင့်သည့် အလျှော့အတင်းများ ဖြင့် နှစ်ဖက်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။

ငြိမ်းချမ်းရေးအတွက် ယနေ့ရရှိနေသော အခြေအနေကောင်းများသည် လက်ရှိ နှစ်ဖက်အဖွဲ့အစည်းများ ညီညီညွတ်ညွတ် သဘောတူညီ စိတ်ရှည်သည်းခံ ဆွေးနွေးနိုင်ခဲ့သောကြောင့်ဖြစ်သည်။ အမှန်တကယ် တွင် ငြိမ်းချမ်းရေးခရီးမှာ မဝေးပါဟုဆိုချင်ပါသည်။ မတူညီသည့် အမြင် သဘောထားများကို ပြည်သူအားလုံး ကောင်းကျိုးအတွက် ညှိနှိုင်းမှုကို ဖြစ်စေသည့်ပညာ၊ လက်ခံသင့်သည့် အတွေးအခေါ်အပြုအမူသစ်များကို လက်ခံရဲသည့်သတ္တိ၊ ခက်ခဲသည့်လုပ်ငန်းများကို အောင်မြင်သည်အထိ ဆောင်ရွက်နိုင်သည့် ဝီရိယတို့ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီး တွင် ပါဝင်သူများအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားနိုင် မည်ဆိုလျှင် မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကို တည်ဆောက်နိုင် မည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်သည် ကောင်းမွန်သည်ဟု ဆိုသော်လည်း ငြိမ်းချမ်းရေးတွင် အားလုံးပါဝင်မှသာ ပန်းတိုင်သို့ မြန်မြန်ဆန်ဆန် ရောက်ရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးခရီးစဉ်တွင် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် ပထမဆုံးခြေလှမ်းဖြစ်ရာ NCA ထီးရိပ်အောက်တွင် အားလုံးပါဝင်ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာမှသာ ငြိမ်းချမ်းရေးခရီး ချောမွေ့မြန်ဆန်လာမည်ဖြစ်သည်။ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့်ညီညွတ်ရေး မတည်ဆောက်နိုင်သမျှကာလပတ်လုံး ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးကို မည်သို့မျှ တည်ဆောက်နိုင်မည် မဟုတ်ပေ။

ငြိမ်းချမ်းရေးသည် ကမ္ဘာ့နိုင်ငံများနှင့်ချိန်ကြည့်မည်ဆိုလျှင် အချိန် လွန် နောက်ကျနေပြီဖြစ်၍ နိုင်ငံရေး စားပွဲဝိုင်းတွင် စေ့စပ်ညှိနှိုင်းအဖြေရှာ နိုင်ရန် အားလုံးလက်တွဲ ပါဝင်သင့်ပါသည်။ အားလုံးလက်တွဲ သဘောတူ လက်ခံနိုင်မည့် မူဘောင်ပေါ်ထွက်လာမှသာ ငြိမ်းချမ်းရေးပန်းတိုင်နှင့် နီးမည်ဖြစ်၍ စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရန်၊ မြန်မာနိုင်ငံ၏ သမိုင်းသစ်ကို ညီညွတ်ခြင်းဖြင့် ဝိုင်းဝန်းရေးထိုးပေးနိုင်ပါရန် ဆန္ဒပြုပါ သည်။ ။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်



လဟယ် ဇူလိုင် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုး ရေး ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၆၇ ဒသမ ၄၀ ဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဝင်း အတွင်း၌ ဆောင်ရွက်လျက်ရှိသည့် အလျား ပေ ၉၀၊ အနံ ပေ ၃၀ Steel Structure နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသ ကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြား ရေးမှူး ဦးအောင်တင်ကျော်၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ မှ အတွင်းရေးမှူး ဦးသန်းရွှေနှင့် နာဂဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း တို့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးခဲ့သည်။

**၁၇၀၃ ဦး ပညာသင်ကြား**

အဆိုပါ အခြေခံပညာအထက်တန်း ကျောင်း၌ လဟယ်မြို့နယ်မှ ကျောင်းသူ ကျောင်းသား ၁၇၀၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိ ကြောင်း သိရသည်။

ငွေကြယ်

## ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းဆိုင်တွင် လက်မှုအနုပညာပစ္စည်းအမျိုးမျိုး ရောင်းချ



နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း စစ်မှန်မြန်မာ့စက်မှုလက်မှု အနုပညာ လုပ်ငန်းနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းကို ၂၀၁၅ ခုနှစ်တွင်ဖွဲ့စည်း ခဲ့ပြီး အနုပညာလက်ရာမြောက်ပန်းပုလုပ်ငန်းဖြစ်သည့် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွ များ၊ ကျောက်ဆစ်လုပ်ငန်း၊ အဆောက်အအုံများတွင် အလှဆင်ပစ္စည်းများ၊ ခန်းဆီး၊ လိုက်ကာ၊ ပန်းခက်၊ ပန်းဆွဲ၊ ပွတ်လုံး၊ မှန်ပေါင် စသည့်လုပ်ငန်းများ အပြင် ရွှေချည်ထိုးလုပ်ငန်းများ၊ ပိုးထည်ချည်ထည် ရောင်းဝယ်ခြင်းလုပ်ငန်း၊ ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ငွေထည်ပစ္စည်းများ၊ ပန်းချီ၊ ဓာတ်ပုံများ ရောင်းဝယ်ခြင်းနှင့် အနုပညာလက်ရာမြောက်ပစ္စည်းများ ကိုလည်း ပြည်တွင်းဈေးကွက်တွင်သာမက နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**ပြသရောင်းချ**

အသင်းအနေဖြင့် ထုတ်ကုန်ပစ္စည်းများကို အသင်းဆိုင်တွင် ပြခန်းဖွင့်လှစ် ၍လည်းကောင်း၊ ဈေးရောင်းပွဲတော်များတွင်လည်းကောင်း ပြသရောင်းချလျက် ရှိသည်။

သတင်းစဉ်

## ပုလောမြို့နယ် ကျောက္ကာနာရေးကူညီမှုအသင်းသို့ အလှူငွေ လှူဒါန်း

ပုလော ဇူလိုင် ၂၆

ပုလောမြို့နယ် မြစိမ်းရောင်ငါးကဏ္ဍကျေးရွာစီမံကိန်း အကျိုးအမြတ်ရငွေမှ ကျောက္ကာကျေးရွာ နာရေးကူညီမှုအသင်း မီးသင်္ဂြိုဟ်စက်ဆောက်လုပ်ခြင်း အတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့က ကျောက္ကာကျေးရွာ အုပ်ချုပ်ရေးမှူး ရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနမှူးက မြစိမ်းရောင်ကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက္ကာမြစိမ်းရောင်ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုက နာရေးကူညီမှုအသင်း မီးသင်္ဂြိုဟ်စက် ဆောက်လုပ်ခြင်းအတွက် ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၅၀ အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦးသို့ ပေးအပ်ခဲ့ သည်။

ပေးအပ်လှူဒါန်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်လှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် အသင်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကန့်ဘလူမြို့နယ်၌ မွေးမြူရေးကျင့်စဉ် သင်တန်းပို့ချ

ကန့်ဘလူ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူငါးလုပ်ငန်းဦးစီးဌာနမှ အခြေခံ ငါးမွေးမြူ ရေးနှင့် ကောင်းမွန်သောငါး/ပုစွန် မွေးမြူရေးကျင့်စဉ်သင်တန်းကို ကန့်ဘလူ မြို့နယ် ဘုတ္တောကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ယနေ့ ဖွင့်လှစ်သည်။ အဆိုပါသင်တန်းသို့ ကျေးရွာသုံးရွာမှ ငါးမွေးတောင်သူ ၃၀ တက်ရောက်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကိုဦးနှင့် ဝန်ထမ်းများက ပို့ချပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ (၄)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိချိန်တွင် တစ်ဖက်မှလည်း သာသနာတော်ကွယ်ပျောက်ပျက်စီးနိုင်လောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန်၊ သာသနာ့အန္တရာယ်၊ သာသနာ့ဝန်စီးများက ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်သည့် အတွေးအခေါ်အယူအဆ အဓမ္မဝါဒများကို ဟောပြောမှု၊ ပြသမှု၊ ထုတ်ဝေဖြန့်ချိမှု၊ အင်တာနက်ဝက်ဘ်ဆိုက်တွင် လွှင့်တင်မှုများ ပြုလုပ်လျက်ရှိနေသည်ကို သိရှိရပါကြောင်း။

### အချိန်မီကာကွယ်

အဆိုပါ သာသနာ့ရန်စွယ်အန္တရာယ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဦးဆောင်သော တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရ ဦးဆောင်သော သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးတို့က အချိန်မီပူးပေါင်းကာကွယ်ကြမှသာလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ သန့်ရှင်းတည်တံ့နေမည်ဖြစ်သည်ဟု လျှောက်ထားလိုပါကြောင်း။

"ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစ္ဆာ၍၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏" ဟု မဃဒေဝလင်္ကာ၌ မန်လည်ဆရာတော်ကြီး ဆုံးမတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်ကြရာတွင် သဒ္ဓါပညာမညီမျှမှု၊ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ တို့နှင့်အညီ ဆောင်ရွက်ခြင်းမရှိမှုတို့ကြောင့် ရုပ်ပွားဆင်းတုတော်များသည် ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်လျက်ရှိပြီး ဖူးမြင်ရသူများအတွက် ကြည်ညိုဖွယ်မဆောင်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုစိတ်ကို လွန်စွာထိခိုက်စေလျက်ရှိပါကြောင်း။

၆-၇-၂၀၂၀ ရက်နေ့ကလည်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ စိန္တာမုနိ မင်းဝင်တောင်စေတီတော် ပရိဝုဏ်အတွင်းရှိ လောကီအကျိုးစီးပွားအတွက် ဗေဒင်ယတြာအစီအမံများနှင့် ပေါင်းစပ်ပြုလုပ်ထားသော ကြည်ညိုဖွယ်မဆောင်သည့် ဉာဏ်တော်လက်မ ၃၀ အထက် ရုပ်ပွားတော်အကြီး ၆၉ ဆူနှင့် ဉာဏ်တော် ၁၈ လက်မအောက် ရုပ်ပွားတော်အသေး အဆူ ၄၀၊ စုစုပေါင်းရုပ်ပွားတော် ၁၀၉ ဆူတို့ကို ဖယ်ရှားရှင်းလင်း၍ ထေရဝါဒ ပိဋကတ်တော်လာ ဒေသနာတော်နှင့် ကိုက်ညီသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြင့် အစားထိုးပူဇော်ထားရှိခဲ့ရပါကြောင်း။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ကြရာတွင် ထေရဝါဒပိဋကတ်တော်လာ ဒေသနာများနှင့်ကိုက်ညီပြီး အေးချမ်းကြည်ညိုဖွယ်ဆောင်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ကြစေရေးအတွက် ဩဝါဒပေးတော်မူပါရန် လျှောက်ထားလိုပါကြောင်း။

### ဖြစ်စဉ်အမှန် သွေဖည်

ဝိနိစ္ဆယရေးရာမှုခင်းများဖြစ်ပွား၍ နှစ်ဖက်ပက္ခပုဂ္ဂိုလ်များကို သံဃဝိနိစ္ဆယအဖွဲ့များဖြင့် စစ်ဆေးခြင်း၊ ဗဟိုဝန်ဆောင် စုံစမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် စစ်ဆေးဆောင်ရွက်ကြသူများအနေဖြင့် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်စဉ်အမှန် အကြောင်းအရာကိုသွေဖည်၍ မမှန်မကန်ဆုံးဖြတ်ခြင်းဟုခေါ်ဆိုသည့် အဂတိလေးဖြာကင်းရှင်းစွာ စစ်ဆေးဆုံးဖြတ်ရန် လိုအပ်သကဲ့သို့ စစ်ဆေးဆုံးဖြတ်ပြီးသော ဆုံးဖြတ်ချက်များကိုလည်း အကြိမ်ကြိမ် ပြင်ဆင်ဆုံးဖြတ်ခြင်းများကို အတတ်နိုင်ဆုံးမပြုလုပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

ဝိနိစ္ဆယရေးရာမှုခင်းများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်တို့ဖြင့် စစ်ဆေးဆုံးဖြတ်ရာတွင် အဓိကရဏ်းအေးငြိမ်းစေကြောင်း၊ သမထတရား ၇ ပါးကို အခြေခံ၍ ကြီးသည့်အမှုငယ်အောင် ငယ်သည့်အမှု ပပျောက်အောင်၊ ပဋိပက္ခပြဿနာများနည်းပါးအောင် ဦးတည်ဆုံးဖြတ်ဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါကြောင်း။

### အရေးယူရန် လိုအပ်

ယခုအခါ သမဏသာရုပ္ပမဖြစ်သော(ကြည်ညိုဖွယ်မဆောင်သော) အမှုကိစ္စများ ယခင်ကထက် ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရပါသဖြင့် ယင်းအမှုကိစ္စများကို ကျူးလွန်ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များကိုလည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များဖြင့် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကင်းရှင်းစွာဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်းကိုလည်း အခါအခွင့်သင့်ခိုက် လျှောက်ထားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်လျက်ရှိရာတွင် စနစ်တကျစိစစ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ ဖြင့် ဘွဲ့တံဆိပ်တော်အလိုက် ဂုဏ်အင်္ဂါအရည်အချင်းများ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း။

### ပြောင်းလဲဆောင်ရွက်မည်

အဆိုပါပြဋ္ဌာန်းချက်တွင် ပါဝင်သော လူပုဂ္ဂိုလ်များဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်အသီးသီးတို့၏ ဂုဏ်အင်္ဂါအရည်အချင်းသတ်မှတ်ချက်ပါ **"ရှင်သာမဏေအပါး ၅၀၊ ၁၀၀၊ ၂၀၀၊ ၃၀၀ နှင့်အထက်ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးရမည်"** ဟူသော သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်မှာ အခုအခါ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသောကာလဖြစ်နေသဖြင့် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်ကို ပရိယတ္တိစာသင်သားများအတွက် ပညာရေးပဒေသာပင်များ စိုက်ထူလှူဒါန်းပေးရန် ပြောင်းလဲအလှူခံဆောင်ရွက်သွားမည်ဖြစ်သဖြင့် ခွင့်ပြုပေးတော်မူပါရန် ရိုသေစွာလျှောက်ထားအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့်တကွ သံဃာ့အဖွဲ့အစည်းအသီးသီးတွင် တာဝန်ယူလျက်ရှိကြသော ဆရာတော် သံဃာတော်များအနေဖြင့် ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်း၍ မျက်ခြည်မပြတ် သတိချပ်ကာ သာသနာ့ရန်စွယ် အန္တရာယ်များကို ဓမ္မစက်ဖြင့် ကာကွယ်တားမြစ်တော်မူနိုင်ကြပါစေ၊ သာသနာ့ရန်စွယ် အန္တရာယ်လွတ်ကင်းနေမင်းတစ်ထောင်လင်းသကဲ့သို့ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်လည်း အနှစ်များမြောင်ကာလကြာအောင် သန့်ရှင်းတည်တံ့ ထွန်းလင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စိန္တိတာလင်္ကာရက တင်သွင်းလျှောက်ထားသည်။

### ကဏ္ဍအလိုက် လျှောက်ထား

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျယ်ကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

### ဆွေးနွေးဆုံးဖြတ်

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းကြေညာ၍ ဝိနိစ္ဆယဆိုင်ရာ ကိစ္စများနှင့် သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဦးဇေသူအောင်-ဒေါ်ပွင့်ငုံ မိသားစုကလည်းကောင်း၊ နေ့ဆွမ်းကို ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)မဟာသရေစည်သူ ဦးရဲမြင့်-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခန့်နှင့် စစ်ကိုင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် မန္တလေးမြို့နှင့် မြင်းမူမြို့တို့တွင် နောက်သုံးရက်အတွင်းနှင့် စစ်ကိုင်းမြို့တွင် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်များနှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရှင်တော်မြတ်ဘုရား၏ အဆုံးအမသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဌမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ ဩဝါဒကထာ

(၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၆ ရက်၊ တနင်္ဂနွေနေ့)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီး၏ ဆောင်ရွက်ချက်သာသနာရေးကိစ္စ ဟူသမျှကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ရလေအောင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့်အညီ အကိုးအကားပြု၍ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိစသည့် အဂတိတရားများကင်းရှင်းစွာဖြင့် အလေးဂရုပြုကာ ဆွေးနွေးညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား သာသနာတော်အရေးကိစ္စတို့ကို ဆောင်ရွက်ရာ၌ တပည့်တော်တို့ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှုရှိနိုင်မည်မဟုတ်ပါဘုရား။ “**သာသနံ နာမ ရာဇာနံ နိဿာယ တိဋ္ဌတေ ဣဓ = သာသနာတော်သည် မင်းကိုမှီ၍တည်ရ၏**” ဟု ရှေးရှေးက မဟာထေရ်မြတ်ကြီးတို့ အဆိုအမိန့်ရှိသည့်အတိုင်း နိုင်ငံတော်အစိုးရမင်းတို့၏ အမှီကိုရရှိမှသာ ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်ဘုရား။

“**သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ။ အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ** ဟူသော ဒေသနာတော်အရ ပရိယတ္တိ ပဋိပတ္တိ ဝန်ဆောင် သံဃာတော်အရှင်သူမြတ်များနှင့် နိုင်ငံတော်အစိုးရမင်းများ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများသည် “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဆိုသည့်အတိုင်း သံဃာတော်များဘက်ကလည်း လမ်းကောင်းလမ်းမှန်ကို ကျင့်ကြံကျန ဟောညွှန်ပြတော်မူကြကုန်လျက် နိုင်ငံတော်အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း လိုက်နာကြိုးပမ်းလှူဒါန်းထောက်ပံ့ပူဇော်ကြပါလျှင် ရည်ရွယ်ချက်လုပ်ငန်းများ အောင်အောင်မြင်မြင်ပြီးမြောက် နိဗ္ဗာန်ချမ်းသာတိုင်အောင် ခရီးရောက်နိုင်ကြမည်ဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဝေသာလီပြည်တွင် ကပ်ရောဂါဘေးကြီးဆိုက်ရောက်ချိန်ဝယ် ဘုရားရှင်၏ညွှန်ကြားမိန့်မှာချက်နှင့်အညီ အရှင်အာနန္ဒာမထေရ်သည် ဝေသာလီပြည်၏ တံတိုင်းသုံးထပ်အတွင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တို့ကိုပွားများရွတ်ဖတ်၍ ကပ်ရောဂါဘေးဆိုးကြီးမှ ကင်းဝေးအောင် ကယ်တင်တော်မူခဲ့ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များအနေဖြင့်လည်း အရှင်အာနန္ဒာမထေရ်မြတ်ထုံး နှလုံးမူကာ မဟာအရံအတားများဖြစ်သော ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်တို့ကို ရွတ်ဖတ်ခြင်း၊ ကာရုညစိတ္တရှေးရှုပြဋ္ဌာန်း၍ မေတ္တာပွားများခြင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များ ပွားများပူဇော်ခြင်း စသည်တို့ကို ဝသီဘော်ဖြစ်အောင် များများထုံပွားသင့်သကဲ့သို့ တပည့်တော်တို့၏ တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများလည်း ရွတ်ဖတ်ပူဇော်ပွားများကြလျှင် ကပ်ဘေးအမျိုးမျိုးမှ ကင်းဝေးကြမည်ဟုယုံကြည်ပါသည်ဘုရား။ ထိုသို့ပွားများပူဇော်ကြခြင်းဖြင့် ကပ်ဘေးကြီးတို့မှ ကင်းဝေးကြပါမှ စာမေးပွဲများကျင်းပခြင်း၊ တိပိဋကဓရ တိပိဋကကောဝိဒပူဇော်ပွဲများကျင်းပခြင်း စသော သာသနာရေးကိစ္စအဝဝတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား ထပ်မံ၍ဖြည့်စွက်လျှောက်ထားလိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံရသည့် မျက်မှောက်ခေတ်သာသနာတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်အမြင့်ဆုံး ခံတပ်ကြီးသဖွယ်ဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည်ကို ဆရာတော်ကြီးများ သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီး၌ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ကို ဇာတကပါဠိတော်၊ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်လာ ဂါထာတော်အချို့ကို ကောက်နုတ်၍ အကျဉ်းချုပ်လျှောက်ထားလိုပါသည်ဘုရား–

> ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊
> မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
> သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊
> ဧတံ ခန္တိံ ဥတ္တမမာဟု သန္တော။ (ဇာ၊ ၄၊ ပဥ္စမတွဲ ၁၄၈ ) ဟူသော

သရဘင်္ဂဇာတ်တော်လာ ဒေသနာဖြင့် ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာ ပြောဆိုလာသော မည်သည့်ပုဂ္ဂိုလ်သော်မှ ကောဒအမျက်မထွက်စေဘဲ သည်းခံမှုခန္တီဂုဏ်တည်း ဟူသောလက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်းလက်နက်ကောင်းဟူသမျှတို့ထက် အဆရာထောင်မက လွန်ကဲမွန်မြတ်သည့် သူတော်ကောင်းလက်နက်ကြီးဖြစ်ကြောင်း ပြဆိုထားပါသည်ဘုရား။

> ကာယေန ဝါစာယစ ယောဓ သညတော၊
> မနသာ စကိဉ္စိ န ကရောတိ ပါပံ။
> န အတ္တဟေတူ အလိကံ ဘဏောတိ၊
> ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။
> ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊
> တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။(ဇာ၊ ၄၊ ပဥ္စမတွဲ ၁၅၅) ဟူသော ဒေသနာ

တော်နှင့်အညီ ကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်းအပေါင်းဆုံ့ထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွားထွန်းကားစေရန် ကျင့်ကြံတော်မူကြပါဘုရား။

> ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
> သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
> သင်္ဂါဟကံ သခိလံ သဏှဝါစံ၊
> တထာဝိဓံ နော သိရီ နော ဇဟာတိ။(ဇာ၊ ၄၊ ပဥ္စမတွဲ ၁၅၅)ဟူသော

ဒေသနာတော်အရ ပြဆိုအပ်ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိ ဘာဂီ စသည့် အဖုံဖုံဂုဏ်ဆီပြည့်ဝသပ္ပုရိသ လက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး၊ သာသနာတော်မြတ်ကြီး ကျက်သရေတန်ခိုးတိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့သန္တာန်ဝယ် အခြေခံထားလျက် ကိန်းဝပ်ကြစေရန် လျှောက်ထားလိုပါသည် ဘုရား။

> **သရဘင်္ဂဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ပါဝင်စေခြင်း၊ သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်။**

> တထာဝိဓံ သီလဝန္တံ ဝဒန္တိ ။ (ဇာ၊ ၄၊ ပဥ္စမတွဲ ၁၅၄) ဟူသော ဒေသနာ

နှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကိုထိန်းသိမ်းမှု ဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြပါစေရန် လျှောက်ထားအပ်ပါသည်ဘုရား။

> ဂမ္ဘီရပဉှံ မနသာ ဘိစိန္တယံ၊
> နာစ္စာဟိတံ ကမ္မကရောတိ လုဒ္ဒံ။
> ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊
> တထာဝိဓံ ပညဝန္တံ ဝဒန္တိ။ (ဇာ၊ ၄၊ ပဥ္စမတွဲ ၁၅၅) ဟူသော ဒေသနာ

တော်နှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြွမ်ပြွမ်လင်းလင်း ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်တော်မူနိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် ဆောင်ရွက်တော်မူကြပါဟု လျှောက်ထားလိုပါသည်ဘုရား။

> ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထားရှုမြော်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံယူရသည့် မျက်မှောက်ခေတ်သာသနာတော်အတွက် အားအထားရဆုံး အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ရှင်ကောင်းရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ပါဝင်စေခြင်း၊ သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့်ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြလျက် ရှင်တော်မြတ်ဘုရား၏ အဆုံးအမသာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း နေရာငါးခုတွင် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် စတင်

**ညောင်ဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုပေါင်းတည်ရှိရာ ဒေသကြီး ငါးခုတွင်ဆောင်ရွက်မည့် အမှိုက်ခွဲခြားမှုစနစ် စတင်ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ နေရာသုံးနေရာတွင် စတင်ပြုလုပ်ခဲ့ကြောင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်ထံမှ သိရသည်။

အဆိုပါ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုပေါင်းတည်ရှိရာ ဒေသကြီးငါးခုတွင် သုံးနေရာကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမှိုက်ခွဲခြားစွန့်ပစ်ခြင်းစနစ်ကို ဒေသခံပြည်သူများ ကိုယ်တိုင်ကျင့်သုံးစေရန် လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် အချက်အလက်များ စနစ်တကျကောက်ယူခြင်းကို စတင်အကောင်အထည်ဖော်ဆောင်ရန်အတွက် ဒေသခံစေတနာရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ ယခုအခါ ဒေသကြီးသုံးခု၌ စတင်လုပ်ဆောင်နေသည့် ဗဟိုချက်နေရာ နှစ်ခုစီခွဲကာ ဆိုင်းဘုတ်ခြောက်ခုစိုက်ထူခဲ့ပြီးဖြစ်သည်။ ကျန်ရှိလုပ်ငန်း ဒေသကြီးနှစ်ခုအား ဇူလိုင် ၂၇ ရက်တွင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသကြီးငါးခုတွင် ဝက်ကြီးအင်းရပ်၊ တောင်ဘီကျေးရွာ၊ မြင်းကပါကျေးရွာ၊ သူငွေးကန်ကျေးရွာနှင့် မင်းနန်သူကျေးရွာတို့တွင် စတင်အကောင်အထည်ဖော်လျက်ရှိကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး)၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးတင်မြင့် (ဒုတိယညွှန်ကြားရေးမှူး)၊ ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုထိန်(ပြန်/ဆက်)**





## ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့်ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်]*

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှောင့်နှေးရပ်တန့်သွား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရည်မှန်းချက်တာဝန်(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနအနေဖြင့် ပြီးခဲ့သည့်ကာလများတွင် သစ္စာစီမံချက်ဖြင့် ပြည်သူ့အကျိုးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုကာလတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မိမိတို့ဌာနအပါအဝင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးရပ်တန့်သွားခဲ့ရကြောင်း။

ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုများကိုလည်း ဖြေလျှော့မှုများ ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် နိုင်ငံတကာ ဝင်/ထွက်သွားလာမှု ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ခွင့်ပြုလာနိုင်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဂိတ်များအပါအဝင် လူဝင်မှုစစ်ဆေးရေးဂိတ်များကိုလည်း ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ဌာန၏ ဒုတိယရည်မှန်းချက် တာဝန်တစ်ခုဖြစ်သည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်သူများအား ၎င်းတို့၏ နိုင်ငံသားဖြစ်မှုအရည်အချင်းပေါ်မူတည်၍ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးကို သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း အသက်(၁၀)နှစ်ပြည့်ပြီးသူနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူ စုစုပေါင်း သုံးသိန်းငါးသောင်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်အတွက် ဖွဲ့စည်းထားသည့် ဗဟိုအဖွဲ့သည်လည်း ၂၀၁၆ ခုနှစ် လက်ရှိအစိုးရ စတင်တာဝန်ယူချိန်ကစပြီး ယခုအထိ ဗဟိုအဖွဲ့အစည်းအဝေး (၂၃)ကြိမ် ပြုလုပ်ပြီး စုစုပေါင်း ၁၇၆၈၄ ဦးကို ကိုင်ဆောင်သင့်သည့် သက်ဆိုင်ရာ ကတ်ပြားအသီးသီးကို ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card)များကိုလည်း ဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လုပ်ငန်းစတင်ချိန်မှ ယခုနှစ် ဇွန်လကုန်အထိ ၉၈၈၇၀ ကို NV Card ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် e-Government စနစ်၏ အခြေခံအကျဆုံးလုပ်ငန်းဖြစ်သည့် e-ID စနစ်ကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းကို မြန်မာနှင့် ဩစတြီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းညှိနှိုင်း၍ မိမိတို့ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ OeSD ကုမ္ပဏီတို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ e-ID စနစ်လုပ်ငန်း ဆောင်ရွက်ရာမှာလည်း ပြည်သူလူထု အသိပညာပေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ဆောင်ရွက်မည်ကို ကြိုတင်စဉ်းစားဆောင်ရွက်ထားကြရန် မှာကြားလိုပါကြောင်း။





**ကြိုးပမ်းဆောင်ရွက်**

မိမိတို့ဝန်ကြီးဌာနသည် ဌာန၏ရည်မှန်းချက် တာဝန်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေရမည် ဖြစ်သကဲ့သို့ ယခုအချိန်တွင် နိုင်ငံအတွက် အလွန်အရေးကြီးပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဆောင်ရွက်ရမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိရေးအတွက် လိုအပ်သည့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ရရှိရေးကို ဌာန၏ ဦးစားပေးလုပ်ငန်းအဖြစ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းနေထိုင်သူများသာမက ပြည်ပရောက်မြန်မာနိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ သံရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းတွင်ပါရှိပြီး ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားအမှတ်များ ဖြည့်သွင်းထားခြင်းမရှိသူများအတွက် ၎င်းတို့၏ ကတ်ပြားအမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လုပ်ငန်းအောင်မြင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက မဲစာရင်းများ ထုတ်ပြန်ကြေညာရာတွင်လည်း ယင်းမဲစာရင်းတွင် ဖြည့်သွင်းရန်ကျန်ရှိနေသည့် ကိုင်ဆောင်လက်မှတ် အမှတ်များကို မိမိတို့ဌာန၏ မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်ဖြည့်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်များအတွက် မှတ်ပုံတင်ရရှိရေး စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက် ပေးရမည့် လုပ်ငန်းကို ဦးစားပေးလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဦးစီးဌာနရုံးများ၌ လက်ရှိအင်အားပေါ်မူတည်ပြီး လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲကာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပြင် အဓိကဦးစားပေးလုပ်ငန်းဖြစ်သည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် လိုအပ်သော မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည့်အစီအစဉ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေး တင်ပြကြရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေး တင်ပြကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ဝန်ထမ်းအားလုံးက အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**သုံးသပ်ဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှု နှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရင်း ယခု ဦးစားပေးဆောင်ရွက်ရမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ပါ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာခြင်းများကို ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာယူကာ စနစ်တကျမေးမြန်းခြင်းများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက တပ်မတော်အနေဖြင့် လူသားချင်းစာနာထောက်ထားမှု ကူညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး (HADR- Humanitarian Assistance and Disaster Relief)လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာ တပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်လျက်ရှိပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်ဆုံး သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်အနေဖြင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းစစ်ဌာနချုပ်အဆင့်၊ တပ်မအဆင့်၊ တပ်ရင်း၊ တပ်ဖွဲ့အဆင့်အထိ ကော်မတီများ ဖွဲ့စည်းပြီး ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် မေ ၁၀ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ထုတ်ပြန်ပြီးနောက်ပိုင်း ဇွန် ၂၂ ရက်မှ ဇူလိုင် ၂၁ ရက်အထိ တိုင်းစစ်ဌာနချုပ်နယ်မြေ ငါးခုအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အခြေအနေ၊ ဇူလိုင် ၁၆ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်း သတင်းဌာန ၂၂ ခုမှ သတင်းထောက် ၄၂ ဦး လာရောက်တွေ့ဆုံသတင်းရယူခဲ့ကြကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကုသိုလ်အထူးနဲ့ ကြည်နူးဖွယ်လဝါဆို

အောင်မြင့်စိုး(ရေစကြို)

မြန်မာတစ်ဆယ့်နှစ်လရာသီတွင် စတုတ္ထလသည် ဝါဆိုလဖြစ်၍ မိုးဥတု၌ ပါဝင်သည်။ ဝါဆိုဟူသော စကားတွင် ဝါသည် ပါဠိဘာသာနေခြင်းဟော ဝါသပုဒ်ပျက်ဖြစ်သည်။ မြန်မာဘာသာ ရွတ်ခြင်းဟောသည်။ ဝါဆိုဟူသည်မှာ ရဟန်းတော်တို့သည် မိုးသုံးလအတွင်း အခြားတစ်ပါးသို့ အကြောင်းမဲ့မသွားရဘဲ မိမိတို့၏ကျောင်းအရံအတွင်း၌ နေခြင်းဖြစ်သည်။ ရဟန်းတို့ ဝါဆိုသည်ကိုစွဲ၍ ဝါဆိုလဟု ခေါ်သည်။ ဝါဆိုလသည် ရက်စုံကွယ်သဖြင့် တစ်လတွင် ရက်ပေါင်း ၃၀ ရှိ၏။ ဝါထပ်သည့်နှစ်တွင် ပထမဝါဆိုနှင့် ဒုတိယဝါဆိုဟူ၍ ဝါဆိုလကို နှစ်လပြု၏။ ထိုလတွင် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့များသည် ရက်ရာဇာများဖြစ်ပြီး အင်္ဂါနှင့် ရာဟုခေါ် ဗုဒ္ဓဟူးမွန်းလွဲပိုင်းတို့မှာ ပြဿဒါးရက်များ ဖြစ်သည်။

ရွှေဗျိုင်းတာယာထွန်းပသည့် ဝါဆိုလတွင် နံနက် စက်နာရီ ၅ နာရီ ၂၉ မိနစ်တွင် နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၄၃ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့် နေ့ ၃၆ နာရီ၊ ည ၂၄ နာရီရှိသည်။ ဤသည်ကိုရည်၍ ဦးယာ၏ ဝါဆိုလဘွဲ့ လူးတားတွင်–

“သည်ရာသီတွင်၊ နာရီနေ့ကို၊ သုံးဆယ်ဆိုရှင့်၊ စွန်းပိုခြောက်ခု၊ ကြွင်းစုနာရီ၊ ညဥ့်သို့စီသော်၊ မညီအရေး နှစ်ဆယ့်လေးတည့်။” ဟူ၍ စပ်ဆိုခဲ့သည်။

**ဆယ့်နှစ်ရာသီဘွဲ့ လူးတား**

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် အထက်သုတိတာနတ်ပြည်မှ သက်ဆင်း၍ လူ့ပြည်၌ ပဋိသန္ဓေ တည်သောနေ့၊ နိမိတ်ကြီးလေးပါးကို နတ်များ ဖန်ဆင်းပြရာ သံဝေဂရ၍ တောထွက်တော်မူသောနေ့၊



ဘုရားအဖြစ်သို့ရောက်ပြီးနောက် တရားဦးဓမ္မစကြာ ဟောတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိသင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့တို့သည် ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ဝါဆိုလကို ဇေဒင်အခေါ် အားဖြင့် ကရကဋ်ရာသီခေါ်သည်။ ထိုရာသီတွင် ပြုပ္ပသန် နှင့် လမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်၍ ဖုသျှနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်လေသည်။ ရာသီပန်းမှာ ပုန်းညက်ပန်း၊ မြတ်လေးပန်းဖြစ်သည်။

ဤသည်ကိုရည်၍ ဦးယာက “ပျံ့မွှေးဝတ်ဆံ၊ ရိုးတံမြရွက်၊ ပုန်းညက်ရွှေလှော်၊ မွှေးပေါင်းဖျော်၍၊ တောင်တော်မြင့်ဖျား၊ မြင်းမိုရ်ခါးက ပတ္တမြားဗိမာန်၊ ပြုပ္ပသန်နှင့်၊ ယုဂန္ဓိုရ်မှ၊ လှည့်သွားကြသော်၊ နောက်ကမကွာ၊ ဗျိုင်းတာရာဝယ်၊ ညီညာခံသ၊ ရောင်ထွန်းပလျက်” ဟူ၍ ဆယ့်နှစ်ရာသီဘွဲ့ လူးတားတွင် ရေးစပ်ထား၏။

**ဓမ္မစကြာအခါတော်နေ့**

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ပဥ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာဖြစ်သော ဓမ္မစကြာဒေသနာတော်ကို မိဂဒါဝုန်တော၌ ဝါဆိုလပြည့်နေ့တွင် ဟောကြားတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟူ၍ သတ်မှတ်ထားလေသည်။ ဘုရားရှင် သာသနာတော်ရှိ ရဟန်းတို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ ကျောင်းအရံအတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်း မပြုပါဟူသော ပဋိညာဉ်ဖြင့် ဝါဆို၊ ဝါကပ်မှုများကို ပြုကြသည်။

ဤသို့ ရဟန်းရှင်လူတို့ သုံးလပတ်လုံး ဒါန၊ သီလ၊ ဘာဝနာ အစရှိသော သူတော်ကောင်းတရားများကို ငြိမ်သက်စွာအားထုတ်ရန် အစပြုသော ဝါဆိုလပြည့်နေ့များတွင် လူတို့သည် ဝါကပ်ခြင်းအမှုကို ပြုကြကုန်သော ရဟန်းသံဃာတော်တို့အား ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ကြကုန်၏။ ဝါဆိုဝါကပ်ခြင်းကို အစွဲပြု၍ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင် စသည့်ဝေါဟာရများ ပေါ်ပေါက်လာသည်။ ရှေးမြန်မာမင်းများ လက်ထက်တော်တွင် ဝါဆိုလတွင် ပဥ္စင်းတော်ခံပွဲများ ကျင်းပလေ့ရှိသည်ကိုရည်၍

“ဘဝဂ်ထိန့်ကျော်၊ ပဥ္စင်းတော်ကို၊ ရွှေလှော်မွမ်းရုံ၊ ရွှေစည်းခုံဝယ်၊ သုံးဘုံဝင့်မှ၊ လွတ်စေရသား၊ ဂေါတမမုနိ၊ သီရိကြိမ်ကြိမ်၊ မြတ်သည့်အိမ်သို့၊ ငြိမ့်ဆိမ်လည်းဝင်၊ သိက္ခာတင်သည်၊ ပဥ္စင်းတော်မြတ် ရဟန်းတည့်လေး” ဟု ရေးဖွဲ့ခဲ့၏။ ပဥ္စင်းတော်ခံပွဲမှာ ရဟန်းအဖြစ်သို့ ဝင်ခွင့်ရှိ၍ ဝင်လိုသူ ရှင်ရဟန်းအပေါင်းကို ရဟန်းဘောင်သို့ အခမ်းအနားဖြင့် သွတ်သွင်းချီးမြှင့်ခြင်းပင်ဖြစ်သည်။

သို့ကြောင့်

“လဝါဆို ကုသိုလ်အလင်းနဲ့
ရှေးမင်းတို့လက်ထက်တွင်
ကျင်းပလေ့အစဉ်၊
ပဥ္စင်းတော်ခံပွဲ ရဟန်းလောင်းရှင်
သိက္ခာတင် သိမ်ဝင်ခြင်း၊
ရဟန်းဘောင် ပို့ဆောင်ပြီးလင့်
ချီးမြှင့်သွတ်သွင်း။” ဟူ၍ စာရေးသူဆိုချင်ပါသည်။

ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြသူများအဖို့ ဝါဆိုလသည် ကောင်းမှုကုသိုလ်အထိုထိုနှင့် ပြည့်စုံစေသောလဖြစ်ပြီး ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသည့် ထူးမြတ်သောလတစ်လပင်ဖြစ်ပေသည်။

ကိုးကား– မြန်မာ့စွယ်စုံကျမ်း

**ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြသူများအဖို့ ဝါဆိုလသည် ကောင်းမှုကုသိုလ် အထိုထိုနှင့် ပြည့်စုံစေသောလဖြစ်ပြီး ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသည့် ထူးမြတ်သောလတစ်လပင် ဖြစ်။**

# နေပြည်တော်ရှိ ပေါင်းလောင်း၊ ချောင်းမငယ်နှင့် ဖောင်းလောင် ရေလှောင်တမံများ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပေါင်းလောင်း၊ ချောင်းမငယ်နှင့် ဖောင်းလောင် ရေလှောင်တမံများ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တည်ဆောက်ရေး (၅) မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ရေလှောင်တမံများ၏ လုံခြုံစိတ်ချမှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု၊ မိုးစပါးရေပေးဝေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

**စိုက်ပျိုးရေဖူလုံနိုင်ရေး**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် တမံများ၏ လုံခြုံစိတ်ချရမှုနှင့်



ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိပေးပို့နိုင်ရေး၊ စိုက်ပျိုးရေ ပေးဝေရာတွင် လက်ရှိမိုးစပါးအပြင် နွေစပါး စိုက်ပျိုးရေအတွက် ဖူလုံနိုင်ရေး ဆည်ရေကို အလေအလွင့်နည်းပါးပြီး ထိရောက်စွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်လျှံ

ချောင်းမငယ် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသော ရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ “ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်” ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ခရီးသွားလုပ်ငန်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**
ခရီးသွားလုပ်ငန်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Center for Tourism Development (CTD) ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပင်မစီမံကိန်းထည့်သွင်းသွားမည်**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးတင်လတ်က ယခုခရီးသွားလုပ်ငန်းပင်မစီမံကိန်း ၂၀၂၁-၂၀၂၅ သည် ယခင်ပင်မစီမံကိန်းကိုအခြေခံ၍ ကိုဗစ်-၁၉ အလွန်တွင် ပြောင်းလဲလာမည့် ခရီးသွားလုပ်ငန်းပုံစံသစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုစုရေးဆွဲထားပါကြောင်း၊ ပင်မစီမံကိန်းတွင် မဟာဗျူဟာ (၆)ရပ်ပါဝင်ပြီး မဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသည့်အခြေအနေနှင့် ကိုက်ညီမှုရှိစေရန်အတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ အကြံပြုချက်များကိုလည်း ပင်မစီမံကိန်းတွင် ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ပင်မစီမံကိန်းတွင် ထပ်မံဖြည့်စွက်လိုသည်များကို အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲဆောင်ရွက်ထားရှိမှုများ၊ စီမံကိန်းပါ မဟာဗျူဟာ(၆)ရပ်နှင့် ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ခရီးသွားလုပ်ငန်းပင်မစီမံကိန်းတွင် ဖြည့်စွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးဆောင်ရွက်နေမှုများ၊ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**
မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ၂၀၂၀ ပြည့်နှစ် မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို)က အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဆရာလှ(မွန်မြတ်စေတနာ) က မြို့နယ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း တင်သွင်းအတည်ပြုဖတ်ကြားသည်။

ထို့နောက် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို)က ၂၀၁၉ ခုနှစ် တတိယအကြိမ်မြောက် မြန်မာ့လူမှုအကျိုးပြု ပရဟိတဆုပေးပွဲတွင် (စံပြ) ထူးချွန်ဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းမှ အသင်းဝင် ဒေါ်သန်းရီ(ခ) မယဉ်ကျေးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းသို့ အသင်းသားများ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် အလှူရှင် ဦးကျော်ညွန့်(ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)က အလှူငွေကျပ် ၁၀ သိန်းနှင့် တခြားအလှူရှင်များက အလှူငွေ၊ စာအုပ်စာပေများနှင့် တိုင်းရင်းဆေးဝါးများကို မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို) နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး အသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီး သက်ကြီးစာပေပညာရှင်များကိုယ်စား



စာရေးဆရာ ဦးလှမြင့်(ဂန္ဓမာ)က မုဒိတာစကားပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ် ညီလာခံ လေးနှစ်သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အမှုဆောင်အဖွဲ့နေရာတွင် အမှုဆောင်သစ် ရွေးချယ်ခြင်းကို ဆက်လက်ပြုလုပ်သည်။

ယနေ့ ကျင်းပသည့် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ၂၀၂၀ ပြည့်နှစ် မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော Social Distancing နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နေလင်း**

# မြစ်သားမြို့၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြစ်သား ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ရှိ ဝန်ထမ်းကွက်သစ်နှင့် မြို့မအနောက်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြစ်သားမြို့ ဝန်ထမ်းကွက်သစ် (၄)လမ်းတွင် 11KV လိုင်း သုည ဒသမ ၁၅ မိုင်၊ 200 KVA ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့အားလိုင်း သုည ဒသမ ၃၈ မိုင်၊ မြို့မအနောက်ရပ်ကွက်တွင် 11KV လိုင်း သုည ဒသမ ၂၈ မိုင်၊ 200 KVA ထရန်စဖော်မာ တစ်လုံး၊ ညောင်ဝန်းအပိုင်းနှင့် မြို့မ အနောက်ရပ်ကွက်တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းအတွက် ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ABC 95mm$^2$ သုည ဒသမ ၄၄ မိုင်တို့အား တင်ဒါအောင်မြင်သော Tower Victory Engineering Group Co., Ltd. မှ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လက်ထောက်မန်နေဂျာ(အင်/ယာ) ဦးမျိုးသန့်က ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



❒ **ကျောဖုံးမှ**

တက်ရောက်သတင်းရယူကြမည့် မီဒီယာသမားများအနေဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

- ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီထက်နောက်မကျဘဲ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိသတင်းပို့ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် သတ်မှတ်ထားသည့် အဆောင်များ၌ တစ်ယောက်တစ်ခန်းနှုန်းဖြင့် တည်းခိုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ နေထိုင်ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် နေထိုင်စဉ်အတွင်း တည်းခိုနေထိုင်စားသောက်စရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ (သက်သာသောနှုန်းထားဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။)
- သတ်မှတ်သည့်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရမှု ရှိ၊ မရှိ Swab နမူနာရယူ စစ်ဆေးခြင်းကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- ကိုဗစ်-၁၉ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးပြီးနောက် ရောဂါပိုးတွေ့ရှိရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ထုတ်ပေးမည့် သတင်းမီဒီယာအသိအမှတ်ပြု ကတ်ပြားသည် ညီလာခံကာလအတွင်း MICC(1)နှင့် MICC(2)ရှိ သတ်မှတ်သည့်နေရာများတွင်သာ သတင်းရယူခွင့်ရရှိမည်ဖြစ်ပြီး ညီလာခံတက်ရောက်သူများ တည်းခိုနေထိုင်သည့် နေရာများအပါအဝင် ကန့်သတ်ထားသည့်နေရာများတွင် သတင်းရယူခွင့်ပြုမည် မဟုတ်ပါ။
- ဖွင့်ပွဲနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားများတွင် သတ်မှတ်နေရာများမှ သတင်းရယူနိုင်ပြီး ကျန်အချိန်များတွင် Media booth၊ Media Center များ၌သာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ညနေပိုင်းများတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးမည် ဖြစ်ပါသည်။
- ညီလာခံဖွင့်ပွဲအခမ်းအနားအပြီး အစုအဖွဲ့အလိုက် အမှတ်တရဓာတ်ပုံရိုက်ကူးမှုကို နေရာကန့်သတ်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Website (www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm)နှင့် Facebook Page (moiweb-portalmyanmar, Myanmar Digital News, MRTV) များမှ အချိန်မီ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။
- ညီလာခံအစည်းအဝေးများ ကျင်းပနေစဉ်ကာလအတွင်း စည်ပင်ဧည့်ရိပ်သာမှ အခမ်းအနားကျင်းပမည့် နေရာသို့ အသွားအပြန် ကြို/ပို့ယာဉ်၊ နေ့လယ်စာစီစဉ်ပေးမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ နှာခေါင်းစည်း၊ လက်အိတ်များနှင့် လက်သန့်ဆေးရည်များကို စီစဉ်ပေးမည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်စာပေ
လှူမိတ်ဆွေ

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီမေလွင်(အောဝမ်း)နှင့် ရုပ်ရှင်စကားဝိုင်း

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

မြန်မာ့ရုပ်ရှင်စကားဝိုင်း
(တွေ့ဆုံသည့်နေ့- ၁၁.၈.၂၀၀၉)
(အထူးတောင်းပန် မေတ္တာရပ်ခံချက် – ဒေါ်မေလွင်နှင့် တွေ့ဆုံစကားပြောကြစဉ်က အောဝမ်း (မေ) အုပ်စုမှ မေမြင့်ရီနှင့် မေသဇင်တို့ သက်ရှိထင်ရှားရှိနေကြောင်း မသိရှိရသည့်အတွက် “မေလွင်”ကို ‘မေ’ အုပ်စု၏ နောက်ဆုံးတစ်ဦးတည်း ကျန်ရစ်သူအဖြစ် ပြောဆိုခဲ့မိခြင်းအပေါ် အထူးမေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။ နောက်ပိုင်းတွင် ‘မေမြင့်ရီ’ နှင့် ‘မေသဇင်’ တို့ကို ရှာဖွေတွေ့ရှိပြီး ၎င်းတို့နှစ်ဦးစလုံး ယနေ့တိုင် ရုပ်ရှင်သက်ကြီး အကန်တော့ခံများအဖြစ် ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်)

‘မမ’ ဆိုတာဟာ ချစ်စဖွယ်ကောင်းသော မိန်းကလေးဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဒီချစ်စဖွယ်ကောင်းသော မိန်းကလေးတွေဟာ ပန်းများလိုပဲ ကြွေကြွေသွားကြတာက နောက်ဆုံးကျန်ရစ်ခဲ့တဲ့ ပန်းကလေးတစ်ပွင့်နဲ့ ဒီရုပ်ရှင်စကားဝိုင်းကို ပြောဆိုဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီ ‘မေ’ဆိုတဲ့ ပန်းပွင့်ကလေးကတော့ ‘မေလွင်’ ဖြစ်ပါတယ်။

**ကြည်စိုးထွန်း။** ။ အခု ‘မေလွင်’နဲ့ ကျွန်တော် ရုပ်ရှင် စကားဝိုင်းကို စပါတော့မယ်။ အစ်မရေ မင်္ဂလာပါ။

**ဒေါ်မေလွင်။** ။ မင်္ဂလာပါ။

**ကြည်စိုးထွန်း။** ။ နေကောင်းတယ်နော် အစ်မ။

**ဒေါ်မေလွင်။** ။ ကောင်းပါတယ်။

**ကြည်စိုးထွန်း။** ။ အရင်အပတ်ကလည်း ‘မေ’ တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ပြောခဲ့ပြီးပြီပေါ့နော်။ ပြောခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ ငယ်ငယ်ကတည်းက တရှိုက်မက်မက်ပေါ့လေ။ အင်မတန်ချစ်ရခင်ရ အားပေးရတဲ့ မင်းသမီးတွေထဲက အစ်မ ကျန်ရစ်ခဲ့တာကို အင်မတန်လည်း ဝမ်းသာပါတယ်။ တလောကမှ ကျွန်တော်တို့ ‘မေ’ ထဲက ဒေါ်မေရှင်ရယ်၊ ဒေါ်မေနွဲ့ရယ်နော်။ ကြွေသွားကြပြီ။ လွမ်းစရာလည်း ကောင်း၊ တမ်းတစရာလည်း ကောင်း။ ဘာပဲဖြစ်ဖြစ် အစ်မတစ်ယောက် ကျန်ရစ်နေတာတော့ ကျွန်တော်တို့အတွက်တော့ ‘မေ’ အလွမ်းပြေ ကြည့်ရတာပေါ့ အစ်မရယ်။ ဟုတ်ကဲ့ အစ်မ အခုအသက် ဘယ်လောက် ရပါပြီလဲ ခင်ဗျာ။

**ဒေါ်မေလွင်။** ။ ၉၃ ခုဖွားဆိုတော့ (၇၈)နှစ် တင်းတင်း ပြည့်ခဲ့ပါပြီ။ (၇၉) ထဲကို စဝင်ပါပြီ။

**ကြည်စိုးထွန်း။** ။ ဒီလထဲမှာပဲလား။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ရှင့်။

**ကြည်စိုးထွန်း။** ။ဩော်တိုက်တိုက်ဆိုင်ဆိုင် အစ်မရယ်နော်။ ၁၂၉၃ ဆိုတော့ ၁၃၀၀ ဆိုတော့ (၇)နှစ် ဟုတ်တာပေါ့ အစ်မရယ်။

**ဒေါ်မေလွင်။** ။ လွန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက် လပြည့်နေ့ကမှ ပြည့်ခဲ့ပါတယ်။

**ကြည်စိုးထွန်း။** ။ဟုတ်လား ဩော်အစ်မက ဝါခေါင်လပြည့်ဖွား။

**ဒေါ်မေလွင်။** ။ လပြည့်ကျော်တစ်ရက် နေ့ဖွားပါ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ဒါဆို မေတ္တာ အခါတော်နေ့ ခေါ်တာပေါ့။ ကောင်းလိုက်တာအစ်မရယ်။ အစ်မကို စပြီးတော့ ကျွန်တော် သတိထားမိတဲ့ ကားပေါ့နော်။ သတိထားမိတဲ့ကားက ‘ဂုဏ်ရည်



မေမြင့်ရီ၊ မေသဇင်၊ ကြည်စိုးထွန်း

မတူ’ ထင်တယ်အစ်မရဲ့။ ကျွန်တော်တို့ ကလေးဘဝကနော်။ အဲဒါအစ်မ စပါတာ ထင်တယ်။ အဲဒီတော့ အစ်မရုပ်ရှင်ထဲကို ဘယ်လိုနည်းနဲ့ ရောက်တယ်ဆိုတာ သိချင်ပါတယ် အစ်မရယ်။

**ဒေါ်မေလွင်။** ။ ရုပ်ရှင်ထဲကို ရောက်တာတော့ အစ်မရဲ့အဖေက ဦးတင်မောင်နဲ့ သူငယ်ချင်းဆိုတော့ သူက သူ့သူငယ်ချင်းကို အပ်တာပါ။ အပ်ပြီးတော့ မကြာခင်မှာပဲ ဖေဖေက ဆုံးသွားတယ်။ ဆုံးသွားတော့ ဦးတင်မောင်က ဆက်ပြီး အဖေနေရာမှာ စောင့်ရှောက်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်ကဲ့အစ်မ။

**ဒေါ်မေလွင်။** ။ ဦးတင်မောင် ပျိုးထောင်လို့ ဒီဘဝရောက်ခဲ့တာပါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ။ ကျွန်တော် ဖတ်ဖူးခဲ့တယ်။ အစ်မတို့အဖေက မီးရထားဝန်ထောက်လား မသိဘူး။

**ဒေါ်မေလွင်။** ။ ဟုတ်ပါတယ် မီးရထား အရာရှိပါ။


**ကြည်စိုးထွန်း။** ။ ဒါကတော့လေ အောဝမ်းခြံက ကျွန်တော့်ရဲ့ သူငယ်ချင်း မိတ်ဆွေတွေလို ဖြစ်နေတဲ့ ကိုမြင့်တို့၊ ကိုသိန်းတို့ ပြောပြတဲ့အခါကျတော့ သူတို့အဖေက ဦးလှဘူး။ ဦးလှဘူးနဲ့ အစ်မတို့အဖေတွေက လည်း ကျောင်းနေဖက်တွေ။



မေမြင့်ရီ

**ကြည်စိုးထွန်း။** ။ နောက်တစ်ခါ လူထုဦးလှ၊ လူထုဦးလှလည်း ကျောင်းနေဖက်တွေပါပဲနော်။ နောက်တစ်ခါ ဦးတင်မောင်ကလည်း ကျောင်းနေဖက်၊ နောက် ဦးအေးကြူခေါ်တဲ့။

**ဒေါ်မေလွင်။** ။ မင်းသား ဦးအေးကြူ။



မေသဇင်

**ကြည်စိုးထွန်း။** ။ မင်းသား ဦးအေးကြူလေ။ အဲဒါက ကိုသန်းတို့၊ ကိုသိန်းတို့ရဲ့ ဦးလေးဖြစ်သွားတာပေါ့။ နောက်တစ်ယောက်ရှိသေးတယ်အစ်မ။ ဒဂုန်မြတ်လေးနွယ်ဆိုတာ။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ အဲဒါက အစ်ကို အကြီးဆုံးပါ။ ကိုအေးကြူရဲ့ အစ်ကိုအကြီးဆုံးပါ။

**ကြည်စိုးထွန်း။** ။ အဲဒီ ညီအစ်ကိုတွေရော၊ အစ်မတို့အဖေရော၊ ဦးတင်မောင်ရော၊ နောက်တစ်ယောက် ပါသေးတယ်။ နောက်တစ်ယောက်ကတော့ နည်းနည်း ဂျူနီယာကျမယ်ထင်တယ်။

**ဒေါ်မေလွင်။** ။ ဦးလေး ကိုလှဖေလေ။

**ကြည်စိုးထွန်း။** ။ ပြည်လှဖေလည်း ပါတယ်။ အဲဒါသူတို့က ဘောလုံးအဖွဲ့ဖွဲ့ပြီးတော့ ဂိုးစောင့်တာက ဘယ်သူလဲ အစ်မ။ အဲဒီမှာ ဂိုးဖမ်းကောင်းတယ် ပြောတာ ဘယ်သူလဲမသိဘူး။

**ဒေါ်မေလွင်။** ။ ကိုအေးကြူလည်း ဂိုးဖမ်းတာကောင်းပါတယ်။

**ကြည်စိုးထွန်း။** ။ မင်းသားကြီး ဦးအေးကြူပေါ့နော်။ အခုတော့ ဆုံးသွားပါပြီ၊ သူက ဂိုးဖမ်းတယ်။ ကျန်တဲ့ဟာက အစ်မတို့အဖေရယ်။

**ဒေါ်မေလွင်။** ။ အဖေကတော့ ဘောလုံးသမားပေါ့။

**ကြည်စိုးထွန်း။** ။ ဘယ်ကျောင်းမှာလဲ အစ်မ။

**ဒေါ်မေလွင်။** ။ဟိုက်စကူးကျောင်းမှာပါပဲ။ ဟိုအရင်အစကတည်းက အင်္ဂလိပ်လက်ထက်ကတည်းကပဲ။ နာမည်ကြီးတဲ့ ဟိုက်စကူးကျောင်းသားတွေပါသူတို့က။

**ကြည်စိုးထွန်း။** ။ တကယ့် Teenage ပေါ့နော်။ Teenage လောက်မှာ ခင်လာတဲ့ သူငယ်ချင်းတွေဆိုတော့ အဲဒီမှာတင် အောဝမ်းဦးတင်မောင်ကို အစ်မတို့အဖေ အစ်မတို့အဖေနာမည်က။

**ဒေါ်မေလွင်။** ။ ဦးငွေကိုင်။

**ကြည်စိုးထွန်း။** ။ ဦးငွေကိုင်က နေပြီးတော့ ငါ့သမီးလေးတော့ မင်းကြည့်ရှုစောင့်ရှောက်ပါဆိုပြီးတော့ အပ်လိုက်တာပေါ့နော်။ အဲဒီတော့ အစ်မက ဒီ အောဝမ်းခြံထဲ ရောက်လာရတာပေါ့။

**ဒေါ်မေလွင်။** ။ ဖေဖေဆုံးတော့ ဦးလေး ဦးတင်မောင်က အောဝမ်းခြံထဲမှာ ခေါ်ပြီးစောင့်ရှောက်ပါတယ်။ တစ်ခါတည်း လခစားအဖြစ်ထားပြီးတော့ သမီးတစ်ယောက်လို စောင့်ရှောက်ပါတယ်။

**ကြည်စိုးထွန်း။** ။ ကောင်းလိုက်တာ အစ်မရယ်၊ သူငယ်ချင်းတွေနော်၊ ငယ်ငယ်က သူငယ်ချင်းအချင်းချင်း ချစ်တဲ့အချစ်က ဩော် သူ့သားသမီး ငါစောင့်ရှောက်ရမှာပါလားဆိုတဲ့ အသိပေါ့နော်။ မြန်မာလူမျိုးတွေရဲ့ တစ်ဦးနဲ့တစ်ဦး စောင့်ရှောက်တတ်တဲ့ စိတ်ကလေးကတော့ တကယ် ကြည်နူးစရာ ကောင်းတာပေါ့နော်။ ဦးတင်မောင်နဲ့ အစ်မတို့အဖေနဲ့ သူငယ်ချင်းအချင်းချင်းကနေပြီးတော့ သမီးကလေးက အဖေဆုံးတာနဲ့ ကိုယ့်ဆီရောက်လာတဲ့အခါ ကိုယ်ကလည်း ကိုယ့်သမီးလေးလို သဘောထားပြီးတော့ လခစားပေး။ ဦးတင်မောင်ကလည်း ရုပ်ရှင်က ဝါသနာပါပြီး ရုပ်ရှင်ပဲလုပ်တတ်တဲ့အခါကျတော့ ဒီကလေးမလေးကို ရုပ်ရှင်ထဲ ထည့်လိုက်တာပေါ့။

**ဒေါ်မေလွင်။** ။ ဒီပညာပဲ သင်ပေးပါတယ်။ ကားရိုက်တဲ့အခါလည်း အထူးအထူးကို သင်ပြပါတယ်။ သူကိုယ်တိုင်ကို အမူအရာတွေ လုပ်ပြပြီးတော့ကို သင်ပေးပါတယ်။ မငြေးကလည်း ကြိုးကြိုးစားစားကို သူသင်ပေးတဲ့အတိုင်း လိုက်လုပ်လို့လည်း ဒီလို ထူးထူးချွန်ချွန် ဖြစ်တယ်လို့ ထင်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ် ဆရာကြီးကလည်း ကျွန်တော်ကြားသလောက်ပေါ့။ ဦးတင်မောင်ဟာ တပည့်သားမြေးအပေါ်မှာလည်း တကယ့်ကိုယ့်မိသားစုလို စောင့်ရှောက်တယ်၊ ဆက်ဆံတယ်ဆိုတာ။ ဦးဖိုးထောင်လေ။ ဦးဖိုးထောင် ပြောပြောပြတယ်။

**စာမျက်နှာ ၉ သို့** ■



မေလွင်



မေလှဲ့ဝင်း



မေချစ်

■ စာမျက်နှာ ၈ မှ

**ကြည်စိုးထွန်း။** ။သူကတော့ အာစရိလို့ခေါ်တယ်။ ဒါပေမဲ့ သူဌေးနဲ့ တပည့်တို့ မဟုတ်ဘဲနဲ့ တစ်ခါတည်း မိသားစုလို ဆက်ဆံတယ်။ သူတို့ကလည်း တစ်ခါတလေကျတော့ အစ်ကိုကြီးလို ဆိုးကြ နွဲ့ကြတာမျိုးတွေလည်း ရှိတယ်လို့ ကျွန်တော်က ကြားဖူးတယ်။ အဲဒီတော့ ဦးတင်မောင်ရဲ့ စိတ်ထားပြည့်ဝမှုကတော့ ကျွန်တော်တို့က ကြားဖူးနေတာဆိုတော့ ဦးတင်မောင်လို သူတော်ကောင်းဆီကို အစ်မ ရောက်ခဲ့တာလည်း တကယ်ဝမ်းသာစရာကောင်းပါတယ်။

**ဒေါ်မေလွင်။** ။တကယ့်ကျေးဇူးရှင်ကြီးပါ။

**ကြည်စိုးထွန်း။** ။ပရိသတ်အနေနဲ့ကလည်း "မေ"မင်းသမီးသစ်ကလေး တစ်ယောက်ကိုတော့ ကြည့်ခဲ့ကြရတာပေါ့နော်။ အဲဒီတော့ ကျွန်တော်သတိထားမိတာကတော့အစ်မရေ "ဂုဏ်ရည်မတူ"ပေါ့။ "ဂုဏ်ရည်မတူ"မှာအစ်မက "ဖာတစ်လုံးဦးခင်မောင်" ပေါ့နော်။ မင်းသားခင်မောင်ရဲ့ နှမ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ ကျွန်တော်သတိထားမိတာက 'စိန်စိန်'ဆိုတာ တစ်ယောက် ရှိသေးတယ်။ 'စိန်စိန်' ရယ် နောက်တစ်ခါ 'ဦးဘသစ်' ၊ 'ဦးဘသစ်'က လည်း ရုပ်ရှင်ဝါသနာကြီးတယ်။

**ကြည်စိုးထွန်း ။** ။ပန်းချီလည်း ဆွဲတယ်။ ဦးတင်မောင်ရော၊ ဦးသုခရော နှစ်ယောက်စလုံး မင်းသား ကိုခင်မောင်ကြီးကလည်း သင်ပါတယ်။ မမသစ်တို့ကလည်း သင်ပါတယ်။ သူတို့က ဝိုင်းဝန်းပြီးလုပ်လို့ မဌေးလည်း တော်တော်လေးကို အဆင်ပြေသွားပါတယ်။

**ကြည်စိုးထွန်း ။** ။ သိသာတယ်နော် အဲဒီမှာ ကို၊ မေလွင်ဆိုတာ သိသွားတယ်အစ်မရဲ့။ အမှန်ကတော့ အစ်မ နာမည်က။

**ဒေါ်မေလွင် ။** ။ မာမာဆွေ အဲဒီထဲမှာ။

**ကြည်စိုးထွန်း ။** ။ ဒါပေမဲ့ အစ်မရဲ့ နာမည် အရင်းက "မေလွင်" မဟုတ်ပါဘူး ။

**ဒေါ်မေလွင် ။** ။ မတင်အေး။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ အစ်မ။ နောက်တစ်ကားကျတော့ အစ်မ ဘာကားရိုက်ရလဲ။

**ဒေါ်မေလွင် ။** ။ အဲဒါပြီးတော့ ရာဇဝင်ကား ကိုအေးကြူနဲ့ မင်းသမီး ငါးယောက်နဲ့။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ အစ်မ မှတ်မိပြီ။

**ဒေါ်မေလွင် ။** ။ သံစုံသွင်းကား "ဘုမသိ ဘမသိ" လူရွှင်တော် ဒါရိုက်တာ ဦးအောင်မြတ်။

**ကြည်စိုးထွန်း ။** ။ ဦးအောင်မြတ်က ဖိုက်တင်တွေ ဘာတွေမှာ




"ဘုမသိ ဘမသိ"ဆိုတဲ့ကား။

**ကြည်စိုးထွန်း ။** ။ ကျွန်တော်သိတာတော့ အမျိုးသမီးနာမည်က "ဘု" ထင်တယ်။

**ဒေါ်မေလွင် ။** ။ ဟုတ်ကဲ့ မေသစ်က "ဘု" လုပ်ပါတယ်။ လား။

**ဒေါ်မေလွင် ။** ။ မကျသေးပါဘူး။

**ကြည်စိုးထွန်း ။** ။ဪ မကျသေးဘူး။ အဲဒီမှာတော့ တွေ့တွေ့နေကြပြီပေါ့။ သံယောဇဉ်တွေ ဖြစ်လာကြပြီပေါ့နော်။ အဲဒါပြီးတော့။ ကလဲ။

**ဒေါ်မေလွင် ။** ။ဒေါ်မေမြကသူဌေးသမီး၊ သူနဲ့ သဘောတူထားတာ။

**ကြည်စိုးထွန်း ။** ။ဪ အဲဒီလို ဇာတ်လမ်းလေး လုပ်ထားတာပေါ့။



ကိုသိန်းထွန်း



ကိုမြင့်



ပြည်လှဖေ



ကိုဌေးသစ်



ဒဂုံမြတ်လေးနွယ်

မိတ်ကပ်လည်းကောင်းတယ်။ သူ့သားတွေပေါ့ ကိုအောင်သန်းတို့၊ ကိုဌေးသစ်တို့။ ကိုဌေးသစ်ကတော့ ဒီမှာ မရှိတော့ပါဘူး။ ပြည်ပရောက်နေပြီ သူတို့ဆိုရင်လည်း အဖေ့အမွေကို ဆက်ခံနိုင်ကြတာပေါ့နော်။ ကိုအောင်သန်းဆို အခုထိ မိတ်ကပ်လုပ်နေတာ။

**ကြည်စိုးထွန်း ။** ။အဲဒီမှာ ဦးဘသစ်လည်း ကျွန်တော် တွေ့တယ်။ ဦးသုခတို့၊ ဦးခင်မောင်တို့၊ ဒေါ်မေသစ်တို့ကတော့ ဒါ Main Actor တွေပေါ့အစ်မ။ အဲဒီမှာ စပါရတော့ အစ်မ ဘယ့်နှယ်နေလဲ အမူအရာလုပ်ရတာ။

**ဒေါ်မေလွင် ။** ။ဒါလည်း ဦးတင်မောင်တို့၊ ဦးသုခတို့ရဲ့ ကျေးဇူးပါပဲ။ ဦးသုခက တော်တော်လေးကို သင်ပြပါတယ်။



ဆရာရွှေပြီးရင် ဦးအောင်မြတ်က ဖိုက်တင်ဒါရိုက်တာပေါ့။ ဒုတိယ ဖိုက်တင် ဒါရိုက်တာပေါ့။ ဒါပေမဲ့ သူက မြတ်သာဆိုပြီးတော့ လူရွှင်တော်လုပ်တော့ ဟာသလည်း သူက ပိုင်တယ်နဲ့ တူပါတယ်။

**ဒေါ်မေလွင် ။** ။ "မေ" မင်းသမီး ငါးယောက်နဲ့ အဲဒီမှာ။

**ကြည်စိုးထွန်း ။** ။ ပြောပါဦး အစ်မရယ်။ အဲဒါ ဘယ်သူတွေလဲ။

**ဒေါ်မေလွင် ။** ။ ဒေါ်မေသစ်ရယ်၊ ဒေါ်မေဆန်း၊ ဒေါ်မေမြ၊ ဒေါ်မေနွဲ့။

**ကြည်စိုးထွန်း ။** ။အဲ အစ်မ မေလွင်၊ "မေ" ငါးယောက်ပေါ့။ ပျော်စရာကြီးနေမှာပေါ့ ရိုက်ရတာ။

**ဒေါ်မေလွင်။** ။ရာဇဝင်ကား၊ တော်တော်လည်း ရယ်ရပါတယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ 'ဘု' သိလားဆိုတော့ 'ဘု' ကလည်းမသိဘူး။ အဘရောသိလားဆိုတော့ အဘကလည်း မသိဘူးဆိုတဲ့ကားနော်။

**ဒေါ်မေလွင် ။** ။ ဦးသာဂေါင်ကြီးက "ဘ" လုပ်တာကိုး။

**ကြည်စိုးထွန်း ။** ။ ဦးသာဂေါင်ကြီးကလည်း ရုပ်ရှင်ကင်မရာမန်းကြီးသာပြောတာ လူရွှင်တော်နေရာမှာ တအားအောင်မြင်တာပဲနော် အစ်မ၊ အစ်မတို့ ကျွန်တော် စဉ်းစားကြည့်တယ်။ အဲဒီခေတ်ကဆိုရင် တစ်ယောက်နဲ့ တစ်ယောက်ကလည်း တအားရင်းနှီးပြီးတော့ မိသားစုလိုဖြစ်ပြီးတော့ မင်းပါဦးကွာဆိုရင်လည်း ဝင်ပါကြတယ်လေ။ ကျွန်တော် သတိထားမိတာ အစ်မတို့ ကားတစ်ကားထဲမှာဆိုရင် အကယ်ဒမီ ရသွားတဲ့ ကင်မရာမန်း ဦးချစ်ဖွယ် သူက အစ်မတို့ ကားထဲမှာ ဝင်ပြီးတော့ သရုပ်ဆောင်တာလည်း ကျွန်တော်တို့ တွေ့ဖူးတယ်နော်။

**ဒေါ်မေလွင် ။** ။ လုပ်ပါတယ်။ ရာဇဝင်ဆိုလည်း သိကြားမင်းကြီးတွေ ဘာတွေ ဝင်လုပ်တယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ အစ်မ "ဘုမသိ ဘမသိ" ပြီးတော့။

**ဒေါ်မေလွင် ။** ။ "ချစ်မေမေ" စရိုက်တယ်။ ဦးချင်းစိန် ဒါရိုက်တာ ရွှေညာမောင်ပေါ့။ ဦးချင်းစိန်ရယ်၊ အမေနွဲ့ရယ်၊ ဦးသိန်းဇော်ရယ်၊ မဌေးရယ်။

**ကြည်စိုးထွန်း ။** ။ အဲဒီကျတော့ အစ်မ ဦးသိန်းဇော်နဲ့ အိမ်ထောင်ကျပြီ

**ဒေါ်မေလွင် ။** ။အဲဒါပြီးတော့ "ချစ်တေးသံ" ဆက်ပြီးတော့ ရိုက်ပါတယ်။

**ကြည်စိုးထွန်း ။** ။"ချစ်တေးသံ"ကဘယ်သူလဲ မသိဘူးအစ်မ။

**ဒေါ်မေလွင် ။** ။"ချစ်တေးသံ"လည်း ဒေါ်မေမြရယ်၊ ဦးသိန်းဇော်ရယ်၊ မဌေးရယ်ပါ။

**ကြည်စိုးထွန်း ။** ။အဲဒီမှာကရောပေါ့ပေါ့ပါးပါး ကားလေးပဲလား။

**ဒေါ်မေလွင် ။** ။ မဌေး မြင်းလှည်းတွေ ဘာတွေ မောင်းရတယ်။ အဲဒီမှာ မြင်းလှည်းမောင်းသမားလေး။

**ကြည်စိုးထွန်း ။** ။ မြင်းလှည်း မောင်းသမားလေးဆိုတော့ အဲဒါ။

**ဒေါ်မေလွင် ။** ။ ဘောင်းဘီဝတ်ပြီး မြင်းလှည်းမောင်းရတယ်။

**ကြည်စိုးထွန်း ။** ။ ယောကျ်ားစိတ်ပေါက်တာလား။

**ဒေါ်မေလွင် ။** ။ ယောကျ်ားစိတ်ပေါက်တာ မဟုတ်ပါဘူး။ မြင်းလှည်းမောင်းတဲ့အဖေက နေမကောင်းတော့ ယောကျ်ားလေးလို ဝတ်ခိုင်းပြီးတော့ မြင်းလှည်းမောင်းခိုင်းပါတယ်။ ဦးချင်းစိန်က အဖေကိုး။

**ကြည်စိုးထွန်း ။** ။ အဲဒီတော့ ကိုသိန်းဇော်က။

**ဒေါ်မေလွင် ။** ။ ကိုသိန်းဇော်က ရန်ကုန်ကနေ ပညာသင်ပြီး ပြန်လာရင်းက တွေ့ကြတာပါ။ ဒေါ်မေမြလည်း ပါပါတယ်။

**ကြည်စိုးထွန်း ။** ။ဒေါ်မေမြက ဘယ်နေရာ ဦးချင်းစိန်ကလည်း သူ့နေရာသူတော့ ရအောင် ယူမှာပေါ့နော်။

**ဒေါ်မေလွင် ။** ။ ဦးချင်းစိန်ကတော့ အိုက်တင် အတော်ကောင်းတာပဲ။

**ကြည်စိုးထွန်း ။** ။ အစ်မကလည်း ဦးချင်းစိန်အကြောင်းကို အစ်မ သိလား။ ကျွန်တော်တို့ ပထမဆုံးကား တစ်ကားမှာ ဆရာရွှေကနေပြီးတော့ သူ့ကို အရိုက်ခိုင်းတာ။ ဒီတက္ကသိုလ်ကျောင်းသားလေးကိုတော့ကွာ ဒီကောင် ဘယ်လောက် ရုပ်ရှင်ဝါသနာပါလဲ သိရအောင် ဆိုပြီးတော့ သူ့ကို သားရေပြားနဲ့လားမသိဘူး ရိုက်ခိုင်းတာ အစ်မရဲ့။ သုံးလေးရက်လောက် မထနိုင်ဘူးပြောတယ်။ ထနိုင်တဲ့နေ့ကို စတူဒီယို ရောက်လာတာတဲ့။ ရောက်လာတဲ့အခါကျမှ ဆရာရွှေက ဟာ ဒီကောင် တကယ်ဇွဲရှိတဲ့ ကောင်ဆိုပြီးတော့ အဲဒီမှာ သူ့ကို လက်စွဲဖြစ်သွားတာတဲ့ အစ်မရဲ့။ ဦးချင်းစိန်က အဲဒီလောက်ထိကို ဝါသနာပါတာ။ သူက၊ အဲဒီ လိုကြားဖူးတာပေါ့ အစ်မရယ် နော်။

**ဒေါ်မေလွင် ။** ။ သင်လည်း သိပ်သင်တာပဲ။ မောင်မြင့်အောင်တို့ မင်းသားဖြစ်ခါစကဆိုရင် သိပ်ကို ကြိုးကြိုးစားစားကို သင်တယ်။ ခြောက်တစ်လှည့် ချော့တစ်လှည့်နဲ့ကို သင်တာ တစ်ခါတည်း။

**ကြည်စိုးထွန်း ။** ။ ဟိုတုန်းက အောဝမ်းက ဒါရိုက်တာကြီးတွေက နော်။ အမူအရာကို လုပ်ပြရတာ။

**(ဆက်လက်ဖော်ပြပါမည်)**

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့

**မန္တလေး ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက အမရပူရမြို့နယ် အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးရှောင်မိဘပြည်သူများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး လိုက်လံထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်တွင် ယာယီကယ်ဆယ်ရေးစခန်းများ စီစဉ်ထားရှိသည့် ရှင်ပင်ဆပ်သွားဓမ္မာရုံ၊ မိုးကောင်းဓမ္မာရုံနှင့် ရန်အောင်မြင်ဓမ္မာရုံတို့ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အခြေခံစားသောက်ကုန် ငါးမျိုးအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများသည် ကျန်ရှိသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အခြေခံစားသောက်ကုန် ငါးမျိုးကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေ မှုအား ကြည့်ရှုကာ ရေဘေးရှောင် ပြည်သူများကို ကျန်းမာရေးအသိဖြင့် ဂရုပြုနေထိုင်ကြရန် ပြောကြားခဲ့ သည်။

အမရပူရမြို့နယ်အတွင်း ရွှေဂဲရေထိန်းတံခါးကျိုးပေါက်မှုဖြစ်စဉ်ကြောင့် အနိမ့်ပိုင်းရှိ ယာဉ်တော်ကျေးရွာအုပ်စု၊ ကျန်တန်းရပ်ကွက်၊ မှန်တန်းရပ်ကွက်၊ ဈေးချိုရပ်ကွက်၊ ရှမ်းကလေးကျွန်း ကျေးရွာအုပ်စု၊ ငယ်တိုးကျေးရွာအုပ်စု၊ အိုးတော်ရပ်ကွက် စသည်တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ ယနေ့အထိ အိမ်ခြေ ၂၉၉၇ အိမ်၊ အိမ်ထောင်စု ၃၆၆၂ စု စုစုပေါင်း ရေဘေးရှောင်ပြည်သူ ၁၄၄၀၀ ကျော်ကို ယာယီကယ်ဆယ်ရေးစခန်း ၃၀ တွင် ရွှေ့ပြောင်းစီစဉ်ထားရှိကာ နေထိုင်စားသောက်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒရှင်စာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄၉၅၉ ဦးရှိ



**ကြို့ပင်ကောက် ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ပထမအကြိမ် ထုတ်ပြန်ခဲ့သော မဲဆန္ဒရှင်စာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄၉၅၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ကွင်းဆင်းပညာပေး**

အဆိုပါ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ယမန်နေ့ နံနက်ပိုင်းက စတင်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းတောင်းဆိုခြင်း၊ မဲစာရင်းတွင် ပါဝင်သော အချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေများအလိုက် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်နေကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြောသည်။

ပန်းတင်ရပ်ကွက်နေ ဒေသခံပြည်သူ ဦးသက်နိုင်ဦးက ကျွန်တော့်အမြင်ကတော့ လက်ရှိမဲဆန္ဒရှင် ပြည်သူတွေမှာ မှတ်ပုံတင်မရှိသေးတာတွေ၊ ပျောက်ဆုံးပျက်စီးတာတွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ပေးနေတာတွေကို တွေ့နေရလို့ မဲဆန္ဒရှင်ပြည်သူတွေ အဲဒီအခွင့်အရေးတွေရနေတယ်။ အဲဒါကြောင့်မို့လို့ ပြည်သူတွေအနေနဲ့ မဲစာရင်းမှာပါတဲ့ ကိုယ့်ရဲ့ အချက်အလက်တွေကို စစ်ဆေးစေချင်တယ်၊ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်" ဟု ပြောသည်။

အဆိုပါမဲဆန္ဒရှင်စာရင်းများကို ယမန်နေ့မှ ဩဂုတ် ၇ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၄ ရက်ကြာ ထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်းမှာလည်း ဒုတိယအကြိမ် ၁၄ ရက်ကြာ ကြေညာသွားမည်ဖြစ်ရာ ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို မဲဆန္ဒရှင်ပြည်သူများ ဆောင်ရွက်ခွင့် ထပ်မံရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

○ ကော့သောင်းမြို့နယ်မှ

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းကို ပထမအကြိမ်အဖြစ် ဇူလိုင်၂၅ ရက်မှ ဩဂုတ် ၇ ရက် အထိ ၁၄ ရက်ကြာ ကပ်ထားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်း၌ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းစသည့် လုပ်ငန်းစဉ်(၃)မျိုးကို ဆောင်ရွက်နိုင်ကြောင်း၊ လိုအပ်သည့်ပုံစံများအား ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

မဲစာရင်းမှာ မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်ရာ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး(မပျက်မကွက်)လာရောက် ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ရပ်ကွက်/ကျေးရွာများရှိ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရပ်ကွက်နှင့် ကျေးရွားများအတွင်း နှိုးဆော်အသိပေးလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့နယ်တွင် ရပ်ကွက်နဲ့ကျေးရွာအုပ်စု၂၇ ခုရှိပြီး ရပ်ကွက်နှင့် ကျေးရွာမဲရုံ ၆၈ ရုံ၊ တပ်ရင်းတပ်ဖွဲ့များမှာ မဲရုံ လေးရုံ ၊ တပ်မတော်နှင့် ရပ်/ကျေးပေါင်းစပ်ထားသည့်မဲရုံ လေးရုံရှိကာ မြို့နယ်အတွင်း မဲရုံစုစုပေါင်း ၇၆ ရုံနှင့် တပ်မတော်နှင့်ပြည်သူအပါအဝင် မဲဆန္ဒရှင်ပေါင်း ၁၀၀၂၀၁ ဦးရှိကာ နိုဝင်ဘာ ၇ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မြစ်ကြီးနားခရိုင် မြို့နယ် ခြောက်မြို့နယ်တွင် မဲဆန္ဒရှင် ၃၅၀၀၀၀ ကျော်ရှိပြီး မဲရုံ ၂၇၉ ရုံ ဖွင့်လှစ်မည်

**မြစ်ကြီးနား ဇူလိုင် ၂၆**
၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်၌ မဲဆန္ဒရှင် ၃၅၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၂၇၉ ရုံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိ ဦးကျော်စိုးအောင်က ပြောသည်။

**မဲဆန္ဒရှင်ပေါင်း ၃၅၀၉၅၂ ဦးရှိ**

"မြစ်ကြီးနားခရိုင်အတွင်းက မြစ်ကြီးနားမြို့မှာ မဲဆန္ဒရှင်၂၂၀၉၁၈ ဦး၊ ဝိုင်းမော်မြို့နယ်အတွင်းမှာ ၈၃၁၆၄ ဦး၊ တနိုင်းမြို့နယ်မှာ ၃၀၃၄၁ ဦး၊ ချီဖွေမြို့နယ်မှာ ၁၁၃၅၆ ဦး၊ ဆော့လော်မြို့နယ်မှာ ၄၂၂၃ ဦးနဲ့ အင်ဂျန်းယန်မြို့နယ်မှာ ၉၅၀ စုစုပေါင်းမဲဆန္ဒရှင်ပေါင်း ၃၅၀၉၅၂ ဦးရှိပြီး မဲရုံပေါင်းကတော့ ၂၇၉ ရုံ တည်ဆောက်သွားမှာပါ။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာတော့ မြို့နယ်ခြောက် မြို့နယ်မှာ မဲဆန္ဒရှင် ၂၈၉၀၀၀ ကျော်ရှိပြီး မဲရုံအရေအတွက်ကတော့ ၂၅၀ တည်ဆောက်ပေးခဲ့တာပါ"ဟု ၎င်းကဆက်လက်ပြောပြသည်။

မဲဆန္ဒရှင်စာရင်းများအား မြစ်ကြီးနားမြို့ရှိ ရပ်ကွက်/ကျေးရွာများတွင် ယမန်နေ့မှ စတင်၍ ကြေညာထားရှိပြီး ဩဂုတ် ၇ ရက် အထိ ၁၄ ရက်ကြာ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# သီပေါမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာ

**သီပေါ ဇူလိုင် ၂၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ အုပ်စုရှိ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၁၁၄ ရုံးတို့၌ ၂၀၂၀ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ယမန်နေ့မှစတင်၍ ပထမအကြိမ်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများက ယမန်နေ့မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်ပြီး မဲစာရင်းတွင် နာမည်မပါခြင်း၊ မှားယွင်းနေသည့်အချက်များကို ပြင်ဆင်ခြင်းနှင့် မပါဝင်သင့်သူများကို ပယ်ဖျက်ခြင်း စသည့်လုပ်ငန်းစဉ်များကို မဲစာရင်းပြင်ဆင်ခြင်းပုံစံ (၃)၊ (၄ )နှင့် (၄-က) တို့ဖြင့် လာရောက်ပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းပါရှိသူများသာ မဲပေးခွင့်ရရှိမည်ဖြစ်သဖြင့် မဲစာရင်းများကို လာရောက်ကြည့်ရှုရန်နှင့် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိပြီး မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၁၁၄ ခုတို့၌ မဲရုံပေါင်း ၁၁၄ ရုံဖွင့်လှစ်ဆောင်ရွက်ရန်စီစဉ်ထားရှိကာ လတ်တလော စာရင်းများကောက်ယူရရှိချက်အရ အသက် ၁၈ နှစ်နှင့်အထက် ၁၄၀၀၀၀ ကျော်နှင့် ၁၀ နှစ်အောက် ၅၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြဝတီမြို့ရှိ ကျေးရွာ ရှစ်ရွာတွင် ငွေကျပ် သိန်း ၁၇၀၀ ဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်မည်

**မြဝတီ ဇူလိုင် ၂၆**
နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို အထောက်အကူပြုစေရန်နှင့် ရရှိသည့်ငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်စေရန်အတွက် ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျေးရွာ ရှစ်ရွာတွင် ငွေကျပ် သိန်း ၁၇၀၀ ဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီစီမံကိန်းကို အိမ်ခြေ ၅၀ ရှိတဲ့ရွာကို ငွေကျပ် သိန်း ၁၀၀၊ အိမ်ခြေ ၁၀၀ ရှိတဲ့ရွာကို ငွေကျပ် သိန်း ၂၀၀၊ အိမ်ခြေ ၁၀၀ နဲ့အထက်ရှိတဲ့ ရွာတွေကို ငွေကျပ် သိန်း ၃၀၀ ဆိုပြီး မတည်ရန်ပုံငွေအဖြစ် ခွဲဝေချထားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေဝင်းက ပြောသည်။

အဆိုပါ ကျေးရွာများတွင် ရရှိငွေများအား စနစ်တကျအသုံးပြုနိုင်စေရေးအတွက် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဇူလိုင် ၂၂ ရက်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာများသို့ စီမံခန့်ခွဲမှုငွေစာရင်း သင်တန်းပေးခဲ့ပြီးဖြစ်ကြောင်း မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေစိုးက ပြောသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# အကျင့်ပျက်ခြစားမှုစွဲချက်နှင့်စပ်လျဉ်း၍ တရားရုံးသို့လာရောက်အစစ်ဆေးခံရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား ဂျေရုဆလင်ခရိုင်တရားရုံးက အကြောင်းကြား




**ဂျေရုဆလင် ဇူလိုင် ၂၆**

အကျင့်ပျက်ခြစားမှုစွဲချက်ဖြင့် တရားစွဲခံထားရသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား ဒီဇင်ဘာ ၆ ရက်တွင် တရားရုံးသို့ လာရောက်အစစ်ဆေးခံရန် ဂျေရုဆလင်ခရိုင်တရားရုံးက ယနေ့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုနှင့် အမှန်တရားကို ပျက်ပြားစေမှုအပါအဝင် နေတန်ယာဟုအပေါ် စွဲချက်တင်ထားသည့် စွပ်စွဲချက်များကို ဖြေကြားပေးရန်အလို့ငှာ တရားရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးရာတွင် နေတန်ယာဟုရှိနေရန် လိုအပ်ကြောင်းလည်း ဂျေရုဆလင်ခရိုင်တရားရုံးက ပြောကြားခဲ့သည်။ အဆိုပါ စွပ်စွဲချက်သုံးခုတွင် ပါဝင်ပတ်သက်နေသည့် တရားပြိုင်သုံးဦးကိုလည်း ရုံးထိုင်ကြားနာစစ်ဆေးရာသို့ လာရောက်အစစ်ဆေးခံရန် အကြောင်းကြားထားကြောင်း ယင်းတရားရုံးက ဆိုသည်။

အစ္စရေးနိုင်ငံ၏သမိုင်းတွင် ဝန်ကြီးချုပ် နေတန်ယာဟုသည် ရုံးတင်စစ်ဆေးခံရသည့်ပထမဆုံးသောဝန်ကြီးချုပ် ဖြစ်လာခဲ့ပြီး ပြဿနာပတ်လည်ဝိုင်းနေသည့် နေတန်ယာဟုသည် စီးပွားရေးအကျပ်အတည်းနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ကိုင်တွယ်ဖြေရှင်းရေးတို့နှင့် စပ်လျဉ်း၍ အများပြည်သူတို့၏ အမျက်ဒေါသထွက်မှုနှင့် ရင်ဆိုင်နေရသည်။

ဇူလိုင် ၂၅ ရက်ညပိုင်းက နိုင်ငံတစ်ဝန်း နေတန်ယာဟုအား ဆန့်ကျင်သည့်ဆန္ဒပြမှုများတွင် လူအများအပြားကို ဖမ်းဆီးခဲ့ကြောင်းလည်း အစ္စရေးရဲတပ်ဖွဲ့က ယနေ့ ပြောကြားခဲ့သည်။ ဂျေရုဆလင်ရှိ ဝန်ကြီးချုပ်နေအိမ်ပြင်ပတွင် လူပေါင်းထောင်ချီ ဆန္ဒပြခဲ့ကြကြောင်းနှင့် များသောအားဖြင့် အစ္စရေးနိုင်ငံ၏ လမ်းဆုံနေရာများတွင် ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး သံသယလူနာတွေ့ရှိမှုကြောင့် မြောက်ကိုရီးယားက အရေးပေါ်အခြေအနေ ကြေညာ

**ဆိုးလ် ဇူလိုင် ၂၆**



ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည်ဟု သံသယရှိသူတစ်ဦးသည် တောင်ကိုရီးယားနိုင်ငံမှ မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ နယ်စပ်မှတရားမဝင် ဝင်ရောက်ခဲ့ပြီးနောက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ ဖော်ပြခဲ့သည်။

**အရေးပေါ်အခြေအနေ ကြေညာခဲ့**

အဆိုပါ ပြည်တော်ပြန်၌ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ပါက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိဟု အတည်ပြုထားသော မြောက်ကိုရီးယားအာဏာပိုင်များဝန်ခံသည့် ပထမဆုံးသော တရားဝင် ကူးစက်မှုဖြစ်လာမည်ဖြစ်သည်။ ကင်ဂျုံအန်က အရေးပေါ်အခြေအနေ ကြေညာကာ နယ်စပ်မြို့ ကေဆောင်၌ သွားလာမှုကန့်သတ်ခဲ့သည့်အပြင် မြောက်ကိုရီးယားနိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုး ကူးစက်လာနိုင်ခြင်းကြောင့် အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန KCNA က ဖော်ပြခဲ့သည်။

KCNA ၏ဖော်ပြချက်အရ လွန်ခဲ့သောသုံးနှစ်က တောင်ကိုရီးယားနိုင်ငံသို့ ဘက်ပြောင်းသွားခဲ့သည့် ဗိုင်းရပ်စ်လက္ခဏာရှိသူတစ်ဦးမှာ ဇူလိုင် ၁၉ ရက်တွင် ကိုရီးယားနှစ်နိုင်ငံအား ပိုင်းခြားထားသည့်နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ကာ ဝင်ရောက်လာသည့်အတွက် ကေဆောင်မြို့တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

၎င်းအား စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်းရှိ မရှိ KCNA က ဖော်ပြမထားသော်လည်း ၎င်းအား သီးခြားခွဲနေခိုင်းကာ အခြားသူများနှင့် ထိတွေ့ခဲ့ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးနေသည်ဟု ဆိုသည်။ မြောက်ကိုရီးယားနိုင်ငံက ရုရှားနှင့် အခြားနိုင်ငံများထံမှ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရေးကိရိယာအများအပြားရရှိခဲ့ပြီး တင်းကျပ်သော နယ်စပ်ပိတ်ဆို့မှုများ ပြုလုပ်ထားသည်။ မြောက်ကိုရီးယားပြည်သူထောင်နှင့်ချီ၍ သီးခြားခွဲထားရှိခဲ့သော်လည်း မကြာသေးမီကကန့်သတ်ချက်များ ဖြေလျှော့ခဲ့သည်။

ပြည်တော်ပြန် ဖြတ်ကျော်ခဲ့ရာ နယ်စပ်တစ်လျှောက်ရှိ စစ်ဘက်တပ်ဖွဲ့များကို စုံစမ်းစစ်ဆေးမှုပြုလုပ်ကာ ပြင်းထန်သော ပြစ်ဒဏ်ပေးရန်နှင့် လိုအပ်သော အစီအမံများ ဆောင်ရွက်ရန် ကင်ဂျုံအန်က ညွှန်ကြားခဲ့သည်။

**ကိုးကား- သည်စထရိတ်တိုင်းမ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# တောင်အာဖရိက ကုန်သွယ်ရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ဂျိုဟန်နက်စဘတ်ဂ် ဇူလိုင် ၂၆**

တောင်အာဖရိက ကုန်သွယ်ရေးဝန်ကြီး အီဘရာဟင်ပါတယ်လ်တွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ရာ အာဖရိကတိုက်၏ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအများဆုံးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသည့် စတုတ္ထမြောက်ဝန်ကြီးဖြစ်လာခဲ့ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

အသက် ၅၈ နှစ်အရွယ် ပါတယ်လ်သည် ဇူလိုင် ၂၅ ရက်တွင် စစ်ဆေးမှုရလဒ်များ လက်ခံရရှိခဲ့ကြောင်း တောင်အာဖရိက အစိုးရအဖွဲ့ ပြောခွင့်ရအမျိုးသမီး ဖူမလာဝီလီယမ်က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။ "ဝန်ကြီး ပါတယ်လ်က ကျန်းမာရေးကောင်းမွန်ပြီး သီးခြားခွဲနေလျက်ရှိကာ နေအိမ်ကနေ ဆက်လက် တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်" ဟု ဝီလီယမ်က ဆိုသည်။ ဝန်ကြီး ပါတယ်လ်နှင့် ထိတွေ့ခဲ့သူများအနေဖြင့် သီးခြားခွဲနေကြရန်နှင့် စစ်ဆေးမှုပြုလုပ်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယနှင့် ရုရှားပြီးလျှင် ကမ္ဘာပေါ်တွင် ပဉ္စမမြောက်ကူးစက်မှုအမြင့်ဆုံး တောင်အာဖရိကနိုင်ငံ၌ အစိုးရဝန်ကြီးလေးဦးနှင့် လွှတ်တော်အမတ် အများအပြား ဗိုင်းရပ်စ်ကူးစက်ခံထားရသည်။ ပြီးခဲ့သည့်သီတင်းပတ်က အသက် ၆၁ နှစ်အရွယ် အလုပ်သမားဝန်ကြီး သူလပ်စ်နီစီနှင့် အသက် ၆၅ နှစ် အရွယ် သတ္တုတွင်းဝန်ကြီး ဂွီဒီမန်တာရှီတို့အား ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသော ကာကွယ်ရေးဝန်ကြီး နိုစီဗီဝီမာပီဆာနာကူလာမှာ ရောဂါပိုးကင်းစင်လာခဲ့ပြီဟု သိရသည်။ လက်ရှိအချိန်ထိ တောင်အာဖရိကနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၃၄၂၀၀ နှင့် သေဆုံးသူ ၆၆၅၅ ဦးထက်မနည်း ရှိသည်။

**ကိုးကား--အေအက်ဖ်ပီ**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# မြေထဲပင်လယ်၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု အီဂျစ်နှင့် ပြင်သစ် ပြုလုပ်



**ကိုင်ရို ဇူလိုင် ၂၆**

အီဂျစ်နှင့် ပြင်သစ်ရေတပ်သည် မြေထဲပင်လယ်ဒေသရှိ အီဂျစ်ပိုင်နက်ရေပြင်၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း အီဂျစ်တပ်မတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အီဂျစ်နှင့် ပြင်သစ်ရေတပ်မှ ရေဒါရှောင်ကွင်းနိုင်စွမ်းရှိသည့် အမြန်စစ်သင်္ဘောတစ်စင်းစီ ပါဝင်ကြောင်း အီဂျစ် တပ်မတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တိုက်ခိုက်ရေးမစ်ရှင်တစ်ခု အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နည်းလမ်းများနှင့် နှစ်နိုင်ငံရေတပ်များအနေဖြင့် ရေပြင်နှင့် ဝေဟင်ဆိုင်ရာ တိုက်ပွဲများ၌ အံဝင်ခွင်ကျတိုက်ခိုက်နိုင်ရေးအတွက် အဓိကရည်ရွယ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် စစ်ရေးလေ့ကျင့်မှု၌ ပါဝင်သော တပ်ဖွဲ့ဝင်များ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်ရန်၊ နှစ်နိုင်ငံအကြား စစ်ပညာကျွမ်းကျင်မှုများကို ဖလှယ်ရန်နှင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်လည်း ရည်ရွယ်ကြောင်း အီဂျစ်တပ်မတော် ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

အီဂျစ်တပ်မတော်သည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ရန် အလားတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အခြားနိုင်ငံများနှင့် ပုံမှန်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အီဂျစ်နှင့် ပြင်သစ်နိုင်ငံတို့အကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးသည် မကြာသေးမီနှစ်များမှစ၍ တိုးတက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် အီဂျစ်နိုင်ငံက ပြင်သစ်လုပ် စစ်သင်္ဘောနှစ်စင်းကို ဝယ်ယူခဲ့သည့်အပြင် ရာဖေးဂျက်တိုက်လေယာဉ် ၁၁ စင်းကိုလည်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

အီဂျစ်အစိုးရသည် အဆိုပါ ဂျက်တိုက်လေယာဉ် ၁၁ စင်းကို ပြင်သစ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ခန့်တန်ဖိုးရှိ ရာဖေးဂျက်တိုက်လေယာဉ် ၂၄ စင်း ဝယ်ယူရေးဆိုင်ရာ အရောင်းအဝယ်စာချုပ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

# ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရို ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာ



**ဆော်ပိုလို ဇူလိုင် ၂၆**

မကြာသေးမီက ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသော ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုသည် ယမန်နေ့တွင် ထပ်မံဆေးစစ်မှုခံယူခဲ့ရာ ဗိုင်းရပ်စ်ပိုးကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကင်းစင်သွားပြီဟု ၎င်း၏တွစ်တာစာမျက်နှာတွင် သမ္မတ ဘိုလ်ဆိုနာရိုက ယနေ့ ရေးသားထားကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ဗိုင်းရပ်စ်ကူးစက်ခြင်းခံခဲ့ရပြီးနောက် သမ္မတ ဘိုလ်ဆိုနာရိုသည် သမ္မတအိမ်တော်၌ သီးခြားခွဲ၍နေထိုင်ခဲ့ပြီး အလုပ်တာဝန်များကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဗိုင်းရပ်စ် ကူးစက်ခြင်းခံထားရသော်လည်း သမ္မတ ဘိုလ်ဆိုနာရိုက ၎င်း၏ ထောက်ခံသူများနှင့် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအရ ခပ်ခွာခွာမှ နေပြီး မကြာခဏတွေ့ဆုံလေ့ရှိခဲ့သည်။


ဗိုင်းရပ်စ်ကူးပိုးကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် သမ္မတ ဘိုလ်ဆိုနာရိုသည် သမ္မတအိမ်တော်မှ ၎င်း၏နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သည်။ ဗိုင်းရပ်စ်ပိုး ကင်းစင်လာသည့်အတွက် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဘိုလ်ဆိုနာရိုက ပြည်သူများအား ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂ ဒသမ ၄ သန်းရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူအများဆုံး နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၈၆၀၀၀ ရှိပြီး နိုင်ငံ၏ ဆင်းရဲသောဒေသများသည် ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားရကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ပင်လယ်ရေတွင် အလွယ်တကူ ပျော်ဝင်ပျက်စီးနိုင်သော ပလတ်စတစ်အိတ်များ ဂျပန်ကုမ္ပဏီများ တီထွင်အောင်မြင်



**တိုကျို ဇူလိုင် ၂၆**

ဂျပန်ကုမ္ပဏီများက ပင်လယ်ရေတွင် အလွယ်တကူ ပျော်ဝင်ပျက်စီးနိုင်သော ပလတ်စတစ်အိတ်များကို စမ်းသပ်တီထွင် အောင်မြင်ခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပင်လယ်သမုဒ္ဒရာများ၌ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ရေနေသတ္တဝါများ သေကျေပျက်စီးရပြီး ဂေဟစနစ်များ ပျက်စီးဆုံးရှုံးရခြင်းကို ကာကွယ်သည့်အနေဖြင့် အဆိုပါ ပလတ်စတစ်အိတ်များကို တီထွင်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်သမုဒ္ဒရာအတွင်း ပျော်ဝင်ပျက်စီးနိုင်သည့် ပလတ်စတစ်အိတ်များကို မစ်ဆူဘီရှိဓာတုဗေဒကုမ္ပဏီနှင့် ပလတ်စတစ်အလှအိတ်များ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုတို့က ဆန်းသစ်တီထွင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပလတ်စတစ်အိတ်များ ပြုလုပ်ရာတွင် ကြံပင်ကဲ့သို့သော အပင်များကို အဓိကထည့်သွင်းပြုလုပ်ထားသည်။ ယင်းပလတ်စတစ်အိတ်များသည် ပင်လယ်ရေအတွင်း အလုံးစုံပျော်ဝင်ပျက်စီးရန် အချိန်တစ်နှစ်ခန့်သာ ကြာမြင့်နိုင်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ဆိုသည်။

သို့သော် အဆိုပါပလတ်စတစ်အိတ်များကို ထုတ်လုပ်ရာတွင် အဆင့်မြင့်နည်းပညာများလိုအပ်ပြီး လက်ရှိအသုံးပြုလျက်ရှိသော ပလတ်စတစ်အိတ်များထက် ခြောက်ဆခန့် ငွေကုန်ကျမှုရှိနိုင်သည်ဟု ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပင်လယ်ရေအောက် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ရေနေသတ္တဝါများ သေကျေပျက်စီးမှုကို ကာကွယ်ရန် ပင်လယ်ရေတွင်ပျော်ဝင်နိုင်သော အဆိုပါပလတ်စတစ်အိတ်များကို ပြည်သူများအနေဖြင့် အသုံးပြုစေလိုကြောင်း မစ်ဆူဘီရှိဓာတုဗေဒကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အလားတူ အဆိုပါပလတ်စတစ် အမျိုးအစားကဲ့သို့သော အခြား ပလတ်စတစ်အိတ်တစ်မျိုးကို ဖူကူဆူကီကိုဂျိုကုမ္ပဏီက ဂန်းမားတက္ကသိုလ်နှင့် ပူးပေါင်းပြီး ဆန်းသစ်တီထွင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ပလတ်စတစ်အိတ် အသုံးပြုမှု လျော့ကျစေရန် ရည်ရွယ်သည့်အနေဖြင့် ဈေးဝယ်သူများအား ပလတ်စတစ်အိတ်၏ အခကြေးငွေအတွက်ပါ တောင်းခံရန် လက်လီဖြန့်ချိသူများကို ဂျပန်အစိုးရက ယခုလအစောပိုင်းတွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# နိုင်ဂျီးရီးယားနိုင်ငံက ရထားပို့ဆောင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၉ ရက်တွင် စတင်မည်

**အဘူဂျာ ဇူလိုင် ၂၆**

နိုင်ဂျီးရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့သည့် နိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းများကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ရိုတီမီအာမေချီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ မြို့တော်အဘူဂျာနှင့် ကဒူနာပြေးဆွဲသည့် ရထားပို့ဆောင်ရေးလုပ်ငန်းများကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတားဆီးရေးအတွက် မတ်လနောက်ပိုင်းကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်တွင် အဆိုပါ ရထားပို့ဆောင်ရေးလုပ်ငန်းများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရထားစီးခရီးသည်များ ဘေးကင်းလုံခြုံသော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်လည်း လုံလောက်သည့် အစီအမံများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၃၃ ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၂၉၁၁၇၂ ဦးရှိလာ

**တီဟီရန် ဇူလိုင် ၂၆**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၃၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၁၁၇၂ ဦး ရှိလာကြောင်း အီရန်အစိုးရက ယနေ့ အတည်ပြုပြောကြားသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၃၃၃ ဦးအနက် ၁၂၈၂ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စီမာဆာဒတ်လာရီက ယနေ့ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၁၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၁၅၇၀၀ ရှိလာကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံးအနက် ၂၅၃၂၁၃ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး ကိုဗစ်-၁၉ လူနာ ၃၆၉၅ ဦးသာ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်းတွင် ယနေ့အထိ လူဦးရေ ၂၃၂၇၈၅၀ တို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သို့သော် အီရန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၁၂ ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မြင့်မားနေဆဲဖြစ်ပြီး အဆိုပါ ပြည်နယ်နှင့် ဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအတွက် အန္တရာယ်များသော အနေအထားတွင်ရှိကြောင်း စီမာဆာဒတ်လာရီက ထပ်လောင်းပြောကြားသည်။

အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိ ခဲ့ပြီး အဆိုပါ ရောဂါတိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် အချင်းချင်း ကမ်းလှမ်းခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၆၂၃၂၉၅ ဦး

သေဆုံးသူ
၆၄၉၁၃၆ ဦး

ပြန်လည်ကျန်းမာလာသူ
၉၉၃၃၁၈၂ ဦး

# ပေကျင်း၌ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အပြည့်အဝ ပြန်လည်စတင်

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ဘတ်စ်ကားများနှင့် မြေအောက်မီးရထားလုပ်ငန်းများကို အပြည့်အဝ ပြန်လည်စတင်ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

မြေအောက်မီးရထားစီးခရီးသည်အရေအတွက်ကို ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခွင့်ပြုပေးခဲ့သည့်အပြင် ဘတ်စ်ကားစီးခရီးသည်အရေအတွက်ကိုလည်း ၉၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခွင့်ပြုပေးခဲ့ကြောင်း ပေကျင်းမြို့တော် သယ်ယူပို့ဆောင်ရေးကော်မရှင်က ပြောကြားခဲ့သည်။

ခရီးသည်များအနေဖြင့် ဘတ်စ်ကားများနှင့် မြေအောက်မီးရထားများပေါ်တွင် နှာခေါင်းစည်း ဝတ်ဆင်ခြင်းကို မဖြစ်မနေ ပြုလုပ်ရမည်ဖြစ်ကြောင်းလည်း ပေကျင်းမြို့တော် သယ်ယူပို့ဆောင်ရေးကော်မရှင်က ပြောကြားခဲ့သည်။

ပေကျင်းသည် ဇူလိုင် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူမရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ယင်းမှာ ပေကျင်း၌ ၁၉ ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိခဲ့ခြင်းဖြစ်သည်။ ပေကျင်းသည် ဇူလိုင် ၂၀ ရက်က ၁၄ ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါအရေးပေါ်အခြေအနေဆိုင်ရာ တုံ့ပြန်မှုကို အဆင့် ၂ မှ အဆင့် ၃ သို့ လျှော့ချခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၆၅ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇူလိုင် ၂၆**

ရုရှားနိုင်ငံ၌ ယနေ့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၆၅ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၂၄၈၅ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၇၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၂၆၉ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ယနေ့ထုတ်ပြန်ထားသည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် မြို့တော်မော်စကို၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၇၉၄၇ ဦး ရှိလာကြောင်း သိရသည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့်မြို့ဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၃၁၁၀ တို့သည် တစ်ရက်အတွင်း ရောဂါကင်းစင်ခဲ့ကြရာ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၀၀၂၅၀ ရှိလာကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ရောဂါကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိပြီး ဇူလိုင် ၂၅ ရက်အထိ တစ်နိုင်ငံလုံးတွင် လူဦးရေ ၂၆ ဒသမ ၉ သန်းကျော်၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ လောလောဆယ် လူနာ ၂၆၄၉၈၀ သာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ အရပ်သား ရှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

**ဒမတ်စကတ် ဇူလိုင် ၂၆**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဟာဆာကက်ရှ်ပြည်နယ်အတွင်းရှိ သူပုန်များ သိမ်းယူထားသည့် ဒေသ၌ ကားဗုံးပေါက်ကွဲမှုတစ်ခု ယနေ့ဖြစ်ပွားခဲ့ရာ အရပ်သား ရှစ်ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင် ဆာနားသတင်းဌာနက သတင်းထုတ်ပြန်သည်။

တူရကီတပ်ဖွဲ့များနှင့် တူရကီက ထောက်ခံအားပေးသည့် သူပုန်များ ထိန်းချုပ်ထားသည့် ဟာဆာကက်ရှ်ပြည်နယ် ကျေးလက်ပိုင်းရှိ ရာ့စ်အယ်လ်အန်မြို့ရှိ ဈေးနေရာတွင် အဆိုပါကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ယင်းပေါက်ကွဲမှုကြောင့် အမျိုးသမီးနှင့် ကလေးများပါ သေဆုံးခဲ့ကြောင်း ဆာနားသတင်းတွင် ဖော်ပြသည်။

ယင်းကားဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရသူ အများအပြားရှိပြီး အခြေအနေမှာ စိုးရိမ်ဖွယ်ရှိကြောင်း ဆာနားသတင်းတွင် ဆက်လက်ဖော်ပြသည်။

ဇွန်လအတွင်းကလည်း အဆိုပါမြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးနှင့် အရပ်သား သုံးဦး သေဆုံးခဲ့ရသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိဒေသများတွင် ရာ့စ်အယ်လ်အန်မြို့တို့အား တူရကီတပ်ဖွဲ့များက ထိန်းချုပ်ထားသည်။ ဆီးရီးယားနိုင်ငံတွင်းရှိ ကာ့ဒ်သူပုန်တပ်ဖွဲ့များအား ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း၌ တူရကီတပ်ဖွဲ့များက ထိုးစစ်ဆင်မှုများအပြီးတွင် အဆိုပါဒေသအား ဆက်လက်ထိန်းချုပ်ထားခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဇော်ဝင်း**



# ဗီယက်နမ်၌ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲခရီးစဉ် အတောအတွင်း ဘတ်စ်ကားတိမ်းမှောက်ပြီး ၁၃ ဦးသေဆုံး

**ဟနွိုင်း ဇူလိုင် ၂၆**

ဗီယက်နမ်နိုင်ငံ၌ အထက်တန်းကျောင်းသားဟောင်းများ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ယနေ့တိမ်းမှောက်ခဲ့ရာ ကျောင်းသားဟောင်း ၁၃ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားပေါ် စီးနင်းလိုက်ပါသည့် ကျောင်းသားဟောင်း ၄၀ နီးပါးသည် ဗီယက်နမ်နိုင်ငံ ဒေါင်ဟွိုင်း အထက်တန်းကျောင်းများမှ ကျောင်းသားဟောင်းများဖြစ်ကြပြီး ၎င်းတို့ဘွဲ့ရရှိခဲ့သည့် နှစ် ၃၀ ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိတ်ဆုံစားပွဲအတွက် ပြန်လည်ဆုံစည်းခဲ့ကြကာ နိုင်ငံ၏အလယ်ပိုင်း ကွန်ဘင့်ပြည်နယ်သို့ ခရီးထွက်ခွာလာစဉ် ယခုကဲ့သို့ မတော်တဆမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဘတ်စ်ကားတိမ်းမှောက်မှုတွင် ၁၃ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ အမြန်လမ်းမကြီး၏ ကုန်းဆင်းဘက်သို့ သွားနေစဉ် ကားဘရိတ်ချွတ်ယွင်းမှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ယာဉ်ပေါ်လိုက်ပါသည့် မျက်မြင်သက်သေများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမခြောက်လပတ်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူ ၃၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ သေနတ်သမားများ သတ်ဖြတ်မှုကြောင့် လယ်သမား ၂၀ ထက်မနည်း သေဆုံး

**ခါတွမ် ဇူလိုင် ၂၆**

စစ်ပွဲကာလနှင့် နှစ်ပေါင်းများစွာ ကြုံတွေ့နေရသည့် ဆူဒန်နိုင်ငံ ဒါဖာဒေသတွင်း၌ ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေများသို့ နှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့ကြသည့် ကလေးများအပါအဝင် လယ်သမား ၂၀ ထက်မနည်းအား သေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ယင်းဒေသမှ လူမျိုးစုအကြီးအကဲတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

နှစ်ပေါင်းများစွာ စစ်ပွဲများဖြစ်ပွားနေသည့် ဒါဖာဒေသတွင်း၌ မူလပိုင်ရှင်လယ်သမားများနှင့် ၎င်းတို့ပိုင်မြေများအား သိမ်းယူခဲ့သူတို့အကြားတွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် လွန်ခဲ့သည့် နှစ်လအတွင်း၌ ဆူဒန်အစိုးရက စည်းရုံးလုပ်ဆောင်ခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးမှုများအရ မူလမြေယာပိုင်ရှင်များသည် ၎င်းတို့ပိုင် လယ်မြေများသို့ သွားရောက်ရန် သဘောတူညီမှု ရရှိ



ခဲ့သော်လည်း ဇူလိုင် ၂၄ ရက်တွင် သေနတ်သမားများက အဆိုပါဒေသသို့ ရောက်ရှိလာပြီး သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်များအပါအဝင် လူ ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ်သည် ဒါဖာပြည်နယ်မြို့တော် ညာလာ၏တောင်ဘက် ကီလိုမီတာ ၉၀ ခန့်အကွာရှိ အဘူဒို့ဒေသ၌ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပစ်ခတ်တိုက်ခိုက်မှုအတွင်း အခြားလူ ၂၀ တို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း လူမျိုးစုအကြီးအကဲက ပြောကြားသည်။

ဒဏ်ရာရရှိသူအချို့၏ အခြေအနေမှာ ဆိုးရွားသည့်အတွက် သေဆုံးမှုအရေအတွက်မှာ တိုးမြှင့်လာဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ ဒါဖာဒေသတွင်ဖြစ်ပွားခဲ့သောလက်နက်ကိုင် ပဋိပက္ခများအတွင်း လူပေါင်း သုံးသိန်းကျော် သေဆုံးခဲ့ရပြီး နေအိမ်များအား စွန့်ခွာထွက်ပြေးသူဦးရေမှာ ၂ ဒသမ ၅ သန်းရှိကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- ဇော်ဝင်း**

# ဆားလင်းကြီးနှင့် ကျိုက်ထိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများအား တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

ဆားလင်းကြီးမြို့နယ် ကြေးစင်တောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာ သွားကားလမ်း မိုင်တိုင်အမှတ် (၅/၀)လမ်းဆုံအနီးရှိ ဆီဆိုင်အနီး၌ ရပ်တန့်ထားသည့် ယာဉ်သုံးစီးအား စစ်ဆေးရန် သွားရောက်စဉ် မောင်းနှင်ထွက်ပြေးကြသဖြင့် လိုက်လံဖမ်းဆီးရာ ခိုင်ပူ မောင်းနှင်၍ ထန်လိုက်ဆွမ်းခုပ် လိုက်ပါလာသည့် ယာဉ်ကို ဝါးတန်းကျေးရွာအတွင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ်ပေါ်မှ ငွေကျပ် သိန်း ၇၇၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၇ ဒသမ ၇ ကီလိုအား လည်းကောင်း။

ဆက်လက်၍ အဆိုပါ ကျေးရွာအနီး ထွန်းမြတ်သူ မောင်းနှင်ပြီး အောင်ကိုလတ်၊ ကျော်သက်လှိုင်နှင့် ထန်တင်းလွယ်တို့ လိုက်ပါလာသည့် ယာဉ်အား လည်းကောင်း။

မွန်းလွဲပိုင်းတွင် ကလေးမြို့နယ် ချောင်းဝ ပူးပေါင်းစစ်ဆေးရေးစခန်း၌ မန်ဆွမ်းလျန် မောင်းနှင်ပြီး ကမ်ခတ်ပေါင်၊ ထန်လျန်တွောင်နှင့် မောင်သခင်တို့ လိုက်ပါလာသည့် ယာဉ်အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် စွပ်ပွန်းကျေးရွာ ခလွန်-စွပ်ပွန်း-မုပ္ပလင်သွား ကျေးရွာချင်းဆက်လမ်းဘေးတွင် အမိုနီယမ် နိုက်ထရိတ် ကီလို ၄၄၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

❐

# ဘားအံမြို့ ဇွဲကပင်တောင်ပေါ်၌ ကေဘယ်ကြိုးစောင့် လုပ်ကိုင်သူနှစ်ဦးအား သေဆုံးလျက်တွေ့ရှိ

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်တောင်ပေါ်ရှိ အဏ္ဏဝါဆောင်တွင် ယနေ့နံနက်ပိုင်းက လင်မယား နှစ်ဦးအား သေဆုံးလျက်တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွဲကပင်တောင်ပေါ်တွင် သီတင်းသုံး နေထိုင်သော ဦးဇင်းဥူးနန္ဒသည် နံနက် ၈ နာရီခွဲခန့်က အဏ္ဏဝါဆောင်အား ဝင်ရောက်ကြည့်ရှုရာ ဇွဲကပင်ကေဘယ်ကားစီမံကိန်း ကေဘယ်ကြိုးစောင့် လုပ်ကိုင်သူ လင်မယား ရန်ရှင်းအောင်နှင့် ဇနီးဖြစ်သူ နန်းအိအိသွယ် တို့နှစ်ဦးမှာ အဆောင်အတွင်း သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်နေရာသို့ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဏ္ဏဝါဆောင်အတွင်း ရန်ရှင်းအောင်မှာ ခန္ဓာကိုယ်အပေါ်ပိုင်း ညိုမဲကာ ခတ်ကြိုးများနှင့်ထိလျက် ဇနီးဖြစ်သူ နန်းအိအိသွယ်မှာ အပေါ်ပိုင်းညိုမဲ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သေမှုသေခင်းရေးဖွင့်၍ ရဲဆေးစာဖြင့် ပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဘားအံ)သို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**တမူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား နေ့စဉ်အပြင် အပတ်စဉ် စနေ/တနင်္ဂနွေ ရုံးပိတ်ရက်များပါ ဆောင်ရွက်ပေးလျက်ရှိရာ မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**

# မိုင်းယုမြို့၌ ဝိုင်ယာရှော့ဖြစ်ရာမှ ဂိုဒေါင်တစ်လုံး မီးလောင်

**မိုင်းယု ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ မြို့မရပ်ကွက်ရှိ ဧရတ်ခြံအတွင်း စိုက်ပျိုးရေးသုံးပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်တစ်လုံး ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်နန်းဖုန်း၏ ဂိုဒေါင်အတွင်းရှိ စိုက်ပျိုးရေးသုံး ကျူရိုးများနှင့် သုံးဘီးဆိုင်ကယ်အဟောင်းသုံးစီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

# လှိုင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၂၆**

လှိုင်မြို့နယ် (၁၃)ရပ်ကွက် အင်းစိန်လမ်း လှိုင်မြို့မရဲစခန်းဝင်း ဓမ္မာရုံ၌ ဇူလိုင် ၂၁ ရက်တွင် လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့် လှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူးဉာဏ်ထွန်းတို့က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ရပ်ကွက်တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **၁၄၅**

## ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ တိုင်းရင်းသားရေးရာ အချပ်ပို(ခ)တွင် ဖော်ပြပါရှိသည့် ရှမ်းအနွယ်ဖွား ပအိုဝ်းများ ကဗျာခေါင်းစဉ်ကို **ပြည်ထောင်စုဖွား ပအိုဝ်းများ**ဟု လည်းကောင်း၊ ပထမကော်လံ ပထမပိုဒ်အား **တိုင်းရင်းသား အနွယ်ဝင်တစ်ခုမှာ ပအိုဝ်းတို့လည်း ပါဝင်တာ** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံပါသည်။

**စာတည်းအဖွဲ့**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %)သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များအားလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများ ဖြစ်သည့်ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**



# တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီး



**တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီးပေးဖို့ လိုပါတယ်။ တိတ်တခိုးဝင်လာသူတွေက Quarantine မဝင်ကြဘူး။ ရောဂါပိုးရှိနေရင် အခြားသူများစွာကို ကူးစက်သွားနိုင်ပါတယ်။ Contact tracing ၊ ထိတွေ့မှုကြောင့် ရောဂါကူးသွားနိုင်ဖွယ်ရှိသူများကို စုံစမ်းရှာဖွေ Quarantine သွင်းရတဲ့အလုပ်ဟာ နိုင်ငံအတွက် ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းစေဖို့ မဖြစ်မနေထမ်းရတဲ့ဝန်ပါ။**

**တရားမဝင် ဝင်လာသူများ၊ ထိုကဲ့သို့ ဝင်လာခြင်းကို သိလျက်နဲ့ လက်သင့်ခံသူများ၊ ဖုံးကွယ်ထားသူများကို ဥပဒေအရ တင်းကျပ်စွာ အရေးယူပါမယ်။ ဒီလို အများအတွက် အန္တရာယ်ရှိတဲ့လုပ်ရပ်မျိုး အကြောင်းသိလျှင် ရပ်ကျေးအုပ်ချုပ်ရေးကို အမြန်ဆုံး အသိပေးပါ။ ဒီလိုအသိပေးတာ တစ်ပါးသူကို ချောက်တွန်းရာ မရောက်ပါဘူး။ အပြစ်မဲ့အများသူငါ ရောဂါချောက်ထဲမကျအောင် ကာကွယ်ပေးတာဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်ကူညီထောက်ပံ့ငွေအား ပြည်သူများလက်ဝယ်ပေးအပ်

**ရန်ကုန်  ဇူလိုင်  ၂၆**
ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်က အခြေခံလူတန်းစားများအား အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၂၀၀၀၀ နှုန်း ကူညီထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

နိုင်ငံတော်က ပေးအပ်သော ကူညီထောက်ပံ့ငွေများကို ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် ယနေ့ အိမ်ထောင်စု ၉၉၆၈ စုကို ပေးအပ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ပြီးခဲ့သောဧပြီလတွင်းက ပထမအကြိမ် အခြေခံစားသောက်ကုန်ငါးမျိုးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကူညီထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကိုလည်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထပ်မံကူညီထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ကူညီထောက်ပံ့ပေးရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း သေချာစိစစ်ပြီး သတ်မှတ်ပြည်သူများလက်ဝယ် မှန်ကန်စွာရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်စိန်လွင်၊ ဓာတ်ပုံ- မင်းထက်**

## နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ



**ကော့သောင်း  ဇူလိုင်  ၂၆**
ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသားများ တာဝန်လွှဲပြောင်းမှု ပြုလုပ်ရန် MV Stavanger ပင်လယ်ကူးသင်္ဘောမှထွက်လာသည့် နေရပ်ပြန်မြန်မာ သင်္ဘောသား ၁၈ ဦး ယမန်နေ့ညနေပိုင်းက ကော့သောင်းမြို့မဆိပ်ကမ်းမှတစ်ဆင့် ဝင်ရောက်လာရာ ကော့သောင်းမြို့ ဟိုတယ်၌ ကန့်သတ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း သိရသည်။

သင်္ဘောပေါ်မှထွက်လာသည့် အဆိုပါမြန်မာသင်္ဘောသား ၁၈ ဦးသည် ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးအောင်ဆန်းညွှန့်ပါ မြန်မာသင်္ဘောသား ၁၈ ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

အဆိုပါသင်္ဘောသည် Sea Wind Maritime Services Co.,Ltd. မှ ကုန်စည်ပို့ဆောင်သည့် သင်္ဘောဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့ မွန်းလွဲပိုင်းကရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောပေါ်မှ မြန်မာသင်္ဘောသား ၁၈ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့ရှိ ဟိုတယ်တွင် ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများအား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကိုဗစ်-၁၉ ကာလတွင် စီးပွားရေးကုစားမှုအနေဖြင့် လူသုံးကုန်လက်တွေ့လုပ်ငန်းခွင်သင်တန်းပို့ချ

**ပဲခူး  ဇူလိုင်  ၂၆**
ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာလတွင် စီးပွားရေးကုစားမှုအစီအစဉ်အဖြစ် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အရှေ့ရွှေကျင်ကျောင်းတိုက်၌ ဇူလိုင် ၂၂ ရက်တွင် လူသုံးကုန်လက်တွေ့လုပ်ငန်းခွင်သင်တန်း ပို့ချပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးမောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာမ ဒေါ်မြတ်သန္တာအေးက ဆပ်ပြာရည်အမျိုးမျိုး၊ လက်သန့်ဆေးရည်ထုတ်လုပ်နည်းတို့ကို စံထိပ်ထားအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား ၃၅ ဦးအား ခြောက်ရက်ကြာ ရက်တိုသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများက မိမိကိုယ်တိုင်ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လုပ်ငန်းမှတ်ပုံတင်ရရှိနိုင်ရန် အဆိုပါသမဝါယမအသင်းလီမိတက်မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## ပြည်သူသာလျှင် အဓိက

❖ "ပြည်သူသာလျှင် အဓိက"
အတိအကျ စည်းကမ်းလိုက်နာ။
❖ ကိုရိုနာ ကပ်ရောဂါဘေး
ကင်းဝေးစေမှာ။
❖ ပြင်ပထွက်ခွာ...၊
နှာခေါင်း၊ ပါးစပ်စည်းကိုယ်စီတပ်ကြစို့။
❖ လက်တွေကို မှန်မှန်ဆေးပါလို့
ဘေးဘယာ၊ ဝေးကွာရအောင်
လိုက်နာကြစို့။
❖ ပြည်သူတွေ စည်းကမ်းရှိပါမှ
ကိုရိုနာရောဂါ ကင်းဝေးမှာ။
❖ အရေးကြီးကိစ္စမှ တစ်ပါး
အသွား၊ အလာ ဆင်ခြင်ပါ။
❖ တစ်ဦးနှင့် တစ်ယောက် ခြောက်ပေအကွာ
ခပ်ခွာခွာလေးနေကြစို့။
❖ "ပြည်သူသာလျှင် အဓိက"
အတိအကျ စည်းကမ်းရှိပါမှ
ကိုရိုနာကပ်ရောဂါဘေး...၊
ကင်းဝေးမည်ဗျို့။...။

မြင့်မိုရ်ဦး (ပဲခူး)

# ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀ ရှိပြီ

**နေပြည်တော်  ဇူလိုင်  ၂၆**
ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀ ရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး ဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ဦးရေ ၂၉၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၇၂ ဦးနှင့် ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၂ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၀၅၂၆ | ၃၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၆၇၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၇၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထား၍ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၅၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန    ၂၆–၇–၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၄၃၂၇၆၇၃ | ၂၀၆၁၇၇၇ | ၁၄၉၄၉၀ |
| ဘရာဇီး | ၂၃၉၆၄၃၄ | ၁၆၁၇၄၈၀ | ၈၆၄၉၆ |
| အိန္ဒိယ | ၁၄၁၂၅၆၉ | ၉၀၂၃၆၇ | ၃၂၃၅၉ |
| ရုရှား | ၈၁၂၄၈၅ | ၆၀၀၂၅၀ | ၁၃၂၆၉ |
| တောင်အာဖရိက | ၄၃၄၂၀၀ | ၂၆၃၀၅၄ | ၆၆၅၅ |
| မက္ကဆီကို | ၃၈၅၀၃၆ | ၂၄၇၁၇၈ | ၄၃၃၇၄ |
| ပီရူး | ၃၇၉၈၈၄ | ၂၆၃၁၃၀ | ၁၈၀၃၀ |
| ချီလီ | ၃၄၃၅၉၂ | ၃၁၆၁၆၉ | ၉၀၂၀ |
| စပိန် | ၃၁၉၅၀၁ | စိစစ်ဆဲ | ၂၈၄၃၂ |
| ဗြိတိန် | ၂၉၈၆၈၁ | စိစစ်ဆဲ | ၄၅၇၃၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၈၇၇၈ | ၅၆၆၅၅ | ၄၇၈၁ |
| ဖိလစ်ပိုင် | ၈၀၄၄၈ | ၂၆၁၁၀ | ၁၉၃၂ |
| စင်ကာပူ | ၅၀၃၆၉ | ၄၅၃၅၂ | ၂၇ |
| မလေးရှား | ၈၈၉၇ | ၈၆၀၀ | ၁၂၄ |
| ထိုင်း | ၃၂၉၁ | ၃၁၀၉ | ၅၈ |
| ဗီယက်နမ် | ၄၂၀ | ၃၆၅ | ၀ |
| မြန်မာ | ၃၅၀ | ၂၉၀ | ၆ |
| ကမ္ဘောဒီးယား | ၂၂၅ | ၁၄၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |



## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၀ ဆက်လက်ဝင်ရောက်

**မြဝတီ  ဇူလိုင် ၂၆**
ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၀ သည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ် ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများမှာ မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှယနေ့အထိ ၁၆၇၇၈ ဦး စုစုပေါင်း ၅၃၇၉၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၉၇ ဦး၊ အမျိုးသမီး ၂၂၃ ဦး စုစုပေါင်း ၅၂၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေး ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၅၁၄၂၆ စုအတွက် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန်  ဇူလိုင် ၂၆**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို ရပ်ကွက်ကိုယ်စားပြု အုပ်ချုပ်ရေးမှူးများက ရပ်ကွက် ၃၂ ရပ်ကွက်မှ အိမ်ထောင်စု ၅၁၄၂၆ စုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယမန်နေ့နှင့် ယနေ့တို့တွင် ပေးအပ်ခဲ့ကြကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်စံဝင်းတို့က ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၅၁၄၂၆ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်စုစုပေါင်း ကျပ် ၁၀၂၈၅၂၀၀၀၀ ကို ဇူလိုင် ၂၄ ရက် ညနေပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရပ်ကွက်ကိုယ်စားပြု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေစဉ် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့မှုများ ပေးအပ်လျက်ရှိရာ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီနှင့် ဆားအပြင် မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများကို ဧပြီလအတွင်းက ပထမအကြိမ်အဖြစ် ခွဲဝေပေးအပ်ခဲ့ကြောင်းလည်း သိရသည်။ **စိုးမြင့်အောင်**

# မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ် ကျေးရွာများရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**မကွေး ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှန်တစ်လုံး၊ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသ ကြီး ရေနံချောင်းမြို့နယ် ရုံးဆိပ်ကြီးကျေးရွာတွင် ကျင်းပသည့် ရေနံချောင်းနှင့် ချောက်မြို့နယ် ကျေးရွာများရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ စားနပ်ရိက္ခာထုပ်များ ပြည်သူ့လက်ဝယ် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက ဦးစိုးညွန့်လွင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ် (အထက်မြန်မာပြည်) တာဝန်ခံအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းနှင့် ဝန်ထမ်းများက ရေနံချောင်းမြို့နယ် ရုံးဆိပ်ကျေးရွာအတွက် ရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ရွှေရောင်လက်များပရဟိတအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်းတို့ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရုံးဆိပ်ကျေးရွာ ဆရာတော် ဦးဝေပုလ္လတို့ထံသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ် ရုံးဆိပ်ကျေးရွာ၊ ကြီးမြင်(တောင်)ကျေးရွာ၊ ကြီးမြင်(မြောက်)ကျေးရွာ၊ စိန်ပန်းပင်ရွာများရှိ အခြေခံပြည်သူ ၃၀၀ အား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဒေသရှိ တောင်သူလယ်သမားများ၏ ခိုင်းနွားများအတွက် လိုအပ်လျက်ရှိသည့်အစာများ ဝယ်ယူပို့ဆောင်ရန်အတွက် ရေနံချောင်းမြို့နယ်ရှိ ရုံးဆိပ်ကျေးရွာတွင် ငွေကျပ် သိန်း ၁၀၀၊ ပဲ၊ နှမ်းဖတ်၊ ဖွဲနုများဝယ်ယူရန်အတွက် ငွေကျပ် ၇၅၀၀၀၀၊ ကောင်းမွန်ကုမ္ပဏီက သိန်း ၅၀ တန်ဖိုးရှိ နေဗီယာမြက်ဧက ၂၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## ဗိုလ်တထောင်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၁၂၀၈ စုအတွက် ထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၆**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်၌ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလ၌ တတိယအကြိမ်ထောက်ပံ့မှုအနေဖြင့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယနေ့နံနက် ၉ နာရီက ပြည်သူတို့၏လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဗိုလ်တထောင်မြို့နယ်တွင် တတိယအကြိမ်ထောက်ပံ့မှုအနေဖြင့် ရပ်ကွက် (၁၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၂၀၈ စုအတွက် ထောက်ပံ့ငွေကျပ် ၂၄၁၆၀၀၀၀ ကို ပြည်သူများထံ ပေးခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးနှင့် ဦးသန်းထိုက်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဝင်များထံ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(ဗိုလ်တထောင်)**

## နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်

**လားရှိုး ဇူလိုင် ၂၆**
တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၁၁၁ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၁၁ ဦးတို့တွင် ကချင်ပြည်နယ်မှ လေးဦး၊ ချင်းပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၁ ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ရှစ်ဦး၊ နေပြည်တော်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၁ ဦးတို့ဖြစ်သည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၆ ရက်မှ ဇူလိုင် ၂၆ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၈၃၄၁ ဦး၊ အမျိုးသမီး ၅၂၄၂ ဦး စုစုပေါင်း ၁၃၅၈၃ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇူလိုင် ၂၆**
ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၃ ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲ က ကိုးဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၂၂ ဦးတို့အား ထပ်မံ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။



အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ၂၂ ဦးတွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ သုံးဦး၊ တန့်ဆည်မြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ သုံးဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ ၁၃ ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၉၄ ဦးနှင့် အမျိုးသမီး ၆၁၂၃ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၇၁၇ ဦးတို့ကို စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

*** ဂျော်ဒန်မှ**
စီစဉ်ပေးမှုအရ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး စင်ကာပူမြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၈၃၁ ဦးအား ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# တောင်သမန်ကျောက်တော်ကြီး

## ဆူးငှက်

''...ခရာတံပိုး၊ မရိုးလက်မြှောက်
တီးတောက်သာမြွေ၊ မင်းခလေ့ဖြင့်
ပျော်မွေ့ဖွယ်ချည်း၊ နရည်းခံရာ
သံဝါကြည်ဟည်း၊ ဝေးနီအုတ်အုတ်
ပဇ္ဇုန်ရုတ်သို့ ...''

အမရပူရ နန်းစံ ပုဂံမင်းကား ကြက်တိုက်၊ ငှက်တိုက်၊ တိရစ္ဆာန်ချင်း ရင်ဆိုင်တိုက်စေသည့် ပွဲလမ်းများနှင့်အတူ အပျော်အပါး သဘင်ပွဲတို့၌ ပျော်မွေ့ပုံမှာ ပြောစမှတ်ဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကူးအတာရေဖျန်း သဘင်ကိုလည်း ဝှဲချီး၍ ပျော်ပျော်ကြီး ဆင်နွှဲသည်။ ပုံမှန် ထုံးစံ အကြို၊ အကျ၊ အကြတ်၊ အတက်...ဟူ၍ လေးရက်သာ ကျင်းပလေ့ရှိသော အတာပွဲကို ရက်ပေါင်းလေးဆယ်၊ လေးဆယ့်ငါးရက်ကြာ ဆင်နွှဲ၏။ နံနက်မိုးသောက်လေတိုင်း မြန်မာပြည်တစ်ဝက် သိမ်းပိုက်ထားသော အင်္ဂလိပ်တို့ အရေး၊ စိုးရိမ်တကြီးနှင့်အတူ တိုင်းရေးပြည်ရာများ စိတ်ဝင်တစားနှင့် မေးမြန်းဖို့ သတိမရအားဘဲ ဒီကနေ့ ဘာတိရစ္ဆာန် တိုက်ပွဲများ စီမံထားလေသလဲဆိုတာကိုသာ အလောတကြီး မေးမြန်းသည့်ဘုရင်ဖြစ်သည်။

### အမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးရှိစွာ

မြန်မာရာဇဝင်၌ အလိုရမ္မက်လောဘကြီးမား၊ ကောက်ကျစ်ရမ်းကားသော ရှင်ဘုရင်အများစု၊ ရှေးရှေးဘုန်းကံရှိ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အပေါ် စီမံအုပ်ချုပ်လေသော တရားမင်းကောင်းမင်းမြတ်တို့၏ နှလုံးသည်းပွတ်မှ အမှန်ယိုစီးလာသည့် သဒ္ဓါစိတ်ဖြင့် ပြန်အပ်သော ကုသိုလ်ကောင်းမှုတို့ကို 'အကာ' သဘောသာ အတုယူကာ ဘုရားတည် ကျောင်းဆောက်အလုပ်တို့ကို 'ဟန်ပြ' လုပ်ကြသည်ချည်းဖြစ်သည်။ ထိုနည်းတူ ပုဂံမင်းသည်လည်း တစ်ဖက်က အပျော်အပါး လောင်းကစားဖြင့် အချိန်ကုန်ခြင်း ပြယုဂ်အား ကျောင်းဆောက်ဘုရားတည် ကုသိုလ်ဖြင့် အသည်းအသန် ဖုံးအုပ်ခဲ့ပါ၏။ မည်သို့ပင်ဆိုစေ...၊ ထိုပြုခြင်းများကား အမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးရှိစွာ ကျန်ရစ်ခဲ့သည်ချည်းဖြစ်သည်။

ပုဂံမင်းက အမရပူရ ရွှေမြို့တော် အနောက်မျက်နှာ ဗားကရာတိုက်တွင် ကျောင်းဦးပြာသာဒ်နှင့်တကွ ဝေယံဘုံသာဘွဲ့ချီ ကျောင်းတော်ကြီးနှင့် အခြားကျောင်းတိုက်နှစ်ဆယ့်နှစ်တိုက်။ အမရပူရစန္ဒာမုနိဘုရား ဝန်းကျင်ကျောင်းငါးကျောင်း၊ အာသောကာရာမကျောင်းတိုက်အတွင်း ကျောင်းရံများ၊ အမရပူရရွှေမြို့တော် မြောက်ဘက် ယခင်မင်္ဂလာအိမ်တော်နေရာ မဟာလောကရံသီ စေတီတော်နှင့် ဒဂုံမြို့အိမ်တော်နေရာ စေတီတော်၊ အဝမြို့မှ လောကသရဖူစေတီတော် ပြင်ဆင်ခြင်း၊ စစ်ကိုင်း ထူပါရုံစေတီတော်၊ ရှင်ပင်ဆိပ်ပေါက်စေတီတော်၊ ဆပ်သွားစေတီတော်များ ပြင်ဆင်ခြင်းကုသိုလ်တို့ဆောင်ရွက်ခဲ့သည်။

### ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ဒုတိယအကြီးဆုံး

ပုဂံမင်း၏ ကုသိုလ်များအနက် ဘကြီးတော်ဖြစ်သူ စစ်ကိုင်းမင်းက အဝမြို့တွင် တည်ထားကိုးကွယ်ခဲ့၍ ပုဂံမင်းလက်ထက်တွင် ချုံနွယ်ပိတ်ပေါင်းများအကြား ယိုယွင်းနေသော မဟာသကျရံသီ ရုပ်ပွားတော်ကြီးကို အမရပူရသို့ ပြန်လည်ပင့်ဆောင်ကာ ဂန္ဓကုဋိတိုက်တော်သစ်တွင် စံမြန်းကိုးကွယ်ခဲ့သော ကုသိုလ်က ထင်ရှားသည်။ ဘကြီးတော်(စစ်ကိုင်းမင်း)၏ ကောင်းမှု မဟာသကျရံသီ ရုပ်ပွားတော်ကြီးသည် ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ဒုတိယအကြီးဆုံး၊ စကျင်ကျောက်ဖြူဆင်းတုတော်ကြီးဖြစ်၏။ ညောင်ရမ်းခေတ်နှောင်းကာလ တနင်္ဂနွေမင်း (၁၇၁၄-၃၃)လက်ထက်တွင်အမြင့်ဉာဏ်တော် ၁၂တောင် (၂၉) ပေရှိ ကျောက်သားရုပ်ပွားတော်ကြီးကို မဟာရတနာမာရ်အောင်ဘွဲ့ချီကာ ထုလုပ်ခဲ့ရာ မပြီးမြောက်ဘဲ သားတော် မဟာဓမ္မရာဇဓိပတိလက်ထက်တွင် 'လောကသရဖူ' ကမ္ပည်းတင်၍ အင်းဝမြို့တွင် တည်ထားကိုးကွယ်ခဲ့သော စကျင်ကျောက်ဖြူရုပ်ပွားတော်ကြီးက ကနဦးပထမဖြစ်သည်။ ဘကြီးတော် (စစ်ကိုင်းမင်း) လက်ထက် (၁၈၃၀ခုနှစ်) တွင် ဉာဏ်တော် ၁၇ပေရှိ မဟာသကျရံသီ ဆင်းတုတော်ကို စကျင်ကျောက်ဖြူသားဖြင့် ထုလုပ်ကာ အင်းဝတွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

### မင်းခလေ့ဖြင့် ပျော်မွေ့ဖွယ်ချည်း

ပုဂံမင်းက ထိုရုပ်ပွားတော်ကိုအမရပူရသို့ ပြန်လည်ပင့်ဆောင်ရာတွင် ခမ်းနားကြီးကျယ်သော အဆောင်အယောင်ပွဲလမ်းများဖြင့် ပင့်ဆောင်ခဲ့ခြင်းဖြစ်၏။ သက္ကရာဇ် ၁၂၁၁ ခု (ခရစ် ၁၈၄၉)၊ နယုန်လဆန်း ၁၄ ရက်နေ့တွင် လှေအမှုထမ်း ၃၀၀၀ ကျော်ကို ကျောက်မော်မြို့စား ဝန်ကြီး မင်းလှသီဟသူ၊ ပန်းပဲဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူတို့ကို ကြီးကြပ်စေကာ အင်းဝသို့စေလွှတ်၍ ပြိုပျက်နေသော အုတ်ပြာသာဒ်အတွင်းမှ မဟာသကျရံသီ ရုပ်ပွားတော်ကို ပင့်ဆောင်စေသည်။ ရုပ်ပွားတော်မြတ် ဖောင်တော်ပေါ် ရောက်ကြောင်း ကြားသိသည်နှင့် ပုဂံမင်းက သက္ကရာဇ် ၁၂၁၁ ခု၊ ဝါဆိုလပြည့်ကျော် ဖရက် နေ့တွင် ဆရာတော် သံဃာတော်တို့ကို သမ္ဗန်တော်များတွင် ပင့်တင်၍ ရှေးဦးရှေးဖျား ကြွတော်မူပုံကို ''...ခရာတံပိုး၊ မရိုးလက်မြှောက်၊ တီးတောက်သာမြွေ၊ မင်းခလေ့ဖြင့်၊ ပျော်မွေ့ဖွယ်ချည်း၊ နရည်းခံရာ ...'' ဟူသော မှတ်တမ်းတွင် ကမ္ပည်းတင်ခဲ့သည်။

### တောင်သမန်အင်းအတွင်း ရေကြီးရေတက်ချိန်ခါ

အင်းဝမြို့တော်ဟောင်းမှ ပင့်ဆောင်လာသော မဟာသကျရံသီ ဆင်းတုတော်တင် ဖောင်တော်နှင့် ဖောင်တော်လှေတော် အများအပြားသည် ရေခင်းသဘင် အခင်းအကျင်းဖြင့် ဧရာဝတီမြစ်အတွင်းမှ တောင်သမန်အင်းအတွင်း ရေကြီးရေတက်ချိန်ခါနှင့် ချိန်သားကိုက် ဝင်ရောက်လာသည်။ (ထိုအချိန်၌ တောင်သမန်အင်းအတွင်း ဦးပိန်တံတားဆောက်လုပ်၍ မပြီးစီးသေးပုံပေါ်သည်။ (ဦးပိန်တံတားက ၁၂၁၁ ခုနှစ်တွင် စတင်ဆောက်လုပ်သော်လည်း ၁၂၁၃ ခုနှစ်မှ အလုံးစုံပြီးသည်) ဦးပိန်တံတား ဆောက်လုပ်ပြီးစီးသောအခါ ပြည်ကြီးမွန်စသော ဘုရင့်ဖောင်တော်ကြီးများ၊ လှေတော်ကြီးများ အလွယ်တကူ ဖြတ်သန်းလှော်ခတ်နိုင်ရန်အတွက် အခင်းပျဉ်ချပ်တို့ကို အလွယ်တကူ ဖြုတ်နိုင်တင်နိုင်သည့် ဖောင်ကြောင်း ကိုးကြောင်းလည်း ထည့်သွင်းထားရှိသည်။

### တောင်သမန်သံတဲ၏ အနောက်ဘက်

ပုဂံမင်းက 'မဟာသကျရံသီ' ဆင်းတုတော်ကို တောင်သမန်အင်းအရှေ့မြောက်အရပ်ရှိ ပြန့်ပြူးသော မြေနေရာတွင် ဂန္ဓကုဋိတိုက်တော်အသစ် ဆောက်လုပ်ကာ တည်ထားသည်။ ထိုနေရာကား ဘိုးတော်ဘုရားလက်ထက် သံတမန်များထားရှိသည့် တောင်သမန်သံတဲ၏ အနောက်ဘက်ဖြစ်သည်။ (ယခု သံတမန်များ၏ တောင်သမန်သံတဲနေရာက မိုးကြီးလျှင် ရေနစ်မြုပ်လေ့ရှိသော ရတနာပုံတက္ကသိုလ်ဖြစ်နေပြီ။) သကျရံသီဆင်းတုတော် ကိန်းဝပ်သော ကျောင်းတော်ကို ပုဂံမြို့ရှိ အာနန္ဒာဘုရားပုံစံကို ယူ၍ တည်ဆောက်ထား၏။ ဂူဘုရားပုံစံရှိကာ တောင်သမန်ကျောက်တော်ကြီးဘုရားဟုသာ လူသိများသည်။ တောင်သမန်ကျောက်တော်ကြီးကို ဦးဆောင်တည်ဆောက်သူမှာ ပန်းပဲအတွင်းဝန် သတိုးမင်းကြီး မင်းလှကျော်သူဖြစ်သည်။ နာမည်ကျော် ဗိသုကာကြီးဖြစ်ပါ၏။ ပုဂံမင်းကောင်းမှု မဟာလောကရံသီ အိမ်တော်ရာ စေတီတော်ကိုလည်း ပန်းပဲမင်းကြီးက ဦးဆောင်တည်ထားခဲ့သည်။ ပန်းပဲမင်းကြီးကား ပုဂံမင်းညီတော် မင်းတုန်းမင်းက ရတနာပုံမန္တလေး နေပြည်တော် တည်ထောင်သောအခါ၌လည်း ရွှေမြို့တော်ကြီး တည်ဆောက်ရာတွင် အဓိက ပါဝင်ခဲ့သူဖြစ်သည်။



တောင်သမန်ကျောက်တော်ကြီး

### ပန်းတော့ပညာဖြင့် ထုလုပ်ခဲ့သော မနုဿီဟများ

တောင်သမန်ကျောက်တော်ကြီးဘုရားတွင် ယခုတိုင် ထူးခြားထင်ရှားသည်က ဂန္ဓကုဋိတိုက်တော်ကြီး သာမက ထောင့်လေးထောင့်မှ မနုဿီဟ ရုပ်တုကြီးများပင်ဖြစ်သည်။ သာသနိက အဆောက်အအုံများတွင် မနုဿီဟပုံကို ထည့်သွင်းကြသည်မှာ ပုဂံခေတ်ကတည်းက ဖြစ်သည်။ ပန်း ၁၀မျိုး အနုပညာဖြင့် မနုဿီဟကို ထည့်သွင်းကြရာ၌ အမရပူရခေတ်လက်ရာ တောင်သမန် ကျောက်တော်ကြီးက အုတ်၊ အင်္ဂတေ ပန်းတော့ပညာဖြင့် ထုလုပ်ခဲ့သော မနုဿီဟများကား အချိုးအစား အကျနဆုံးအဖြစ် စံထားကြသည်။ ဤနေရာ၌ တောင်သမန်ကျောက်တော်ကြီးဘုရား၏ ဦးဆောင်မှု၊ မြန်မာမှုဗိသုကာ ပန်းပဲမင်းကြီး၏ ပညာရည်နှင့် ကျွမ်းကျင်မှု၊ ဦးဆောင်နိုင်မှုတို့ကို သတိပြုသင့်သည်။ အဘယ့်ကြောင့်ဆိုသော် တောင်သမန်ကျောက်တော်ကြီးဘုရား (သက္ကရာဇ် ၁၂၁၁ခုနှစ်)ကထက် ဦးစွာ တည်ထားသော ပုဂံမင်းကောင်းမှု၊ မဟာလောကရံသီ အိမ်တော်ရာစေတီတော် (သက္ကရာဇ် ၁၂၀၉ ခုနှစ်)တွင် ဦးဆောင်ကြီးကြပ်သူ ပန်းပဲမင်းကြီးက စေတီတော် ထောင့်လေးထောင့်၌ အုတ်အင်္ဂတေခြင်္သေ့ရုပ်များ ထုလုပ်သောအခါ စေတီတော်၏ ရာဟုထောင့် (အနောက်မြောက်ထောင့်)ရှိ ခြင်္သေ့ကို နမူနာအဖြစ် ထုလုပ်ခဲ့သည်။

### ပန်းပဲမင်းကြီးလက်ရာခြင်္သေ့ရုပ်

ထိုခြင်္သေ့ရုပ်တုက အချိုးအစား ကျနရုံမက တောတွင်းကေသရာဇ်၏သရုပ်ကို ပီပြင်စေသည့် လည်ဆံတို့ကို မူလသရုပ်မပျောက်စေဘဲ မြန်မာမှုနှင့် တွဲဖက်စေသော ဒီဇိုင်းက သတိပြုအတုယူဖွယ်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ လွတ်လပ်သော သမ္မတနိုင်ငံတော်အတွက် နိုင်ငံတော်တံဆိပ်နှင့်အတူ ရန်ကုန် ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်အခြေတွင် ထားရှိမည့် ခြင်္သေ့ရုပ်တုများ၊ ငွေအကြွေစေ့များတွင် ထည့်သွင်းပါရှိမည့် ခြင်္သေ့ရုပ်များအတွက် စံပြုခြင်္သေ့ကို ရှာဖွေကြရာ၌ မဟာလောကရံသီ အိမ်တော်ရာ စေတီတော် ရာဟုထောင့်က ပန်းပဲမင်းကြီးလက်ရာခြင်္သေ့ရုပ်ကို ပညာရှင်များက ရွေးချယ်ခဲ့ကြသည်။ (အဆိုပါ အုတ်ခြင်္သေ့၏ မူလလက်ရာကို ၁၉၈၀ ဝန်းကျင်က မှန်စီရွှေချလက်ရာများနှင့် မသိနားမလည်စွာ သဒ္ဓါလွန်လိုက်ကြသည်။)

### ခေတ်ပြိုင်ပုံရိပ်များအသွင်

ထို့ကြောင့် တောင်သမန်ကျောက်တော်ကြီး၏

> **တောင်သမန်ကျောက်တော်ကြီးကို ဦးဆောင်တည်ဆောက်သူမှာ ပန်းပဲအတွင်းဝန် သတိုးမင်းကြီး မင်းလှကျော်သူဖြစ်သည်။ နာမည်ကျော်ဗိသုကာကြီးဖြစ်၊ ပုဂံမင်းကောင်းမှု မဟာလောကရံသီ အိမ်တော်ရာ စေတီတော်ကိုလည်း ပန်းပဲမင်းကြီးက ဦးဆောင်တည်ထားခဲ့ . . .**

မနုဿီဟများကလည်း ပန်းပဲမင်းကြီး ကြီးကြပ်မှုနှင့် ထုလုပ်ခဲ့သည်မို့ စံပြုဖွယ် ပီပြင်ကျနသော လက်ရာများ ဖြစ်ပါ၏။ ထို့ပြင် တောင်သမန်ကျောက်တော်ကြီးဘုရား ဂန္ဓကုဋိတိုက်အတွင်း နံရံဆေးရေးပန်းချီများကလည်း ထူးခြားသည်။ အဆိုပါ နံရံဆေးရေးပန်းချီများက ပြုမြဲထုံးစံ ဗုဒ္ဓဝင်၊ ဇာတ်ကြီး ၁၀ ဘွဲ့များမဟုတ်မူဘဲ မြန်မာတို့ ရိုးရာလက်ခံခဲ့ကြသော စကြဝဠာကို မြင့်မိုရ်တောင်၊ ကျွန်းကြီးလေးကျွန်းနှင့်အတူ နက္ခတ်အစုံအလင်နှင့် သရုပ်ဖော်သော မျက်နှာကြက် ပန်းချီများအပြင်၊ ပုဂံမင်းကောင်းမှု စေတီပုထိုး၊ ကျောင်းကန်များ၏ ပုံတူ အချိုးကိုက်ပုံစံများကိုလည်း နံရံပန်းချီများအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ပိုမိုထူးခြားသည်က ပုဂံမင်း လက်ထက် အမရပူရ၏ သာမန်ပြည်သူလူထု၏ လူနေမှုပုံစံများ ဓလေ့စရိုက်များကိုလည်း ခေတ်ပြိုင်ပုံရိပ်များအသွင် နံရံများတွင် ဆေးပန်းချီဖြင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

ဧကရာဇ်မင်းတို့ကား အာဏာရှင်များပီပီ တစ်ဦးတည်းသဘော စိတ်ထင်တိုင်း၊ ထင်တိုင်းကြဲ လုပ်ဆောင်ကြရာ၌ သံသရာနှင့် အာဏာပြယုဂ် ဘုရားကျောင်းကန်များကိုလည်း အကာအကွယ်သဘော ဆောင်ရွက်ကြသည်ချည်းဖြစ်၏။ အဆိုပါလုပ်ရပ်များ အပေါ်တွင် ဦးဆောင်ကြီးကြပ်ရသူ ဝန်ကြီး၊ ဝန်ထောက်အရာရှိတို့က ရေရှည်အကျိုးမျှော်လင့်ကာ မိမိတို့ လုပ်ပိုင်ခွင့်ကို အာဏာအောက်မှ အမိအရ ရယူပြီး စေတနာကောင်းနှင့် ဆောင်ရွက်ကြပါက သမိုင်းအတွက် အမွေအနှစ်ကောင်း ကျန်ရစ်မှာ သေချာပါ၏။

အခုတော့ တောင်သမန်ကျောက်တော်ကြီးက ပန်းတော့လက်ရာနှင့် နံရံပန်းချီများက အဖိုးထိုက်တန်ပြီ။ ဘယ်လို ဆက်ထိန်းကြမလဲဆိုသည့် စေတနာကတော့ လိုနေပြန်ပါပြီ။ ။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၂) ယင်းပုဂ္ဂိုလ်သည် ပဋိညာဉ် အဆုံးသတ်ချိန်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်မှု ရပ်ဆိုင်းခြင်း။

(ဃ) ကာလရှည်ပဋိညာဉ်တစ်ရပ်အရ ပေါ်ပေါက်သော နုတ်ပယ်ခွင့် မရရှိသေးသည့် အရှုံးတစ်ရပ်ကို နောက်ပြန်သယ်ဆောင်နိုင်ပြီး တစ်ဆက်တည်းဖြစ်သော ယခင်အခွန်နှစ်၏ နုတ်ပယ်ခွင့်မရရှိသေးသည့် အရှုံးအဖြစ် ယူဆရမည်ဖြစ်သည်။ ထို့ပြင် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းသို့နောက်ပြန်သယ်ဆောင်သည့် အရှုံးတစ်ရပ်ကို အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် ယင်းသို့ နုတ်ပယ်နိုင်ခြင်း မရှိသည့် ငွေကြေးပမာဏကို တစ်ဆက်တည်းဖြစ်သည့် ယင်း၏ အရှေ့နှစ်သို့ နောက်ပြန်သယ်ဆောင်နိုင်ပြီး ယင်းနှစ်တွင် နုတ်ပယ်စေရမည်။

(င) ပုဒ်မခွဲ (ဃ) အရ နောက်ပြန်သယ်ဆောင်သည့် ငွေကြေးပမာဏကို ယင်းအရှုံး သယ်ဆောင်သွားမည့် အခွန်နှစ်အတွက် ပဋိညာဉ်အရ အမြတ်ငွေ (ပေါ်ပေါက်လျှင်) ပမာဏအထိသာ နုတ်ပယ်နိုင်သည်။

(စ) ကာလရှည်ပဋိညာဉ်တစ်ရပ်မှ အခွန်နှစ်တစ်နှစ်အတွက် ပေါ်ပေါက်သည့် အမြတ်ငွေ သို့မဟုတ် အရှုံးကို ယင်းပဋိညာဉ်အရ ဝင်ငွေတွင် ပါဝင်သည့် ငွေကြေးပမာဏများအား ယင်းပဋိညာဉ်အရ ယင်းနှစ်အတွက် နုတ်ပယ်မှုများနှင့် နှိုင်းယှဉ်လျက် သတ်မှတ်ရမည်။

(ဆ) ဤပုဒ်မတွင် –

(၁) **“ပြီးစီးမှုရာခိုင်နှုန်းစနစ်”** သည် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအရ သတ်မှတ်သည့် အဓိပ္ပာယ်ကို ပုဒ်မခွဲ (ခ) တွင် ပြင်ဆင်ပြောင်းလဲထားသည့်အတိုင်း ဖြစ်သည်။

(၂) **“ကာလရှည်ပဋိညာဉ်”** ဆိုသည်မှာ ပဋိညာဉ်အရ ဆောင်ရွက်သည့် လုပ်ငန်းစတင်သည့်နေ့မှ ၁၂ လအတွင်း ပြီးစီးမှုမရှိသည့် ထုတ်လုပ်မှု၊ တပ်ဆင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု၊ သို့မဟုတ် ယင်းတို့တစ်ခုချင်းနှင့် စပ်လျဉ်း၍ ဆက်စပ်ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းအတွက် ပဋိညာဉ်ကိုဆိုသည်။ သို့ရာတွင် အခန်း(၅)၊ အပိုင်း (၁)နှင့် အကျုံးဝင်သည့် မည်သည့်ပဋိညာဉ်မဆို ပါဝင်ခြင်းမရှိစေရ။

**ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှုများနှင့်**
**အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ**
**(Finance leases and instalment sales)**

၄၀။ (က) ဤဥပဒေသည် ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှု (finance lease) တစ်ရပ်အရ ငှားရမ်းသည့် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချမှုပြုသည့် လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်များအပေါ် အောက်ပါအခြေခံများဖြင့် အကျိုးသက်ရောက်စေရမည် –

(၁) အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူကို ရရန်ပိုင်ခွင့်၏ ပိုင်ရှင်အဖြစ် မှတ်ယူသည်၊

(၂) အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူသည် ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ်သဘောတူညီချက်ပြုလုပ်ချိန်တွင် ရရန်ပိုင်ခွင့်ကို ရယူသည်ဟု မှတ်ယူသည်၊ ထို့ပြင်

(၃) အငှားချထားသူ သို့မဟုတ် ရောင်းချသူသည် ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက် ပြုလုပ်ချိန်တွင် အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူအား ချေးငွေတစ်ရပ်ပေးအပ်လိုက်သည်ဟု မှတ်ယူပြီး ငှားရမ်းခြင်းအတွက် ပေးချေမှု သို့မဟုတ် အရစ်ကျပေးချေမှု တစ်ရပ်စီသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ချေးငွေ၏ အရင်း(principal) အား ပြန်လည်ပေးဆပ်မှုဖြစ်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် အတိုးပေးချေမှု ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အငှားချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူက ပိုင်ဆိုင်သည်ဟု မှတ်ယူသည့် ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် အောက်ပါတစ်ရပ်ရပ်ဖြစ်သည် –

(၁) အငှားချထားသူနှင့် အငှားချထားခြင်းခံရသူ သို့မဟုတ် ရောင်းချသူနှင့် ဝယ်ယူသူတို့သည် တွဲဖက်လုပ်ကိုင်သူများ မဟုတ်သည့်အပြင် ငှားရမ်းမှု သဘောတူညီချက် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်တွင် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ် သို့မဟုတ် တန်ဖိုးအဖြစ် ငွေကြေးပမာဏတစ်ရပ်ကို ဖော်ပြထားလျှင် ယင်းငွေကြေးပမာဏ၊

(၂) အခြားမည်သည့်ဖြစ်ရပ်တွင်မဆို ငှားရမ်းမှုစတင်ချိန် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက် ပြုလုပ်ချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေး။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ချေးငွေပမာဏသည် ပုဒ်မခွဲ (ခ) အရ ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်အဖြစ် သတ်မှတ်ထားသည့် ငွေကြေးပမာဏ ဖြစ်သည်။

(ဃ) ချေးငွေအရပြုလုပ်သည့် ပေးချေမှုတစ်ခုချင်းစီ၏ အတိုးဖြစ်သည့်အပိုင်းကို အောက်ပါတစ်နည်းနည်းဖြင့် တွက်ချက်ရမည် –

(၁) အငှားစာချုပ် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်တွင် သွယ်ဝိုက်ပါရှိသည့်အတိုးနှုန်း (implicit interest rate) ကို ရည်ညွှန်းခြင်းဖြင့်၊

(၂) အငှားစာချုပ် သို့မဟုတ် အရောင်းအဝယ် သဘောတူညီချက်တွင် သွယ်ဝိုက်ပါရှိသည့်အတိုးနှုန်း ပါဝင်ခြင်းမရှိလျှင် အတိုးကို ခြောက်လတစ်ကြိမ် ပေါင်းထည့်သည့် ရောနှောထားသောချေးငွေအခြေခံဖြင့် (blended loan basis) ။

(င) ဤပုဒ်မတွင် –

(၁) **“ရောနှောထားသည့်ချေးငွေ (blended loan)”**ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်သည့် ချေးငွေကိုဆိုသည် –

(ကက) ချေးငှားသူက ပေးချေမှုများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် အတိုးပေးချေမှုဖြစ်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် အရင်းပြန်လည်ပေးဆပ်မှု ဖြစ်ခြင်း၊

(ခခ) အတိုးဖြစ်သည့်အပိုင်းကို ပေးချေမှုတစ်ခုစီ ပြုလုပ်ချိန်တွင် ပေးဆပ်ရန် ကျန်ရှိနေသည့် အရင်းပေါ်တွင် တွက်ချက်ခြင်းနှင့်

(ဂဂ) အတိုးနှုန်းသည် ချေးငွေ၏ သက်တမ်းတစ်လျှောက် တစ်ပြေးညီ ဖြစ်ခြင်း။

(၂) **“ဘဏ္ဍာရေးဆိုင်ရာချေးငှားမှု”** ဆိုသည်မှာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများအရ ဘဏ္ဍာရေးဆိုင်ရာ ချေးငှားမှုတစ်ရပ်အဖြစ် မှတ်ယူပြီး ချေးငှားသူက ယင်း၏ ဘဏ္ဍာရေးစာရင်းများတွင် ယင်းအတိုင်း စာရင်းထိန်းသိမ်းထားရှိသည့် မည်သည့် ချေးငှားမှုမဆို ဖြစ်သည်။

(၃) **“အရစ်ကျစနစ်ဖြင့် ရောင်းချမှု”** ဆိုရာတွင် ပေးချေရန်ကျန်ရှိနေသည့် ရောင်းရငွေများအပေါ် ကာလအလိုက်အတိုးကို စီးပွားဖြစ်သတ်မှတ်သည့် ရောင်းချမှု မပါဝင်။

**အသေးစားလုပ်ငန်းများအတွက်**
**ရိုးရှင်းအောင်ဆောင်ရွက်ထားသည့် အခွန်စနစ်**

၄၁။ (က) အသေးစားလုပ်ငန်းတစ်ခုကို ဆောင်ရွက်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် လုပ်ငန်းမှစည်းကြပ်ထိုက်သောဝင်ငွေကို ဤဥပဒေနှင့်အညီ တွက်ချက်ရမည်ဖြစ်ပြီး အောက်ပါပြင်ဆင်ပြောင်းလဲမှုများနှင့် ဆန့်ကျင်ခြင်းမရှိစေရ –

(၁) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ သို့မဟုတ် အထူးကုန်စည်ခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် အထူးကုန်စည်ခွန်အတွက် ငွေတောင်းခံလွှာအခြေခံဖြင့် စာရင်းထိန်းသိမ်းထားရှိရန် တာဝန်မရှိလျှင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အသေးစားလုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေနှင့် အသုံးစရိတ်များနှင့် အရှုံးများကို ငွေသားစီးဆင်းမှု အခြေခံစာရင်းထိန်းသိမ်းထားရှိမှုနည်းလမ်း (Cash Basis)ဖြင့် စာရင်းထိန်းသိမ်းထားရှိနိုင်သည်၊

(၂) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအပေါ် ကျင့်သုံးနိုင်သည့် တန်ဖိုးလျော့နှုန်းသည် ပုဒ်မ ၂၆ ၏ ရည်ရွယ်ချက်များအလို့ငှာ ၁၀၀ ရာခိုင်နှုန်းဖြစ်သည်၊

(၃) ပုဒ်မ ၃၈ သည် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်အပေါ် သက်ရောက်မှုမရှိဘဲ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်က ထိုနှစ်အတွင်း ဝယ်ယူခဲ့သည့် ရောင်းဝယ်ရန် ကုန်စည်များ၏ ကုန်ကျစရိတ်အတွက် နုတ်ပယ်ခွင့်ပြုသည်၊

(၄) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ စာရင်းဇယားများကို ထိန်းသိမ်းထားရန် ကာလသည် သုံးနှစ်ဖြစ်သည်၊ ထို့ပြင်

(၅) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အခွန်စည်းကြပ်မှုတစ်ခုကို ညွှန်ကြားရေးမှူးချုပ်က ပြင်ဆင်နိုင်သည့်ကာလ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တစ်ဦးချင်းပုဂ္ဂိုလ်က အခွန်ထမ်းကိုယ်တိုင်စည်းကြပ်မှုတွင် ပြင်ဆင်ထားသော အခွန်ကြေညာလွှာကို တင်သွင်းနိုင်သည့်ကာလမှာ လေးနှစ်ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ “တစ်ဦးချင်းပုဂ္ဂိုလ်”ကို ရည်ညွှန်းချက်များသည် “ကုမ္ပဏီ”ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူလျက် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့သည် အသေးစားလုပ်ငန်းတစ်ခုကို ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုအပေါ်တွင်လည်း အကျိုးသက်ရောက်စေရမည်။

(ဂ) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက အသေးစားလုပ်ငန်းဖြစ်သည် –

(၁) ယင်းလုပ်ငန်းကို မြန်မာနိုင်ငံအတွင်း၌ အပြည့်အဝဆောင်ရွက်ခြင်း၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအရပ်ရပ်မှ နှစ်စဉ် စုစုပေါင်း ရောင်းရငွေ၊ ရငွေသည် ကျပ်သိန်း ၅၀၀ ထက် မပိုခြင်း။

(ဃ) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းအရပ်ရပ်မှ နှစ်စဉ် စုစုပေါင်းရောင်းရငွေ၊ ရငွေသည် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် သတ်မှတ်ထားသည့် ငွေကြေးပမာဏထက် ပိုမိုခြင်း ရှိ၊မရှိ ဆုံးဖြတ်ရာ၌ ညွှန်ကြားရေးမှူးချုပ်သည် ယင်းတစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၏တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ လုပ်ငန်းမှဝင်ငွေကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

**အခွန်ဆိုင်ရာစာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲခြင်း**

၄၂။ (က) ပုဂ္ဂိုလ်တစ်ဦး၏ ငွေရေးကြေးရေးနှင့် လုပ်ငန်းအခြေအနေများ ပြောင်းလဲသွားခြင်းကြောင့် ဤဥပဒေအရ ဆောင်ရွက်သည့် ယင်းပုဂ္ဂိုလ်၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲသွားလျှင် ယင်းပုဂ္ဂိုလ်သည် ယင်းအပြောင်းအလဲ ပေါ်ပေါက်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် ရေးသားလျက် အကြောင်းကြားရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည်ပုဒ်မခွဲ (က) တွင်ဖော်ပြထားခြင်းမျိုးမဟုတ်သည့် ယင်းပုဂ္ဂိုလ်၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲမှုအတွက် ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ရေးသား လျှောက်ထားနိုင်ပြီး ညွှန်ကြားရေးမှူးချုပ်သည် ယင်းလျှောက်ထားချက်ကို စာဖြင့်ရေးသား အကြောင်းကြားလျက် ခွင့်ပြုပေးနိုင်သည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က ယင်းပြောင်းလဲမှုသည် ထိုပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန် ဝင်ငွေကို ကောင်းမွန်မှန်ကန်စွာ တွက်ချက်နိုင်ရန် လိုအပ်သည်ဟု ကျေနပ်လက်ခံမှသာ ယင်းသို့ခွင့်ပြုပေးနိုင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲပါက မည်သည့် စာရင်းရေးသွင်းချက်မျှ စာရင်းရေးသွင်းရန်ကျန်ရှိခဲ့ခြင်းနှင့် မည်သည့် စာရင်းရေးသွင်းချက်ကိုမျှ တစ်ကြိမ်ထက်ပိုမိုရေးသွင်းမိခြင်း မရှိစေရန် ယင်းပုဂ္ဂိုလ်သည် ပြောင်းလဲသည့် အခွန်နှစ်ရှိ ဝင်ငွေ၊ နုတ်ပယ်မှု၊ သို့မဟုတ် ခုနှိမ်မှု၊ သို့မဟုတ် ယင်းအပြောင်းအလဲက သက်ရောက်သည့် အခြားစာရင်း ရေးသွင်းချက် မှန်သမျှတွင် စာရင်းကိုက်ညှိမှုများ ပြုလုပ်ရမည်။

**အပိုင်း (၇)**

**နိုင်ငံခြားငွေလဲလှယ်မှုမှ အမြတ်အစွန်းနှင့် အရှုံးများ**

**အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံး**

၄၃။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း ရရှိသည့် စုစုပေါင်း နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းဖြစ်ပြီး

B သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း ကျခံခဲ့ရသည့် စုစုပေါင်း နိုင်ငံခြားငွေလဲလှယ်မှု အရှုံးဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# တိုင်းရင်းဆေးဝါးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) လိုင်စင်ထုတ်ပေးရန် သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း၊

(ဃ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၄၈။ အာဏာပိုင်အဖွဲ့သည် ပုဒ်မ ၄၈ အရ အယူခံမှုတွင် ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၄၉။ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၅၀။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်လက်မှတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ) စံမညီဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါး ဖြစ်သည်ဟု ကြော်ငြာထားသောဆေးဝါး၊

(င) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး၊

၅၁။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်းမပြုရ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့် အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုထားသော တိုင်းရင်းဆေးဝါး၊

(ဂ) ပျက်စီးတိုင်းရင်းဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါး ဖြစ်သည်ဟု ကြော်ငြာထားသောဆေးဝါး၊

(င) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော မှတ်ပုံတင်တိုင်းရင်းဆေးဝါး။

၅၂။ မည်သူမျှ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်မရှိဘဲ ဆေးဝါးကိုထုတ်လုပ်ခြင်းမပြုရ။

၅၃။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေး ဖြည့်စွက်ခတ်စာကို ပြည်ပမှတင်သွင်းခြင်းမပြုရ။

၅၄။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေး ဖြည့်စွက်ခတ်စာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း မပြုရ။

၅၅။ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုထားသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာများကို ကန့်သတ်ထားသည့်ကာလအတွင်း ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုရ။

၅၆။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေး ဖြည့်စွက်ခတ်စာကို ရောင်းချခြင်းမပြုရ။

၅၇။ မည်သူမျှ မှတ်ပုံတင်ရရှိပြီးဖြစ်သော ဆေးဝါးတစ်မျိုးမျိုးကို အတုအပ ပြုလုပ်ခြင်းမပြုရ။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၅၈။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပို သော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပို သော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှု ဖြစ်ပါက ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရ မည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကျခံစေရမည်၊

(ခ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သည့်ပြစ်မှုဖြစ်ပါက ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ကျခံစေရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃၊ ၅၄ သို့မဟုတ် ၅၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၆၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တိုင်းရင်း ဆေးဝါးကိစ္စရပ်နှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၆၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်၏ ချီးမြှင့်ငွေနှင့်စရိတ်များ အတွက် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ် သည်။

၆၈။ ဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား တိုင်းရင်းဆေးဝါး၏ အရည်အသွေးနှင့် အာနိသင်အား ထိခိုက်မှုမရှိပါက ဤ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ် ခွင့်ပြုနိုင်သည်။

၆၉။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် ထုတ်လုပ်ခွင့်လိုင်စင် ကင်းလွတ်ခွင့်အတွက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ အာဏာပိုင် အဖွဲ့သို့ လျှောက်ထားရမည်။

၇၀။ တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့ရောင်းချလိုသူသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူရမည်။

၇၁။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

၇၂။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့မှစ၍ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၃။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့တွင် တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆)အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထား ပြီးသူများသည် ဤဥပဒေနှင့် မဆန့်ကျင်ပါက သက်တမ်းကုန်သည်အထိ ဆက်လက်အတည်ဖြစ်၍ သက်တမ်းတိုးဆောင်ရွက်သောအခါ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) တို့အရ ဆောင်ရွက်ရမည်။

၇၄။ ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုအဖြစ် သတ်မှတ် သည်။

၇၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့ တင်ပို့သည့် တိုင်းရင်းဆေးဝါးများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် သက်သေခံပစ္စည်းအား အာဏာပိုင်အဖွဲ့ သို့မဟုတ် အာဏာပိုင်အဖွဲ့က လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ရန် စီမံဆောင်ရွက်ရ မည်။

၇၆။ အာဏာပိုင်အဖွဲ့နှင့် အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း၏ ရုံးလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက် ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါးစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက် ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေးဝါးစစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၇၈။ ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်၊

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီတို့ သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၇၉။ တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် ငါးမန်းမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရန်လို

**ရန်ကုန် ဇူလိုင် ၂၆**

အဏ္ဏဝါဂေဟစနစ်၏ မျှခြေကိုထိန်းပေးထားသည့် ငါးမန်းမျိုးစိတ်များမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် လျော့နည်းကျဆင်းမှုရှိလာခြင်း ကြောင့် ၎င်းမျိုးစိတ်များကိုထိန်းသိမ်းစောင့်ရှောက်ရန် အရေးပေါ်လိုအပ် နေပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် အဖွဲ့(မြန်မာ) FFI မှ သိရသည်။

လေ့လာချက်များအရ ငါးမန်းကိုက်သောကြောင့် သေဆုံးသောလူအရေ အတွက်မှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆ ဦးခန့်သာရှိပြီး လူတို့၏ဖမ်းဆီးသတ်ဖြတ်မှု ကြောင့်သေဆုံးသော ငါးမန်းအရေအတွက်မှာ တစ်နှစ်လျှင် ပျမ်းမျှအကောင်ရေ သန်း ၁၀၀ ခန့်ရှိကြောင်း၊ တစ်နည်းအားဖြင့် လူတို့၏ဖမ်းဆီးမှုကြောင့် အချိန် တစ်နာရီတိုင်းတွင် ငါးမန်းကောင်ရေ ၁၁၄၁၇ ကောင်နှုန်း သေဆုံးနေရကြောင်း၊ ငါးမန်းများကို ငါးမန်းတောင်ပင်ချို ဟင်းလျာပြုလုပ်ရောင်းချရန်အတွက် ၎င်းတို့၏ဆူးတောင်ကိုရယူရန် ကမ္ဘာတစ်ဝန်းတွင် ဖမ်းဆီးမှုအကြီးအကျယ် ပြုလုပ်နေကြခြင်းကြောင့် ငါးမန်းကောင်ရေ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီ ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ငါးမန်းမျိုးစိတ်စုစုပေါင်း ၄၈၉ မျိုးခန့်ရှိပြီး ငါးမန်းများသည် မျိုးပွားမှုနှေးကွေးခြင်း၊ အရွယ်ရောက်ရန်အချိန်ယူရခြင်း၊ အခြားသတ္တဝါများနှင့် နှိုင်းယှဉ်ပါက အရေအတွက်လွန်စွာနည်းပါးခြင်း၊ အကောင်ရေကျဆင်းသွား ပါက မူလအခြေအနေပြန်ရောက်ရှိရန် အချိန်များစွာယူရခြင်းတို့ကြောင့် ငါးမန်းများကိုထိန်းသိမ်းရန် အရေးပေါ်လိုအပ်နေပြီဖြစ်ကြောင်း၊ အပြည်ပြည် ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ မှတ်တမ်းအရ လက်ရှိငါးမန်းမျိုးစိတ်အားလုံး၏ ၂၅ ရာခိုင်နှုန်းသည် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး မျိုးစိတ် ၂၅ မျိုးကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် များ (Critically Endangered-CR) အဖြစ် သတ်မှတ်ထားကြောင်း၊ သို့ဖြစ်၍ ငါးမန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကမ္ဘာတစ်ဝန်းတွင် “Shark Conservation Act 2010” ဖြင့် ငါးမန်းများကို ထိန်းသိမ်းကာကွယ်ထားကြောင်း FFI မှ သိရသည်။

မြန်မာ့ပင်လယ်ရေပြင်တွင် ကျက်စားနေသော ငါးမန်းမျိုးစိတ်စုစုပေါင်း ၅၈ မျိုးရှိပြီး ၎င်းတို့အနက် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered-CR) နှစ်မျိုး၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered-EN) နှစ်မျိုးနှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (Vulnerable-VU) ၁၈ မျိုးရှိကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ဦးဆောင်မှုဖြင့် ဆက်စပ်ဌာန များ၊ တက္ကသိုလ်များ၊ ဆက်စပ်ဒေသခံများနှင့်အတူပူးပေါင်း၍ မြန်မာ့ပင်လယ် ပြင်ရှိ ငါးမန်းမျိုးစိတ်များကို ထိရောက်စွာထိန်းသိမ်းစောင့်ရှောက်၍ မြန်မာ့ ပင်လယ်ငါးဖမ်းလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးစေရန်အတွက် ငါးမန်းနှင့် ငါးလိပ် ကျောက်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံအဆင့်လုပ်ငန်းစီမံချက် (National Plan of Action for Sharks and Rays) ရေးဆွဲနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း ရေချိုနှင့် ရေငန်ထိန်းသိမ်းရေးအစီအစဉ်မန်နေဂျာ ဦးဇော်လွန်း၏ပြောကြားချက် အရ သိရသည်။

**ဝိန်းဇလုပ်သိန်းညွန့်**

# အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၃) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်များပေါ်တွင် ဖျက်ရာများ၊ ပြင်ဆင်ရာများရှိခြင်း၊

(၄) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ပေါ်တွင် ဖော်ပြရမည့်အချက်အလက်များ မပြည့်စုံခြင်း၊

(၅) တားမြစ်ထားသော ကုန်စည်စုများ တင်သွင်းခြင်း၊

(၆) တင်သွင်းလာသောကုန်စည်စုတွင် တားမြစ်ထားသော အရာဝတ္ထုများပါလာခြင်း၊

(၇) သတ်မှတ်ထားသော ဆေးစီရင်မှု ပြုလုပ်ရန် ပျက်ကွက်ခြင်း၊

(၈) ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထုများကို စီးပွားဖြစ်ပမာဏ မဟုတ်သော်လည်း ခရီးသည် သို့မဟုတ် စာတိုက်မှ သယ်ယူပို့ဆောင်ခြင်းကို ကြိမ်ဖန်များစွာ တွေ့ရခြင်း။

( ခ ) ပုဒ်မခွဲ(က) အရ စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ပစ္စည်းနမူနာများကို ပြန်လည်စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပြန်လည်ပေးပို့ရန် တင်ပို့သောနိုင်ငံသို့ အကြောင်းကြားရမည်။

၁၅။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် တင်သွင်းသောကုန်ပစ္စည်းမှ အောက်ပါအချက်များ တွေ့ရှိပါက အရေးပေါ်လုပ်ဆောင်မှုကို ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းနှင့်အတူပါလာသည့် ဖျက်ပိုးသည် မိမိနိုင်ငံ၏ ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးစာရင်းတွင် မပါရှိသော်လည်း အန္တရာယ်ရှိနိုင်သည်ကို တွေ့ရှိရခြင်း၊

( ခ ) ကုန်ပစ္စည်းနှင့်အတူ နိုင်ငံအတွက် စီးပွားရေးအရထိခိုက်မှုဖြစ်နိုင်ခြေရှိသည့် ဖျက်ပိုးတစ်မျိုးမျိုးကို တွေ့ရှိရခြင်း။

**အခန်း(၈)**

**တားမြစ်ချက်**

၁၆။ မည်သူမျှ တင်သွင်းခွင့်လက်မှတ်မရရှိဘဲ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်းမပြုရ။

၁၇။ ပြည်ပမှတင်သွင်းသူ မည်သူမျှ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းလာသည့် နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးမှုနှင့် ကြီးကြပ်မှုကို ခံယူရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၈။ မည်သူမျှအမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ဖျက်ပိုးသန့်စင်ရန် သို့မဟုတ် ဖျက်ပိုးသတ်ရန် ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်း၌ တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်းမပြုရ။

**အခန်း(၉)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၆၊ ၁၇၊ ၁၈ နှင့် ပုဒ်မ ၁၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းအရ ဆုံးဖြတ်ချက်ချမှတ်ရမည်-

(က) ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

( ခ ) ပုဒ်မခွဲ(က) ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရပြီးနောက် ထပ်မံကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းအထိ ဒဏ်ကြေးငွေကို ထပ်မံပေးဆောင်စေရမည့်အပြင် တင်သွင်းလာသောကုန်ပစ္စည်း သို့မဟုတ် ရွှေ့ပြောင်းသယ်ဆောင်သောပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းဆည်းပြီး ယင်းပစ္စည်းကို လိုအပ်သလိုစီမံခန့်ခွဲနိုင်ရေးအတွက် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဒဏ်ကြေးငွေကို ဖောက်ဖျက်ကျူးလွန်သူက ပေးဆောင်ရန် ပျက်ကွက်လျှင် ၎င်းအား အမည်ပျက်စာရင်းထည့်သွင်း၍ သတင်းစာတွင် ထုတ်ပြန်ကြေညာရမည်။

၂၁။ စစ်ဆေးရေးမှူးသည် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အကျုံးဝင်သော ကုန်ပစ္စည်းကို ဖျက်ဆီးခြင်း၊ ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သော သို့မဟုတ် အသုံးပြုသောသိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့်အကျိုးပြုသက်ရှိတို့ကို နိုင်ငံပိုင်အဖြစ်သိမ်းဆည်းခြင်းပြုနိုင်သည်။ သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူအား ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းကို ဆောင်ရွက်စေပြီး တင်သွင်းခွင့်ပြုနိုင်သည်။ အဆိုပါကုန်ပစ္စည်းဖျက်ဆီးခြင်း၊ ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းအတွက် ကုန်ကျစရိတ်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူက ကျခံရမည်။

**အခန်း (၁၀)**

**အယူခံဝင်ခြင်း**

၂၂။ စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၃။ ညွှန်ကြားရေးမှူးသည် စစ်ဆေးရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာ လက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ပုဒ်မ ၂၃အရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်၃၀ အတွင်း ပြည်ထောင်စု ဝန်ကြီးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၅။ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာ လက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၆။ ပြည်ထောင်စုဝန်ကြီး၏အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၁၁)**

**ဘဏ္ဍာရန်ပုံငွေသုံးစွဲခြင်း**

၂၇။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခနှင့် ဒဏ်ကြေးငွေတို့ကို အမျိုးသားသီးနှံကာကွယ်ရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိပြီး ယင်းရန်ပုံငွေအတွက်ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်ပြဋ္ဌာန်းရမည်။

၂၈။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏အတည်ပြုချက်ရယူ၍ ပုဒ်မ ၂၇ ပါ ဘဏ္ဍာရန်ပုံငွေကို သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

( ခ ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၂၉။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပညာရပ်ဆိုင်ရာ လိုအပ်ချက်များ၊ သုတေသန သို့မဟုတ် မျိုးရွေးချယ်မှု များအတွက် ရည်ရွယ်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၀။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ တင်သွင်းခွင့်လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့ကထုတ်ပေးသော တင်သွင်းခွင့်လက်မှတ်တင်ပြနိုင်သူကိုသာ လိုင်စင်ထုတ်ပေးရမည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့်ညှိနှိုင်း၍ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်



**ဒီးမော့ဆို ဇူလိုင် ၂၆**

ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက ထောက်ပံ့ငွေပေးအပ်သည်။

ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ်ကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျန်ရှိနေသော ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ ရပ်ကွက်/ကျေးရွာများအလိုက် သွားရောက်၍ ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု စုစုပေါင်း ၅၈၁၂ စုရှိပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


---

## စေတုတ္တရာမြို့နယ်၌ ပြောင်းစိုက်တောင်သူများ ဈေးကောင်းရရှိ၍ အဆင်ပြေ

**စေတုတ္တရာ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မုန်းချောင်းဘေးရှိကိုင်းမြေများတွင် မြေအောက်ရေဖြင့် ဖူးစားပြောင်းစိုက်ခင်းများ ရာသီမရွေး စိုက်ပျိုးကြသော တောင်သူများ ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းများ စိုက်ပျိုးဖြစ်ထွန်းမှုနှင့်ပတ်သက်၍ လယ်ပြင်စုရပ်ကွက်ရှိ ပြောင်းစိုက်တောင်သူ ဦးကျော်မင်းထွန်းက "ပြောင်းဖူးကို စိုက်ပျိုးလာခဲ့တာ လေးငါးနှစ်ရှိပါပြီ။ စိုက်တဲ့ပြောင်းဖူး အမျိုးအစားကတော့ Colour Five မျိုးဖြစ်ပြီး ပြောင်းမျိုးစေ့ နို့ဆီဘူးတစ်ဘူးကို ငွေကျပ် ၂၂၀၀၀ ပေးရပါတယ်။ ထယ်ထိုးပြီး ရေသွင်းပြီးတော့ နှစ်ပေခွဲတန်းခြား စနစ်နဲ့တစ်ပင်နဲ့တစ်ပင် ဆယ်လက်မခြားပြီး စိုက်တာပါ။ ၁၅ ရက်သားမှာ ပုလဲခတ်မြေဩဇာကျွေးပြီး ၂၅ ရက်သားမှာ ရေသွင်းပေးရပါတယ်။ ပြောင်းဖူးကို စိုက်တဲ့ရက်ကစပြီး ရက်ပေါင်း ၇၅ ရက်ကြာရင် ချိုးရပါတယ်။ မနှစ်တုန်းကတော့ တစ်ဖူးကို ငွေကျပ် ၁၀၀ နှုန်းနဲ့ ရောင်းရပြီး ဒီနှစ်မှာတော့ တစ်ဖူးကို ငွေကျပ် ၁၅၀ နဲ့ ရောင်းရကာ နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေပါတယ်။ ဒီနှစ်မှာတော့ နို့ဆီတစ်ဘူးစိုက်ကို ငွေကျပ် ၂၀၀၀၀၀ ကျော်ရမယ်လို့ မျှော်လင့်ထားပါတယ်" ဟု ပြောသည်။



စေတုတ္တရာမြို့နယ် အတွင်း၌ ဖူးစားပြောင်းများ စိုက်ပျိုးခြင်းဖြင့် မိသားစုများ နေ့စဉ်ဝင်ငွေ ရရှိသောကြောင့် တစ်နိုင်တစ်ပိုင် ပြောင်းစိုက်တောင်သူများ ပိုမိုများပြားလာကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# နမ္မတူမြို့နယ် ဘော်တွင်းကျေးရွာအနီးရှိ ရှုရှားတောင်သို့ လာရောက်လည်ပတ်သူများ စည်ကား



**နမ္မတူ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ္မတူမြို့နယ် ဘော်တွင်းကျေးရွာအနီးရှိ ရှုရှားတောင်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

နမ္မတူ-မန်တုံလမ်းမပေါ် နမ္မတူမှ ၁၃ မိုင်ကျော်အကွာရှိ ဝါးတောစိမ်းစိမ်းလေးများ၊ လမ်းအကွေ့ပေါင်း ၁၀၀ ကျော်ခန့်ဖြတ်သန်းသွားလာပြီးလျှင် ဘော်တွင်းကျေးရွာသို့ မရောက်ရှိမီ သုံးမိုင်ခန့်အကွာ၌ မိုးရာသီအချိန်တွင် သဘာဝရှုခင်းများနှင့် စိမ်းလန်းစိုပြည်အေးချမ်းကြည်နူးဖွယ်ရာ မြင်ကွင်းများဖြင့် ဆွဲဆောင်မှုရှိပြီး လေကောင်းလေသန့်ရရှိသော ရှုရှားတောင်ကြီးကို တွေ့ရသည်။

အဆိုပါရှုရှားတောင်အား လာရောက်လည်ပတ်သူများက နယူးဇီလန်တောင်ဟု တင်စားခေါ်ဝေါ်ကြပြီး နေ့စဉ် နမ္မတူမြို့၊ လားရှိုးမြို့၊ ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ လာရောက်လည်ပတ်သူ ၁၀၀ ခန့်မှ ၂၀၀ ခန့်အကြားရှိကြောင်း ဘော်တွင်းဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရှုရှားတောင်ထိပ်ပေါ်သို့ရောက်ပြီဆိုလျှင် လမ်းခရီးမှာပင်ပန်းလာခဲ့သမျှ ကားမူးလာခဲ့သမျှ အမောပြေစေပြီး သဘာဝ ရှုခင်းလှများကို ရင်သပ်ရှုမောဖွယ် မြင်တွေ့ရမည်ဖြစ်ကြောင်း လာရောက် လည်ပတ်သူတစ်ဦးက ပြောကြားသည်။

ရှုရှားတောင်မှတစ်ဆင့် သုံးမိုင်ခန့် အကွာသို့ ဆက်သွားလျှင် ဘော်တွင်းကျေးရွာ သတ္တုတွင်းသို့ ဝင်ရောက်လည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ကျားစခန်းကျေးရွာရှိ ကမ္ဘာကျော် ခရုပတ်ကွေ့ရထားလမ်းသို့ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**လူမော်**
**(ပြန်/ဆက်)**

# ငွေဆောင်ကမ်းခြေရှိဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုက်လံစစ်ဆေး



**ငွေဆောင် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း ယာယီပိတ်ထားခဲ့သည့်ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများမှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ယမန်နေ့ မွန်းလွဲပိုင်းက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ဟိုတယ် ၃၅ လုံးရှိပြီး ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ရန် သတင်းပေးပို့လာသည့် ဟိုတယ် ၂၆ လုံးအား ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသီဟအောင်၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းသို့စစ်ဆေးရာတွင် ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လိုသည့် ဟိုတယ် ၂၆ လုံးအား သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်မှုရှိ-မရှိ စစ်ဆေးခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်သာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မူမူသွင်**
**(ပြန်/ဆက်)**



# တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂၆**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းတွင် ဇူလိုင် ၂၄ ရက် နံနက် နံနက်ပိုင်းက နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင့်သူက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်စပယ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ကြပြီး ကျွဲနွားများတွင်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ခြင်း၊ ဝက်များတွင်ဖြစ်တတ်သော ရောဂါများနှင့်ကာကွယ်ခြင်း၊ တိုင်းရင်းကြက်များတွင်ဖြစ်တတ်သော ရောဂါများနှင့်ကာကွယ်ခြင်း၊ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ စသည့်အကြောင်းအရာများကို သင်ကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

■

## အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ပုံမှန်ဝင်ငွေမရရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ ငွေကျပ် ၂၀၀၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲမှ စတင်ကာ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စု စုစုပေါင်း ရပ်ကွက်/ကျေးရွာအုပ်စု ၅၇ အုပ်စုရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရရှိသော အိမ်ထောင်စုများထံ ပထမအကြိမ် အခြေခံစားသောက်ကုန် ပစ္စည်းငါးမျိုးကို အိမ်ထောင်စု ၁၂၆၁၁ စုနှင့် ဒုတိယအကြိမ် အိမ်ထောင်စု ၇၇၄၉ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းစီဖြင့် အသီးသီးထောက်ပံ့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ လှည်းကူးမြို့နယ်တွင် အိမ်ထောင်စု စုစုပေါင်း ၆၄၅၄၂ စု အနက် ယခုအခါ နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရရှိသော အခြေခံလူတန်းစား ၂၀၃၆၀ ထံ တတိယအကြိမ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအတွက် တတိယအကြိမ်ထောက်ပံ့ငွေများကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက ပေးအပ်သည်။

အင်းတော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၀ စုမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၃၈ စုရှိပြီး အိမ်ထောင်စုတစ်စုလျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျေးရွာအရောက် ထောက်ပံ့ငွေပေးအပ်လျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားအိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့ငွေများကို ဇူလိုင် ၂၄ ရက်က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထုတ်ပေးလျက်ရှိသည်။

အိမ်ထောင်စုစုစုပေါင်း ၂၅၁၅၇ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ရာတွင်လည်း တိကျမှန်ကန်စွာရရှိစေရန် ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ကြီးကြပ်၍ ထောက်ပံ့ငွေများကို ပြည်သူများထံအရောက်ခွဲဝေပေးလျက်ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးချိုလင်းအောင်က ပြောကြားသည်။ **စိုးဝေအောင်(ခင်ဦး)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ် (၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါကာလတွင် နိုင်ငံတော်ကထောက်ပံ့သည့် ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၅၀၂ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီကို အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့ဝင် ကော်မတီဝင်များက ရာအိမ်မှူးများထံ ပေးအပ်ကြောင်း သိရသည်။ **ဦးကျင်မောင်**

**ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်း**

**ငရုတ်ကောင်း**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့တွင် ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်းက အခြေခံလူတန်းစားအိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ အိမ်ထောင်စု ၃၇၀၁ စုအတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဓမ္မာရုံတို့တွင် ကျင်းပသည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်တွင်း ၁၈ ရပ်ကွက်ရှိ အိမ်ထောင်စု ၁၈၃၁ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်းကွင်းဆင်း၍ ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီး၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထား

**မုံရွာ ဇူလိုင် ၂၆**
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲဆန္ဒရှင်စာရင်းများကို ယမန်နေ့မှ ဩဂုတ် ၇ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ခရိုင် ၁၁ ခရိုင်၊ မြို့နယ် ၃၇ မြို့နယ်၊ ရပ်ကွက် ၂၇၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇၅၈ အုပ်စုနှင့် ကျေးရွာအုပ်စုခွဲများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ မဲဆန္ဒရှင်စာရင်းများကို မိသားစုအလိုက်၊ အိမ်ထောင်စုအလိုက်၊ လမ်းအလိုက်၊ နယ်မြေအလိုက်၊ အိမ်ထောင်စုစဉ်အလိုက် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်ထံမှ သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိသားစုတစ်ခုတွင် အနည်းဆုံး တစ်ဦးမဲစာရင်းသွားရောက်ကြည့်ရှုပေးရန် လိုအပ်ပါကြောင်းနှင့် ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃) ဖြင့် မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုနိုင်ပြီး မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်သည်။ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါကလည်း ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းကို ပြုလုပ်နိုင်သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဲရုံ ၄၁၀၂ ရုံ ထားရှိမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေမှာ ချင်းတိုင်းရင်းသားမဲဆန္ဒရှင် ၁၇၂၉၇၄ ဦးနှင့် ရှမ်းတိုင်းရင်းသားမဲဆန္ဒရှင် ၁၆၉၇၂၁ ဦးတို့အပါအဝင် စုစုပေါင်းမဲဆန္ဒရှင်ဦးရေမှာ ၄၁၆၀၅၆၀ ခန့်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ချင်းပြည်နယ်၌ ဆန္ဒမဲပေးခွင့်ရှိသူ သုံးသိန်းကျော်ရှိ

**ဟားခါး ဇူလိုင် ၂၆**
လာမည့်အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိ သူ ၃၄၆၁၄၂ ဦးရှိကြောင်း သိရသည်။

အထွေထွေရွေးကောက်ပွဲအတွက် ချင်းပြည်နယ် မြို့နယ် ကိုးမြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူအမည်စာရင်းများကို ယမန်နေ့က စတင်ကြေညာပေးနေကြောင်း ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးလင်းကျော်က ပြောသည်။

"မြို့ပေါ်ရပ်ကွက်တွေမှာတော့ အခုရာသီက မိုးရွာသီဖြစ်တဲ့အတွက် အမိုး၊ အကာတွေမရှိတဲ့နေရာတွေမှာ တဲတွေဆောက်ပြီး လွယ်လင့်တကူ လာကြည့်နိုင်အောင်၊ မိုးလည်းမစိုအောင် လုပ်ပေးထားတယ်"ဟု ဦးလင်းကျော်က ပြောသည်။

ဆန္ဒမဲပေးခွင့်ရှိသူအမည်စာရင်းများကို မြို့ပေါ်နေထိုင်သူများအနေဖြင့် မြို့ပေါ်ရပ်ကွက်များတွင် လာရောက်ကြည့်ရှုနိုင်မည့် လေးနေရာနှင့် ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးများ၊ ကျေးရွာခွဲနေရာများတွင် လိုက်လံကပ်၍ ကြေညာပေးထားခြင်းဖြစ်သည်။ မဲစာရင်းများကြေညာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်များနှင့်အတူ စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မဲစာရင်းများကို မိမိနေထိုင်ရာ ကျေးရွာ/ရပ်ကွက်များရှိ သတ်မှတ်ထားသည့်နေရာများတွင် မဲစာရင်းများ လာရောက်ကြည့်ရှုနိုင်ရေး အသံချဲ့စက်များဖြင့် နှိုးဆော်လျက်ရှိကြောင်း သိရသည်။ မဲစာရင်းများကြေညာခြင်းကို ယမန်နေ့မှစ၍ ဩဂုတ် ၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

"မဲစာရင်းမပါလာဘူးဆိုရင် ပုံစံ ၃ နဲ့လျှောက်ရမယ်။ မပါသင့်တဲ့သူတွေပါနေရင်လည်း ပြင်ဆင်၊ ကန့်ကွက်လုပ်နိုင်ပြီး အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးမယ်"ဟု ဦးလင်းကျော်ကပြောသည်။

**မျိုးဝင်းထွန်း**
**(မုံရွာ)**

## မဲဆန္ဒရှင်စာရင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာ

**မယ်စဲ့ ဇူလိုင် ၂၆**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒစာရင်းများ ကပ်ထားကြေညာခြင်းကို ယမန်နေ့ကစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခုပထမအကြိမ်စာရင်းအရ အချက်အလက်များမှားယွင်းလျှင် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပြီး မဲဆန္ဒရှင်များ မိမိတို့၏အမည် ပါ/မပါ ကို လာရောက်ကြည့်ရှုနိုင်ရေး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက နှိုးဆော်လျက်ရှိသည်။

မယ်စဲ့မြို့နယ်တွင် မဲရုံပေါင်းရှစ်ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၂၅၄၁ ဦး၊ အမျိုးသမီး ၂၃၇၅ ဦး စုစုပေါင်း ၄၉၁၆ ဦးရှိကာ နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီထိ ကပ်ထားကြေညာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးခေါင်ပြီး နေ့အပူချိန်မြင့်တက်လျက်ရှိ၍ မိုးစပါးစိုက်တောင်သူများ အခက်ကြုံ

**ရေတာရှည် ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်း မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်တက်ခြင်းကြောင့် မိုးစပါးစိုက်ခင်းများ ရေလိုအပ်ချက်များရှိနေရာ မိုးဆက်လက်ရွာသွန်းခြင်းမရှိပါက အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း ဒေသခံတောင်သူများအကြားတွင် စိုးရိမ်ပူပန်မှုများရှိနေသည်။

မိုးစပါးကို အစောပိုင်း အခြောက်ထယ်ရေးဖြင့် ကြဲပက်သူများအနေဖြင့် တစ်လကျော်သက်တမ်းရှိပြီဖြစ်သော်လည်း ပထမအရစ်အနေဖြင့် ဓာတ်မြေဩဇာများကြဲပက်ရန်ဖြစ်သော်လည်း လယ်ကွက်များအတွင်း ရေမရှိသဖြင့် ယခုတိုင်ကြဲပက်နိုင်ခြင်းမရှိသေးကြောင်း တောင်သူများက ပြောသည်။

မိုးစပါးကို သက်ကြီးစပါးမျိုးများဖြစ်သည့် ဗျော့ထွန်း၊ ရေဆင်းသုခ-၂၊ သက်လတ်စပါးမျိုးများဖြစ်သော နံ့ကောက်၊ ထိုင်းကောက်စပါးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး စပါးများအောင်မြင်ဖြစ်ထွန်းမှုမှာ ရာသီဥတုပေါ်တည်မှီလျက်ရှိနေခြင်းဖြစ်သည်။

"စပါးဈေးကွက်ကမဆိုးဘူးလို့ပြောရင်ရပါတယ်၊ အစိုးရကလည်း တင်းတစ်ရာကို ကျပ် ၅၂၀၀၀၀ နှုန်းသတ်မှတ်ပြီဆိုတော့လေ၊ ဒါကလည်း စပါးထွက်နှုန်းကောင်းမှ အဆင်ပြေမှာ၊ ရာသီဥတုဖျက်လို့ စပါးအထွက်တွေလျော့ရင်တော့ ရှုံးဦးမှာပဲ၊ ဘာလို့လဲဆိုတော့ ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ အလုပ်သမားခ၊ ထွန်ယက်စရိတ်၊ မျိုးဖိုး စတဲ့သွင်းအားစုကုန်ကျစရိတ်တွေက အများကြီးကုန်ထားတာဆိုတော့လေ" ဟု ကုန်းကြီးအုပ်စု အင်းကျင်းကုန်းရွာနေ တောင်သူဦးသိန်းဇော်က ပြောသည်။

**ကိုလွင်(ဆွာ)**

## တာလေမြို့၌ သခွားမွှေးသီးများ ဈေးကောင်းရ၍ မိသားစုဝင်ငွေရ

**တာလေ ဇူလိုင် ၂၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့တွင် ဒေသထွက်သီးနှံ သခွားမွှေးသီးများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး ရာသီစာ သခွားမွှေးသီးများ လှိုင်လှိုင်ပေါ်နေလျက်ရှိရာ ဈေးကောင်းရောင်းချရ၍ မိသားစုဝင်ငွေရရှိလျက်ရှိသည်။

ဒေသထွက်သီးနှံ သခွားမွှေးကိုဥယျာဉ်ခြံနှင့် တောင်ယာစိုက်ခင်းများ၊ ပြောင်းစိုက်ခင်းများတွင် တောင်သူအချို့မှ စိုက်ပျိုးကြပြီး အသီးအနှံပေါ်ချိန်တွင် ဆွတ်ခူးရောင်းချကြပြီး အသီး၏အရွယ်အစားပေါ်မူတည်၍ တစ်လုံးကို ထိုင်းဘတ်ငွေ ၂၀ မှ ၅၀ နှင့် တစ်ကီလို ဘတ် ၂၀အထိ ဈေးကောင်းရောင်းချရကြောင်း ပန်ချီဟက်ကျေးရွာရှိ သခွားမွှေးသီးရောင်းချသူတောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါ တာလေမြို့ ဒေသတွင်းထွက်ရှိသောသီးနှံ ရာသီစာသခွားမွှေးသီးများကို ယခင်နှစ်များက ထိုင်းနိုင်ငံ မဲဆိုင်မြို့သို့ တင်ပို့ရောင်းချခဲ့ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နယ်စပ်ဖြတ်သန်းသွားလာခွင့် ပိတ်ထားခြင်းကြောင့် မဲဆိုင်မြို့သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသော်လည်း တာချီလိတ်၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိရာ သခွားမွှေးစိုက်ပျိုးရောင်းချသူဒေသခံတောင်သူများ ဈေးကောင်းရသဖြင့် တောင်သူများမိသားစုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

**အောင်ကျော်မိုး**
**(ပြန်/ဆက်)**



## ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်မှ အလှည့်ကျစနစ်ဖြင့် ရေပေးဝေ

**ပခုက္ကူ ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးသီးနှံစိုက်ခင်းဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ရေပေးဝေလျက်ရှိကြောင်း ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်ဖြင့် ရွှေတန့်တစ်စံပြ၊ ဆင်မင်း၊ ကွန်းရွာ၊ ဒေါင်းစား၊ နှောကုန်း၊ ဘုရားကုန်း၊ မကျီးပင်ပု၊ နန်းတဲကျေးရွာတို့တွင် မိုးစပါးစိုက်ခင်း ၆၁၅ ဧကနှင့် အခြားမိုးသီးနှံစိုက်ခင်း ၃၈၅ ဧကအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ရေလုံလောက်စွာရရှိရေး အလှည့်ကျစနစ်ဖြင့် ပျိုးထောင်ရေများပေးဝေလျက် ရှိကြောင်း၊ မြစ်ရေတင်ဖြင့် ဆင်းသုခ၊ မနောသုခနှင့် ရောမင်းစသည့် စပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး အခြားသီးနှံများအဖြစ် နှမ်း၊ ပြောင်း၊ ငရုတ်နှင့် ပဲအမျိုးမျိုးစိုက်ပျိုးကြကြောင်း ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း လက်ထောက်ဦးစီးမှူး ဦးလိန်းထန်က ပြောကြားသည်။

ပခုက္ကူမြို့နယ်တွင် ကုက္ကိုလှ၊ ကြီးရွာ၊ ရွှေတန့်တစ်နှင့် နန်းပို့ မြစ်ရေတင်စီမံကိန်းလေးခုရှိရာ ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင်စတင်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းပြီးစီးအောင်မြင်ခဲ့ကြောင်း၊ ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် စိစစ်ပြီးသောဧကပေါင်း ၁၅၀၀ ဖြစ်ပြီး မိုးစပါးဧက ၁၀၀၀ နှင့် နွေစပါးဧက ၇၀၀ အတွက် နှစ်စဉ်ရေပေးဝေလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် တောင်သူများအတွက် အကျိုးအမြတ်အဖြစ် မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၂၄၀၀၀၀ ကျော်၊ နွေစပါးတစ်ဧကလျှင် ငွေကျပ် ၂၃၀၀၀၀ ကျော်နှင့် အခြားသီးနှံများအဖြစ် တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀၀ စီဖြင့် နှစ်စဉ်အမြတ်ငွေရရှိကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**
**(ပြန်/ဆက်)**

# ရေဘေးအန္တရာယ်နှင့် နောက်ဆက်တွဲအန္တရာယ်များ သတိပြုစေလို

မောင်သောင်းဝင်း
(တမန်ဟောင်း)

၂၀၂၀ ပြည့်နှစ်သည် ဝါထပ်သောနှစ်ပင်ဖြစ်သည်။ ဝါထပ်သောနှစ်များတွင် မှတ်သုံလေအားကောင်းသောကြောင့် မိုးကြီးခြင်း၊ ရေကြီးရေလျှံဖြစ်ပွားခြင်းနှင့်အအေးပိုခြင်းတို့ဖြစ်လေ့ရှိသည်။ ယခုနှစ်တွင်လည်း ဇူလိုင်လကုန်ဩဂုတ်လဆန်းလောက်တွင် မိုးကြီးနိုင်သည်ဟု ယူဆရပေသည်။ နှစ်စဉ် မိုးတွင်းကာလတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်တတ်သည်။ နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ရခြင်း၊ လူနှင့်အိမ်မွေးတိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းတို့အပြင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ စိတ်ဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခံစားရပါသည်။

**ကြိုတင်ပြင်ဆင်သင့်**

အမှန်တော့ နှစ်စဉ် ဇူလိုင်လ စတုတ္ထပတ်လောက်တွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးအဆက်မပြတ်ရွာသွန်းတတ်သည်။ မိုးသက်လေပြင်းများ ကျရောက်တတ်သည်။ မြေနိမ့်ပိုင်းရှိ တချို့သောကျေးရွာများသည် ရေကြီးရေလျှံမှုဒဏ် ခံစားရလေ့ရှိသည်။ ထို့အပြင် မိုးကြီးပြီးသည့်အချိန်တွင် တောင်ပြိုမှုများ၊ ကားလမ်း၊ ရထားလမ်းပိတ်မှုများ၊ ဆည်တမံကျိုးပေါက်မှုများလည်း ဖြစ်တတ်သည်။ တချို့သောဒေသများတွင် ဆည်တမံကျိုးပေါက်မှုကြောင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင် ပြည်သူများ အသက်ဆုံးရှုံးရလေ့ရှိသည်။

**ရေဘေးအန္တရာယ်**

ဆိုရလျှင် နှစ်စဉ်မိုးရာသီတွင် ပြည်သူများကြုံတွေ့ရသည့်ဒုက္ခသည် ရေဘေးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ရေဘေးသိပ်မကြုံခဲ့ရပေ။ ကြုံတွေ့ရသည့်တိုင်အောင် အချိန်မီ ကယ်တင်ပြောင်းရွှေ့နေရာချထားပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သို့သော် သစ်တောများ ပြုန်းတီးခြင်း၊ ရေဝေရေလဲဒေသများ ပျက်စီးခြင်းနှင့် မြစ်ချောင်းများ တိမ်ကောခြင်းတို့ကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှစကာ မိုးရာသီတွင် တချို့သောဒေသများသည် ရေလွှမ်းမိုးသည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ ယခုနှစ် မိုးရာသီတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် အလားအလာရှိနေပါသည်။ ထို့ကြောင့် နှစ်စဉ် ရေဘေးကြုံတွေ့ဖူးသည့်ဒေသများအနေဖြင့် ရေဘေးကာကွယ်ရေးအစီအမံများ ကြိုတင်လုပ်ဆောင်ထားမှသာ တန်ကာကျနိုင်ပါသည်။

**လမ်းပန်းဆက်သွယ်ရေးခက်ခဲ**

မိုးသည်းထန်စွာရွာပြီဆိုလျှင် ရာသီမရွေးသွားလာနိုင် သည့်လမ်းများသည်ပင်လျှင် သွားလာ၍ မရနိုင်တော့သည့် အနေအထားသို့ ရောက်သွားတတ်သည်။ အထူးသဖြင့် လမ်းများပေါ်တွင် ရေများကျော်နေခြင်း၊ သဲချောင်းများရှိ တံတားများပေါ်သို့ ရေကျော်ခြင်း၊ တောင်ပေါ်လမ်းများတွင် သဲတောင်များ ပြိုကျခြင်း၊ လမ်းများကျွံကျခြင်း စသည့် ပျက်စီးယိုယွင်းမှုများကြောင့် တစ်နေရာမှတစ်နေရာသို့ ကူးလူးသွားလာရန် အခက်အခဲများ ဖြစ်ပေါ်လေ့ရှိသည်။ ထိုအချိန်မျိုးတွင် ကုန်စည်စီးဆင်းမှု နှေးကွေးသွားသဖြင့် ကုန်ဈေးနှုန်းများ တက်လာလေ့ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်ပါသည်။

**အထူးဂရုစိုက်သင့်**

ထို့အပြင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်လာပြီဆိုလျှင် ရေဘေးသင့်ပြည်သူများအနေဖြင့် ရေမြုပ်နေသောအိမ်များတွင် စင်ထိုး၍မနေသင့်ချေ။ ထိုသို့နေထိုင်မည်ဆိုလျှင် ညဘက်တွင် မြွေဆိုးအန္တရာယ်ကြောက်ရသည်။ ထို့အပြင် နေ့စဉ်စားဝတ်နေရေးအတွက်လည်း အဆင်ပြေမည် မဟုတ်ချေ။ အထူးသဖြင့် ရေနစ်မြုပ်နေသောဒေသများတွင် အိမ်သာစနစ်မရှိတော့ချေ။ ထို့ကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးလျှင် နောက်ဆက်တွဲဝမ်းရောဂါနှင့် အရေပြားရောဂါများ ဖြစ်ပွားနိုင်ပေသည်။ ထို့အပြင် ရေမြုပ်နေသောနေရာသည် လျှပ်စစ်အန္တရာယ်ကိုလည်း စိုးရိမ်ရပေသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများသည် ရေဘေးရှောင်စခန်းများသို့ သွားရောက်ခိုလှုံကြရမည်။ ထိုနေရာများတွင် စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးအတွက် စိတ်ချရပေသည်။

**ပျက်စီးဆုံးရှုံးမှုဖြစ်ပွား**

မိုးရာသီတွင် ရေလွှမ်းမိုးသဖြင့် လမ်းတံတားများ ပျက်စီးခြင်း၊ နေအိမ်များပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများရေနစ်မြုပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် စပါးခင်းများအပါအဝင် စိုက်ပျိုးထားသောကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားပြီဖြစ်သည်။ ရေလုပ်သားများအနေဖြင့်လည်း ငါးဖမ်းလှေများ၊ ပိုက်ကွန်များ ဆုံးရှုံးရလေ့ရှိသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကြီးမားလှပေသည်။ ရေကျသွားချိန်တွင် ကျေးလက်နေတောင်သူများကို မျိုးစေ့နှင့် ပျိုးပင်များအပါအဝင် စိုက်ပျိုးစရိတ်များ လိုအပ်လာမည်ဖြစ်သည်။ ထို့ကြောင့် လိုအပ်လာမည့် စရိတ်များအတွက် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ သို့မှသာလျှင် လက်လုပ်လက်စားပြည်သူများ စားဝတ်နေရေးအတွက် အခက်အခဲမရှိ ပြန်လည်ရပ်တည်နိုင်မည်ဖြစ်သည်။

**ဝိုင်းဝန်းကူညီပေးစေလို**

ဆိုရလျှင် မျက်မှောက်ကမ္ဘာကြီးတွင် ဂေဟစနစ်ယိုယွင်းပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

❍ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ရေဘေးအန္တရာယ်ကြုံတွေ့ရမည်ဆိုလျှင် ရောဂါကူးစက်မှုနှုန်း မြင့်တက်နိုင်သဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ကြိုတင်ပြင်ဆင်ထားရမည်။

❍ အထူးသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအစီအမံများကို ကြိုတင်လုပ်ဆောင်ထားရပေမည်။

ထို့အပြင် ငွေကြေးတတ်နိုင်သည့် ပြည်သူများအနေဖြင့် လုပ်အားဖြင့် ကူညီနိုင်ခြင်းမရှိသည့်တိုင်အောင် လိုအပ်သည့်အခြေခံစားသောက်ကုန်နှင့်အသုံးအဆောင်ပစ္စည်းများလှူဒါန်းခြင်းဖြင့် အကူအညီများပေးနိုင်ပါသည်။ အရေးပေါ်အကူအညီလိုအပ်နေသူများကို လိုအပ်သည့်ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်းသည် မင်္ဂလာတစ်ပါးပင်မဟုတ်ပါလား။ တချို့သောပြည်သူများသည် ပိုင်ဆိုင်မှုအားလုံး ရေနှင့်အတူပါသွားကြပြီဖြစ်သည်။ ရေပြန်လည်ကျသွားချိန်တွင် ရေဘေးသင့်ပြည်သူများသည် ဘဝကို အသစ်မှပြန်စကြရဦးမည် ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလျက်ရှိသည်မှာ အချိန်ခုနစ်လခန့်ကြာမြင့်နေပြီဖြစ်သည်။ တချို့သောနိုင်ငံများသည် ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။ တချို့သောနိုင်ငံများသည် ဒုတိယလှိုင်းတွင် အလူးအလဲခံစားနေကြရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူများ၏စုပေါင်းအားဖြင့် ပထမလှိုင်းကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သော်လည်း ဒုတိယလှိုင်းအတွက် အသင့်ပြင်ဆင်ထားရန် လိုအပ်ပေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ရေဘေးအန္တရာယ်ကြုံတွေ့ရမည်ဆိုလျှင် ရောဂါကူးစက်မှုနှုန်း မြင့်တက်နိုင်သဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ကြိုတင်ပြင်ဆင်ထားရမည်။ အထူးသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအစီအမံများကို ကြိုတင်လုပ်ဆောင်ထားရပေမည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီရောက်ရှိလျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခံစားရလေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံစားရလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ကိုဗစ်-၁၉ ကာလတွင် ရေဘေးအန္တရာယ်ကိုလည်း ကြိုတင်သတိပြုကျော်လွှားသွားနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

---

# GREEN GOLD ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ ကော်ဖီစေ့ အရည်အသွေးဆန်းစစ်

တောင်ကြီး ဇူလိုင် ၂၆

GREEN GOLD ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၏ ယခုနှစ် တစ်နှစ်တာ အရည်အသွေး အကောင်းဆုံး ကော်ဖီစေ့ပဏာမရွေးချယ်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ TBC စီးပွားရေးဇုန်၊ GREEN GOLD ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။





**ပို့ဆောင်ယှဉ်ပြိုင်မည်**

အခမ်းအနားတွင် လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ကော်ဖီစိုက်တောင်သူသမဝါယမအသင်းသား ၉၃၇ ဦး၏ ကော်ဖီစေ့များကို ဇုန်အလိုက် ၃၄ ဇုန်ခွဲကာ အရည်အသွေးဆန်းစစ်ပြီး ဇုန် ၁၂ ဇုန်မှ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြင်သစ်နိုင်ငံသို့ ပို့ဆောင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းသည် ယခုနှစ် ကော်ဖီရာသီတွင် ပြင်သစ်နိုင်ငံသို့ ကော်ဖီတန်ချိန် ၉၆ တန်ခန့် တင်ပို့ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---




# ဇလွန်မြို့နယ်၌ ကြေးတိုင်အင်းများနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

ဇလွန် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင့်လွင်၊ ဇလွန်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းဇော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကြေးတိုင်အင်းသူကြီးများက ဟင်္သာတငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၇၀၀၀၀ အား သဘာဝရေပြင်နှင့် ကြေးတိုင်အင်းများအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး၌ အင်ကြင်းကျောက်ဥယျာဉ်ကြီးတစ်ခုထားရှိရန် သယံဇာတမြတ်နိုးသူများက မျှော်လင့်နေ

**မကွေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံတွင် သဘာဝအင်ကြင်းကျောက် (အကြွမ်း) များကို မကွေးတိုင်းဒေသကြီး၌ ထွက်ရှိမှုအများဆုံးအဖြစ် တွေ့ရပြီး သမိုင်းတန်ဖိုးကြီးမားသော ကျောက်များထားရှိရာ အင်ကြင်းကျောက်ဥယျာဉ်ကြီးတစ်ခုကို နေထိုင်ရာဒေသတွင် ထားရှိစေချင်ကြောင်း သယံဇာတမြတ်နိုးသည့် အင်ကြင်းကျောက်စုဆောင်းသူများထံမှ သိရသည်။

**ဂုဏ်ယူတန်ဖိုးထား**

သဘာဝတွင်းထွက်ရတနာ အင်ကြင်းကျောက်အပေါ် နိုင်ငံသားများ ဂုဏ်ယူတန်ဖိုးထားလာစေရန်၊ မှန်ကန်သော ပြည်တွင်းဈေးကွက် တစ်ခုဖြစ်လာရန်၊ နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းသစ်တစ်ခုဖော်ဆောင်နိုင်ရန်၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်နိုင်ရန်တို့ကိုရည်ရွယ်၍ အဆိုပါဥယျာဉ်ကြီး ရှိလာစေလိုခြင်းဖြစ်သည်။



"မကွေးတိုင်းမှာ မြို့နယ် ၂၅ မြို့နယ်ရှိတဲ့ထဲက ၁၆ မြို့နယ်မှာ အင်ကြင်းကျောက်ထွက်တယ်။ စီးပွားဖြစ် ထုတ်လုပ်ရောင်းချနေတာလည်း နှစ်ပေါင်း ၂၀ လောက်ရှိပြီ။ တရုတ်နယ်စပ်တစ်ခုတည်းကိုပဲ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနေရတယ်။ ကိုယ့်ဒေသမှာ အင်ကြင်းကျောက်ဥယျာဉ်ကြီးအဖြစ် ပြစားရင်ကို ရလာမယ့်အကျိုးဆက်တွေက အများကြီးပဲ။ ဒီကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားပါတယ် " ဟု အင်ကြင်းကျောက် ရှာဖွေစုဆောင်းသူ ကိုဇေလလင်းက ပြောသည်။

အင်ကြင်းကျောက်ကို ကုန်ကြမ်းအဖြစ်ရောင်းချနေမည့်အစား ကုန်ချောထုတ်နိုင်သည့်နေရာ(သို့မဟုတ်) ပြခန်းဥယျာဉ်ကြီးအဖြစ် ဖန်တီးပေးလျှင် အင်ကြင်းကျောက် လုပ်ကိုင်နေသူများ နှင့် နိုင်ငံတော်အပေါ်တွင် အကျိုးအမြတ်ပိုရှိလာနိုင်သည်ဟု အင်ကြင်းကျောက် တစ်ပိုင်တစ်နိုင် တူးဖော်ကြသူများက ယူဆနေကြသည်ဟု သိရသည်။

"အင်ကြင်းရုပ်ကြွင်းတွေရဲ့ ဖြစ်တည်မှုအပေါ် မူတည်ပြီးတော့ နိုင်ငံရဲ့ဖြစ်တည်မှုကို ကောက်ချက်ဆွဲလို့ရတာတွေ ရှိတယ်။ ဒါတွေကို လွယ်လွယ်နဲ့ ထုတ်ရောင်းနေတဲ့ ဟာမျိုးတွေရှိရင် ပညာရပ်ပိုင်းဆိုင်ရာ၊ ဘူမိဗေဒပိုင်းဆိုင်ရာ လေ့လာမှုတွေမှာပါ ကွင်းဆက်ပြတ်သွားနိုင်တယ်။ ဒါတွေကိုပါ ထည့်သွင်းစဉ်းစားသင့်ပါတယ် " ဟု ကိုအိုလာ (Green Network)က မှတ်ချက်ပြုသည်။

မကွေးတိုင်းတွင် အင်ကြင်းကျောက် ပေအရှည်များစွာတွေ့သည့်နေရာများကို သွားရောက်လည်ပတ်၍ရသည့် နေရာမျိုးအဖြစ် စီစဉ်ထားနိုင်လျှင် ကျောင်းသား ကျောင်းသူများ၊ ပညာရှင်များက လေ့လာမှုပြုလုပ်နိုင်မည်ဖြစ်ပြီး တွေ့ရှိမှုပေါ်အခြေခံကာ ဆင့်ကဲတွေ့ရှိမှုတွေ ဖြစ်လာနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

မကွေးတိုင်းတွင် အင်ကြင်းကျောက်ဥယျာဉ်ကြီးသာတည်ရှိလာပါက ခရီးသွားလုပ်ငန်းဆိုင်ရာ နေရာသစ်တစ်ခုဖြစ်တည်လာကာ နိုင်ငံရပ်ခြားခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ခေါင်လန်ဖူးမြို့နယ်အတွက် လှူဒါန်းသည့် ဆန်အိတ် ၂၀၀၀ အား ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ထုတ်ပေးလျက်ရှိ



**ခေါင်လန်ဖူး ဇူလိုင် ၂၆**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့ပေါ်ရပ်ကွက်များနှင့် ရိက္ခာပြတ်လပ်နေသော ကျေးရွာအုပ်စုများအားလုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းခဲ့သည့် ဆန်အိတ် ၂၀၀၀ အား ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဆန်အိတ် ၁၇၇၈ အိတ်ကို ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့နယ် ဖုလုံးကျေးရွာသို့ ဇွန် ၁၁ ရက်မှစတင်ကာ ကားဖြင့်သယ်ယူပြီး ဖုလုံးကျေးရွာမှတစ်ဆင့် လား၊ မြင်းများဖြင့် ခေါင်လန်ဖူးမြို့အထိ သယ်ဆောင်ပေးကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ဇွန် ၁၇ ရက်မှ စတင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာလ အတွင်း ရိက္ခာပြတ်လပ်မှုကြုံတွေ့နေသည့် ရှီလာဒမ်း၊ ရပ်မား၊ ထဖုံးနမ်ချိန်အုပ်စုများသို့ မြစ်ကြီးနားမှ ဇွန် ၇ ရက်က စတင်ကာ မြစ်ကြီးနား-ချီဖွေ-ဆော့လော်မှ ရပ်မားကျေးရွာအထိ ကားဖြင့် ဆန်အိတ် ၂၂၂ အိတ်ကို သယ်ယူထောက်ပံ့ပေးအပ်ခဲ့သည်။ ကျန်ရှိသည့် ကျေးရွာအုပ်စု ၁၉ စုနှင့် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အတွက် ပူတာအိုမှ ဖုလုံးသို့ ကားဖြင့်သယ်ကာ ဖုလုံး-ထလားလော်-ခေါင်လန်ဖူးမှ လားဖြင့် နှစ်လနီးပါးကြာ ဆန်အိတ် ၁၇၇၈ အိတ်ကို သယ်ယူပေးခဲ့ခြင်းဖြစ်သည်။ ယခုအချိန်ထိ ကျန်ကျေးရွာအုပ်စုများကို ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးစောနွဲ့နေအောင်ထံမှ သိရသည်။

အဆိုပါ ဆန်အိတ်များ ခေါင်လန်ဖူးမြို့သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်တည်း ရပ်ကွက်/ကျေးရွာ အုပ်စုများသို့ ဇွန် ၁၇ ရက်မှ စတင်ထုတ်ပေးခဲ့ကာ ကျန်ရှိသည့်ကျေးရွာငါးအုပ်စုကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ပေးအပ်

**သုံးခွ ဇူလိုင် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ရပ်ကွက်/ကျေးရွာများ သို့ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

**ထောက်ပံ့**

ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တတိယအကြိမ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၆၆၃၅ စုအတွက် စုစုပေါင်းငွေကျပ် ၅၃၂၇၀၀၀၀၀ ထောက်ပံ့ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။



အဆိုပါ ထောက်ပံ့ငွေများကို လိုက်လံပေးအပ်ရာတွင် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၂၉၃၅၁ စုအတွက် ထောက်ပံ့ငွေကျပ် ၅၈၇၀၂၀၀၀၀ ပေးအပ်

**မြောင်းမြ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၉၃၅၁ စုတို့အတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၈၇၀၂၀၀၀၀ ကို မြို့ပေါ် ၁၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၈ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်အနေဖြင့် ပထမအကြိမ် နိုင်ငံတော်မှ ထောက်ပံ့မှု အစီအစဉ်တွင် အချိန်တိုအတွင်း စာရင်းကောက်ယူရသည့် အခက်အခဲများကြောင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၇၇၂၇ စုကိုသာ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ယခုနိုင်ငံတော်မှ ဒုတိယအကြိမ်မြောက် ထောက်ပံ့မှုတွင် ယခင် ကောက်ယူထားသောစာရင်းအရ အိမ်ထောင်စု ၂၇၇၂၇ စုအပြင် အကြောင်းအမျိုးမျိုးကြောင့် စာရင်းကျန်ရှိသဖြင့် ထပ်တိုးကောက်ယူရရှိသော အိမ်ထောင်စု ၁၆၀၀ နှင့် ပြည်တော်ပြန်များအနက်မှ အိမ်ထောင်စု ၂၄ စု စုစုပေါင်း အိမ်ထောင်စု ၂၉၃၅၁ စုကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ဘရိုက်တန်က လီဗာပူးကွင်းလယ်လူ လယ်လာနာကို ခေါ်ယူရန်နီးစပ်နေ

ဘရိုက်တန်အသင်းဟာ လီဗာပူးအသင်း ကွင်းလယ်ကစားသမား အဒမ်လယ်လာနာကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ စာချုပ် ချုပ်ဆို ခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ ကွင်းလယ်လူ လယ်လာနာရဲ့ ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိ စာချုပ်သက်တမ်းဟာ အခုနှစ်ဘောလုံးရာသီ ကုန်မှာ ကုန်ဆုံးမှာဖြစ်တာမို့ လယ်လာနာဟာ ဘရိုက်တန်အသင်းနဲ့ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ ဆွေးနွေးမှုတွေ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။



ကွင်းလယ်ကစားသမား လယ်လာနာဟာ ၂၀၁၉–၂၀၂၀ ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် ပွဲပေါင်း ၂၂ ပွဲ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားခဲ့ရပြီးနောက် ပြန်လည်စတင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လယ်လာနာဟာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၃၄ ပွဲပါဝင်ကစားပေးခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ်လက အီတလီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်ဟာ လယ်လာနာအတွက် အင်္ဂလန်အသင်းအတွက် နောက်ဆုံးကစားခဲ့တာလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကွင်းလယ်ကစားသမား လယ်လာနာကို ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ဆောက်သမ်တန်အသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပါတယ်။ လယ်လာနာဟာ လီဗာပူးအသင်းနဲ့အတူ ခြောက်နှစ်ကြာဖြတ်သန်းခဲ့ရာမှာ ပရီမီယာလိဂ်ဖလား တစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်အသင်းများဖလား တစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား တစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

## မန်ယူက ဂျာဒန်ဆန်ချိုကို မခေါ်ယူနိုင်ခဲ့ပါက ကင်စလေကိုးမန်းကို ခေါ်ယူမည်ဟုဆို

မန်ယူအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် ဂျာဒန်ဆန်ချိုကို မခေါ်ယူနိုင်ခဲ့ပါက ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ကင်စလေကိုးမန်းကို အငှားစာချုပ်နဲ့ ခေါ်ယူသွားဖို့ရှိနေတယ်လို့ ဆိုပါတယ်။

မန်ယူအသင်းက ပြင်သစ်တောင်ပံကစားသမား ကင်စလေကိုးမန်းကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ကစားသမားကိုယ်တိုင်ကလည်း အိုးထရက်ဖို့ဒ်ဆီ ပြောင်းရွှေ့ကစားဖို့ ဆွေးနွေးနေတယ်လို့ သိရပါတယ်။ မန်ယူအသင်းက တောင်ပံကစားသမားသစ်တစ်ဦးကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့စီစဉ်နေပေမယ့် ဘိုင်ယန်မြူးနစ်အသင်းကတော့ ကင်စလေကိုးမန်းကို အငှားစာချုပ်နဲ့သာ ရောင်းချဖို့ရှိနေတာဖြစ်ပါတယ်။

တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကလည်း ဒေါ့မွန်အသင်းနဲ့အတူ နှစ်ရာသီသက်တမ်းကျန်ရှိနေသေးတာဖြစ်ပြီး ပရီမီယာလိဂ်သို့ ပြန်လည်ခြေချဖို့လည်း ကစားသမားကိုယ်တိုင်က ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ အထိ ဒေါ့မွန်အသင်းက တောင်းဆိုထားတာကြောင့် အပြောင်းအရွှေ့ကိစ္စဖြစ်မြောက်ဖို့ မရှိဘဲ မန်ယူအသင်းက ကင်စလေကိုးမန်းကို ခေါ်ယူဖို့ ပြောင်းလဲစီစဉ်နေတာလည်း ဖြစ်ပါတယ်။



## လက်စတာစီးတီးကွင်းလယ်လူ ဂျိမ်းစ်မက်ဒီဆင် မန်ယူအသင်းရဲ့ ကမ်းလှမ်းမှုကိုငြင်းဆို

လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ဟာ မန်ယူအသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီး လက်ရှိကလပ် လက်စတာစီးတီးအသင်းနဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ် ဂျိမ်းစ်မက်ဒီဆင်ကို မန်ယူအသင်းက ကွင်းလယ်အင်အားဖြည့်တင်းဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပေမယ့် ဂျိမ်းစ်မက်ဒီဆင်ကတော့ တစ်ပတ်လုပ်ခလစာပေါင် ၉၅၀၀၀ နဲ့ ကာလရှည်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

ဂျိမ်းစ်မက်ဒီဆင်ဟာ စာချုပ်သစ်ချုပ်ဆိုခဲ့တာကြောင့် လက်စတာစီးတီးအသင်းရဲ့ ဒုတိယဈေးအမြင့်ဆုံး ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး လက်ရှိမှာ တိုက်စစ်မှူး ဗာဒီက တစ်ပတ်လုပ်ခလစာပေါင် ၁၂၀၀၀၀ ရရှိနေတာ ဖြစ်ပါတယ်။

ဂျိမ်းစ်မက်ဒီဆင်ဟာ ၂၀၁၈ ခုနှစ်က နော့ဝစ်ချ်အသင်းကနေ လက်စတာစီးတီးအသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ လက်စတာစီးတီးအသင်းအတွက် ၇၆ ပွဲ ပါဝင်ကစားပေးထားတာ ဖြစ်ပါတယ်။ ဂျိမ်းစ်မက်ဒီဆင်အနေနဲ့ လက်စတာစီးတီးအသင်းနဲ့အတူ သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ရဲ့ အတောက်ပဆုံး ကွင်းလယ်ကစားသမားတွေထဲက တစ်ဦးအဖြစ်လည်း သတ်မှတ်ခံခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ် ရေးသားသည်

## တိုက်စစ်မှူး ဗစ်တာအိုစင်ဟန်ကို ယူရိုသန်း ၆၀ နဲ့ ခေါ်ယူရေး နာပိုလီအသင်းနဲ့ လိုင်လီအသင်းတို့ သဘောတူညီခဲ့



နာပိုလီအသင်းဟာ လိုင်လီအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်မှူး ဗစ်တာအိုစင်ဟန်ကို ကနဦးပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ နဲ့ ခေါ်ယူရေးအတွက် လိုင်လီအသင်းနဲ့ သဘောတူညီမှုရရှိခဲ့တယ်လို့ သိရပါတယ်။

အဲဒီပြောင်းရွှေ့ကြေးဟာ အခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ဈေးအကြီးဆုံး အသင်းပြောင်းရွှေ့မှုဖြစ်လာဖို့ရှိနေပြီး တိုက်စစ်မှူး ဗစ်တာအိုစင်ဟန်ဟာ နာပိုလီအသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗစ်တာအိုစင်ဟန်ဟာ အခုနှစ်ဘောလုံးရာသီမှာ လိုင်လီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့် မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့အပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းအများစုကလည်း ခေါ်ယူဖို့စိတ်ဝင်စားခြင်းကို ခံခဲ့ရသူလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဗစ်တာအိုစင်ဟာရဲ့ ဈေးနှုန်းဟာ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ယူရို ၈၁ သန်းအထိ မြင့်တက်လာဖွယ်ရှိတယ်လို့လည်း သိရပါတယ်။ လိုင်လီအသင်းကတော့ ဗစ်တာအိုစင်ဟန်ကို နာပိုလီအသင်းဆီရောင်းချပြီး ဂျန့်အသင်းမှ ကနေဒါတိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စီစဉ်နေတယ်လို့သိရပါတယ်။

### လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေရန်အတွက် စာမူများ တောင်းခံခြင်း


လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ် နှစ်ပတ်လည်မဂ္ဂဇင်းအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပမည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည့်နေ့အမီ ထုတ်ဝေရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ စာမူရေးသားပေးပို့လိုသူများ အနေဖြင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ စာညွှန့် စသည့်စာမူများအား ရေးသားပြုစု၍ ရုံးအဖွဲ့မှူး၊ အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းရုံးသို့ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ရေးသားပြုစုပေးပို့နိုင်ပါသည်။

မှတ်ချက်– ပေးပို့လာသော စာမူများသည် ကိုယ်တိုင်ရေးသားထားသော စာမူများဖြစ်ကြောင်း တာဝန်ယူရမည်။

**အမှုဆောင်အဖွဲ့**
**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**
**ဖုန်း–၀၁–၂၃၀၁၀၇၄၊ ၀၉–၄၄၈၀၁၇၉၅၆**

facebook

အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး)
### ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး)
### ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## ရဟန်းဒါယကာ ဦးစိုးဝင်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၅)နေ (ဦးတင်လှ-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးလှမောင်-ဒေါ်ရှမ်း)တို့၏ သားသမက်၊ (ဦးငွေးရွှေ)-ဒေါ်ခင်မော်တို့၏ညီ၊ ဒေါ်ခင်မျိုးလှ၊ (ဦးငွေးဝင်း)-ဒေါ်ပပ၊ ဦးခင်မောင်ထွေး-ဒေါ်ငြိမ်းငြိမ်း၊ ဦးဇော်ခိုင်-ဒေါ်စောနန္ဒာထိုက်တို့၏အစ်ကို၊ မောင်မင်းစိုးနိုင်-မညိုမီမီထွန်း၊ မောင်အေးငြိမ်း၊ မောင်ဝင်းနိုင်ဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသော ခင်ပွန်း ရဟန်းဒါယကာ ဦးစိုးဝင်းသည် ၂၅-၇-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၀ (သောကြာနေ့) နံနက် ၅:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီတင့်(ခ)မီးမီး
### အလယ်တန်းပြ(ငြိမ်း)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေမေတ္တာအပြင်လမ်း၊ အမှတ်(၁၇၆၁)နေ (ဦးတင်လှ)-ဒေါ်ခင်သန်းတို့၏ သမီး၊ (ဦးထွန်းအေး-ဒေါ်ရင်မေ)တို့၏သမီးချွေးမ၊ ဦးသက်ထွန်း(မန်နေဂျာလေကြောင်းထိန်း-ငြိမ်း၊ လေကြောင်းဦးစီးဌာန)-ဒေါ်ဖြူဖြူဝင်း (ကြီးကြပ်ရေးမှူး-ငြိမ်း၊ အသေးစားငွေရေးကြေးရေး)၊ ဦးရဲမြင့်(ဒု-ညွှန်ချုပ်-ငြိမ်း၊ ရေကြောင်းဦးစီးဌာန)-ဒေါ်နီလာစိန်(Annie)၊ ဦးအောင်သန်း-ဒေါ်ကြည်အေး၊ ဦးအောင်နိုင်-ဒေါ်စောရီ၊ ဦးချိုတူး-ဒေါ်ဖြူဖြူခင်၊ ဒေါ်ထွန်းမေတို့၏ ညီမ၊ ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်နွယ်၊ (ဦးအောင်ကျော်ဦး)-ဒေါ်မာမာထွန်းတို့၏ အစ်မ၊ မောင်ကျော်စိုးဟန်(စင်ကာပူ)၊ မောင်တင်နိုင်ထွန်း(abc-mib IT-HO Jr.Business Analyst)တို့၏မွေးသမိခင်၊ [ဦးခင်မောင်မြင့် (CHIEF ENGINEER. MFSL IMT-CE 9)]၏ ဇနီးသည် ၂၅-၇-၂၀၂၀ (စနေနေ့) ညနေ ၅:၁၈ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မီမီတူး(ခ)မိသက် (အလက-၂၊ အင်းစိန်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၀၀)၊ အပေါ်ထပ်နေ ဦးတင်ဝင်း-(ဒေါ်မြမြ)တို့၏သမီးချွေးမ၊ (ဦးမောင်တူး-ဒေါ်ကြည်)တို့၏ သမီး၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်ဆွေ၊ (ဦးသာရွှေ)-ဒေါ်ခင်မော်မော်တူးတို့၏ ညီမ၊ ဦးမြင့်ကို-ဒေါ်ခင်စီစီတူး၊ (ဦးဝင်းနိုင်)၊ ဦးဇော်မျိုးဦး-ဒေါ်ခင်စန္ဒာတူးတို့၏ အစ်မ၊ ဦးဝင်းမောင်မောင်၏ဇနီး၊ ဦးဆွေသက်မောင်မောင်-မရတနာဝင်း၊ မဝင်းထက်ထက်ဆွေတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဖူးပြည့်မောင်မောင်၏ အဘွား၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၂၅-၇-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၀ (သောကြာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၀၀)၊ အပေါ်ထပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြိုင်
### အသက်(၈၉)နှစ်
### မော်ဒန်ယပ်တောင်
### မင်းကွန်းဓမ္မသာရ ရေမီးဆွမ်းဆေးအလှူတော်အဖွဲ့၏ ဘဏ္ဍာရေးမှူး

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သပြေတောင်းရွာနေ [ဦးဘရီ-ဒေါ်အေးသင် (ဦးဘရီနှင့် သမီးများစာပေ)]တို့၏ သမီးကြီး၊ [ဦးဗိုလ်ကြီး (ကူမဲ)]-ဒေါ်ခင်အေး၊ [ဦးရွှေမောင်း (တိုင်းပညာရေးမှူး)]-ဒေါ်ခင်ငွေး(ဇော်မှိုင်းပုဆိုးဆိုင်)၊ (ဒေါ်ခင်သန်း)၊ ဒေါ်ခင်မြင့်၊ (ဦးအုန်းမောင်)-ဒေါ်တင်အောင်၊ ဒေါက်တာဦးမျိုးဝင်း (USA)-ဒေါက်တာဒေါ်သင်းသင်းလှိုင်တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း(အထက်)၊ အမှတ်(၁၆၀)၊ မြေညီထပ်နေ ဦးမျိုးညွန့်၊ ဒေါ်ချိုချို၊ ဦးညီညီလှဘူး-ဒေါ်တင်တင်၊ ဦးမျိုးဆွေ-မမို့မို့မြင့် (စင်ကာပူ)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး၊ [ဦးဘိုကြီး (ကန္နီ)]၏ ချစ်လှစွာသောဇနီးသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၁၃ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်လွင် (၈၅)နှစ်
### စည်ပင်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် (၁၂၈၆)နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်ငွေးငွေးလွင် (ဌာနစုမှူး၊ Y.C.D.C၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန)၊ ဦးအောင်မြင့်ကြိုင်-ဗိုလ်ကြီးဒေါ်စန်းစန်းလွင်(ငြိမ်း) (သ.မ.က-၃၀၀၊ ဒု-သူနာပြုအုပ်၊ သျှင်ပါကူဆေးရုံ)၊ ဗိုလ်မှူးရဲလွင် (ငြိမ်း၊ အမှတ်-၆၀၀၁ တင့်ကားတပ်ရင်း)တို့၏ဖခင်ကြီး၊ မစောသီရိလွင်၊ မောင်အောင်လပြည့်လွင်၊ မောင်ထူးမြတ်ကြိုင် (5th CEIT၊ နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း)တို့၏ဘိုးဘိုးသည် ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၁၀နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်စိုး (ညောင်လေးပင်)
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ တိုက်(၃၄)၊ ခုနစ်လွှာနေ ဦးထွန်းရီ(စစ်မှုထမ်းဟောင်း)၏ဇနီး၊ ဦးရဲထွန်း-ဒေါ်အေးအေးမြင့်၊ ဦးဝင်းထွန်း-ဒေါ်စိန်စိန်မော်၊ ဦးဇော်ထွန်း၊ ဦးသက်ထွန်း-ဒေါ်ရီရီအေး၊ မသီတာထွန်း၊ (မဥမ္မာထွန်း)၊ (မောင်အောင်အောင်ထွန်း)၊ မနီလာထွန်းတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၅-၇-၂၀၂၀ (စနေနေ့) နံနက် ၀၀:၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းလှ
### အသက်(၇၈)နှစ်
### အသင်းဝင်အမှတ် (၅၂၈)
### အဏ္ဏဝါ(ရန်ကုန်) နာရေးကူညီမှုအသင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်မြင့်ဆွေလမ်း၊ အမှတ်(ခ/၂၀၈)နေ (ဦးဘရီ)၏ဇနီး ဒေါ်နှင်းလှသည် ၂၆-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အဏ္ဏဝါ(ရန်ကုန်) နာရေးကူညီမှုအသင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး
## ဒေါ်နီနီစိုး
### အသက်(၅၆)နှစ်
### ရန်ကုန်မြို့

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ မြေညီ၊ ဗဟိုလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးစိုးသိမ်း)-ဒေါ်ခင်ငွေးတို့၏ သမီးလတ်၊ (ဦးတင်အောင်)၏ဇနီး၊ ကိုစိုးသူရအောင်၊ မပိုးစန္ဒီအောင်တို့၏ ချစ်လှစွာသောမိခင်၊ (ဦးဖြိုးဝေ)-ဒေါ်ခင်အုန်းမြင့်၊ ဦးဘအောင်-ဒေါ်ခင်နှင်း၊ ဦးမောင်မောင်ချို-ဒေါ်အိအိတို့၏ ချစ်လှစွာသောညီမ၊ (ဦးထွန်းနိုင်)-ဒေါ်သရဖီအောင်၊ ဦးမြတ်ထူး-ဒေါ်ငွေလှိုင်မိုး၊ (ဦးအောင်အောင်လွင်)-ဒေါ်စန်းစန်းနွယ်တို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)
## ကိုအေးမင်းသူ (ခ) ဆင်ပေါက်
### အသက်(၃၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၅၀)ရပ်ကွက်၊ အမှတ်(၇၈၂)နေ ဦးညွန့်ရွှေ-(ဒေါ်အမာကြည်)တို့၏ မြေး၊ ဦးသိန်းထွန်းဝင်း-ဒေါ်တင်တင်မိုး (C.B ဘဏ်ရုံးချုပ်) ရာ/၂၂၈၉ တို့၏ သား၊ မောင်ကောင်းဆက်ဝင်း-မမေဦး၊ မောင်သီဟထွန်းဇော်တို့၏ အစ်ကို၊ အောင်မြင့်မြတ်၏ ဦးလေး၊ ဦးဝင်းနိုင်-ဒေါ်ခင်အေးသွင်(ရာ/၁၈၁၁)၊ ဦးဇော်သန်း-ဒေါ်တိုးတိုးနိုင်(C.B ဘဏ်) (ရာ/၂၄၈၄)၊ ဦးတင်လှဦး-ဒေါ်အိအိခိုင် (C.B ဘဏ်ရုံးချုပ်)(ရာ/၂၄၀၅)၊ ဦးအောင်နိုင်ထွေးတို့၏တူ၊ မအင်ကြင်းသျှိုင်း၏ခင်ပွန်းသည် ၂၁-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားအသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးမောင်ငွေ(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း-ငြိမ်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးသာဝ-ဒေါ်မင်းဖုံ)တို့၏သား၊ (ဦးဘိုနီ-ဒေါ်ဝင်းမြ)တို့၏သားသမက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (C-၁၄)လမ်း၊ တိုက်(၃၇)၊ အခန်း(၀၀၄)နေ [ဒေါ်လှမြင့် (မြဝတီပုံနှိပ်တိုက်-ငြိမ်း)]၏ ခင်ပွန်း၊ (ဦးကျင်သိန်း-ဒေါ်သန်းသန်းဦး)၊ ဦးထိန်လင်း(သတင်းနှင့်စာနယ်ဇင်း၊ စာအုပ်ဆိုင်)-ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ [ဦးဇာနည်ဝင်း (ကြေးမုံသတင်းစာတိုက်)]-ဒေါ်ယဉ်ယဉ်ငွေး (ကိုယ်ပွားသတင်းစာတိုက်-မုံရွာ)၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်-ဒေါ်ဝါဝါခိုင်၊ ဦးထွန်းသော်တာ(လင်းထိန်စာပေ)-ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၅-၇-၂၀၂၀ (စနေနေ့) ည ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ဝတ်ပြုဆုတောင်းပြီး ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင် (ပန်းတနော်မြို့၊ မရမ်းရွာ) (၈၃)နှစ်
### အငြိမ်းစားအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း
### ဓာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
### နာယက၊ ပန်းတနော်မြို့နယ်အသင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်(၃၅၇)၊ အခန်း(၁၄)နေ (ဦးဘိုးဝန်-ဒေါ်ကျင်ရင်)တို့၏ သား၊ (ဦးဘအုန်း-ဒေါ်ရီ)တို့၏ သားသမက်၊ ဒေါ်ခင်မြကြည်၏ခင်ပွန်း၊ ပန်းတနော်မြို့၊ မရမ်းရွာနေ (ဦးကိုးမောင်-ဒေါ်သိန်းလှ)၊ ဦးသန်းမြင့်-(ဒေါ်စန်းမြင့်)တို့၏ညီ၊ ဦးစိန်တင်(ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်)-ဒေါ်ကြည်ကြည်စိုး၊ ဦးအောင်မျိုးသန့် (3rd Engineer, OW Shipping Line)-ဒေါ်ခင်မိုးဝေ၊ ဦးဇော်မင်းထွန်း(ဥက္ကဋ္ဌ၊ ရန်အေးအိမ်ရာသာယာရေးကော်မတီ)-ဒေါ်သက်ထားဝင်း (Xie Family Co.,Ltd.)တို့၏ မွေးသဖခင်၊ မထက်ထက်ခိုင် (2nd Year Hons; Physics YU)၊ မသန့်သီရိဝေ(ARCH Second Year YTU)၊ မောင်ခန့်မိုးသန့်စင်(အထက-၂၊ ဗဟန်း)တို့၏အဘိုးသည် ၂၅-၇-၂၀၂၀ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းအေး (လက်ပံတန်း)
### စက်မှု(၂) မြန်မာမော်တော်ယာဉ်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း
### B.Sc Botany(1973 RASU)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ (၁၂၁)၊ ညောင်ပင်လမ်းနေ (ဦးထွန်းခင်-ဒေါ်ထားခင်)တို့၏ ဒုတိယသား၊ လက်ပံတန်းမြို့နေ (ဆရာကြီးဦးသိန်း-ဒေါ်မြသန်း)တို့၏ သားသမက်၊ Dr.နေမျိုးသူ (UNICEF)-မလွင်လွင်ခိုင်(IOM)၊ မမိုးမိုးအေး၊ လဖိုင်ဂျာနော်-မအေးအေးသက်(MMShop)တို့၏ဖခင်၊ သွန်းသီရိဝေ၏ အဘိုး၊ ဒေါ်တင်တင်အေး (ဌာနခွဲမှူး၊ မြန်မာ့ တာယာနှင့်ရာဘာထုတ်လုပ်မှုစက်မှု-၂)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ (စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်နိုင် (Bernhard Schulte Ship Management)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မ/န ရပ်ကွက်၊ အနောက်ဗဟိုလမ်း၊ အမှတ်(၂၉)၊ မြေညီထပ်နေ (ဦးသိန်းတင်-ဒေါ်လှတင်)တို့၏ သားကြီး၊ (ဦးထွန်း-ဒေါ်မြသိန်း)တို့၏ သားသမက်၊ ဒေါ်အေးသန်း (လယ်/ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းနိုင်)၊ ဦးသောင်းနိုင်၊ ဦးနိုင်ဝင်း၊ ဦးအောင်နိုင်၊ ဦးဇော်နိုင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးအောင်မျိုးမြင့်-ဒေါ်ဝင်းဝင်းခိုင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မောင်အေးချမ်းကိုကိုနိုင်-မရတနာလွင်၊ မောင်ငြိမ်းချမ်းညီညီနိုင်တို့၏ ချစ်လှစွာသောဖခင် ဦးမြင့်နိုင်သည် ၂၅-၇-၂၀၂၀ (စနေနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၂၀ ရက် စာမျက်နှာ (၃၀)ပါ ဝမ်းနည်းကြေကွဲခြင်း ဦးတင်မောင်(သုံးခွ)အစား ဦးတင်အောင်(သုံးခွ)ဟု ပြောင်းလဲဖတ်ရှုပါရန်။

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ဦးစံမြင့် (၈၄)နှစ်
### ကုန်သွယ်ရေးဝန်ကြီးရုံး (ငြိမ်း)

ရန်ကုန်မြို့၊ လသာအထက်လမ်းနေ (ဦးစိန်ဥဏ်-ဒေါ်စန်းရင်)တို့၏ သားထွေး၊ [ဦးမောင်မောင်မြင့်(လသာမြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်-ငြိမ်း)]၊ (ဒေါ်လှသိန်း)၊ [ဦးခင်ကြိုင် (လဝကဦးစီးမှူး-ငြိမ်း)-ဒေါ်စိန်စိန်]၊ [ဦးလှမြင့် (နိုင်ငံခြားရေး-ငြိမ်း)]၊ (ဒေါ်မြသိန်း)၊ [ဦးမောင်မောင်သိန်း (ကြွေ-၁၊ ငြိမ်း)]တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၄)၊ တတိယထပ်၊ (၃၆)လမ်းနေ ဒေါ်လှမြင့်၏ ခင်ပွန်း၊ ဦးချိုသင်း(ပြည်ပစာပို့)၊ (ဦးမောင်မောင်ချို-ဒေါ်ယဉ်ယဉ်အေး)၊ (ဦးအောင်မင်း)-ဒေါ်မြမြခိုင်၊ ဦးဝင်းနိုင် (PEMCO)-ဒေါ်ကြူကြူသင်း၊ ဦးတင်လှိုင်-ဒေါ်မိုးမိုးခိုင်၊ ဦးဟုတ်စိန်-ဒေါ်စုစုနွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးစံမြင့်သည် ၂၆-၇-၂၀၂၀(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နွဲ့ရီ
### အသက်(၇၉)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အမှတ်(၁၂)၊ ရန်အောင်မြင်ရပ်ကွက်နေ (ဦးထွန်းတင်-ဒေါ်အေးကြည်)တို့၏ သမီးကြီး၊ ဦးအောင်ဖုံဝေ၏ ဇနီး၊ ဒေါ်လှလှထွေး (ဦးစီးအရာရှိ-ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံး)၏ အစ်မ၊ ဦးနေခြည်ဦး (Director-Eastboy Engineering Co., Ltd)-ဒေါ်ခင်သက်မာ၊ မခင်ခင်စု၊ ဦးကျော်ကျော်မင်း-ဒေါ်မှူးသက်ခိုင်တို့၏ မိခင်၊ မမိုးနေခြည်၊ မသုန္ဒြေဦးတို့၏ ချစ်လှစွာသောအဘွား ဒေါ်နွဲ့ရီသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ညိုမ
### အသက်(၉၀)

သူငယ်ချင်း ကိုတင့်လွင် B.E(Civil)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ညိုမ အသက်(၉၀)သည် ၂၃-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ သူငယ်ချင်းမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**



ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# ဂျပန်၊ စင်ကာပူနှင့် တရုတ်(တိုင်ပေ)တို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံရှိ Rich Pine၊ Century Miracle နှင့် Camel and Vega စသည့်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၁၇၁ ဦးအား မြန်မာသံရုံး တဲလ်အဗီးမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ဒုတိယအကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့အပြင် တရုတ်(တိုင်ပေ)တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၈ ဦးအား China Airlines ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဟောင်ကောင်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ထို့အတူ နိုင်ငံတကာသင်္ဘောအသီးသီးတွင် တာဝန်ထမ်းဆောင်နေပြီး စာချုပ်သက်တမ်းပြည့်လွန်နေသဖြင့် Crew Change ပြုလုပ်ရန် လိုအပ်နေသည့် မြန်မာသင်္ဘောသား စုစုပေါင်း ၄၅ ဦးတို့အား သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻

## ကြေးမုံ ယနေ့ဖတ်စရာ

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း နေရာငါးခုတွင် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် စတင်

စာမျက်နှာ » ၄

ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး သံသယလူနာ တွေ့ရှိမှုကြောင့် မြောက်ကိုရီးယားက အရေးပေါ်အခြေအနေ ကြေညာ

စာမျက်နှာ » ၁၁

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၀ ဆက်လက်ဝင်ရောက်

စာမျက်နှာ » ၁၇

ဘာရိုက်တန်က လီဗာပူးကွင်းလယ်လူ လယ်လာနာကို ခေါ်ယူရန်နီးစပ်နေ

စာမျက်နှာ » ၂၇



# ကော့သောင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာမှုအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

ကော့သောင်း ဇူလိုင် ၂၆

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များစာရင်းကို ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများက သတ်မှတ်ထားသည့် နေရာများတွင် ယမန်နေ့ နံနက်ပိုင်းမှစတင်ကာ ပထမအကြိမ် အသိပေးထုတ်ပြန်ကြေညာထားရှိမှုအခြေအနေကို ကော့သောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

# ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)နှင့် (၂)တို့၌ ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သတင်းမီဒီယာအရေအတွက်ကိုလည်း ပြည်တွင်းသတင်းမီဒီယာများမှ ၄၀၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းမီဒီယာများမှ ၂၀ စုစုပေါင်း ၆၀ သာ ကန့်သတ်ဖိတ်ကြားသွားမည် ဖြစ်ပါသည်။

တက်ရောက်သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference –21st Century Panglong ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖြစ်ပါသည်။

အစောဆုံးပေးပို့လာသည့် သတင်းမီဒီယာများမှ သတင်းဌာနတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် သတ်မှတ်၍ လက်ရှိထုတ်ဝေနေသော သတင်းစာများ၊ သတင်းဂျာနယ်များနှင့် ရုပ်သံလိုင်းများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပြီး သတင်းရယူခွင့်ရှိသည့် မီဒီယာစာရင်းကို ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။ လူဦးရေကန့်သတ်အနေအထားကြောင့် သတင်းရယူခွင့်မရှိသည့် သတင်းမီဒီယာများအနေဖြင့်လည်း သတင်းရရှိပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အခမ်းအနားတွင် လုပ်ဆောင်သည့် မှတ်တမ်းဓာတ်ပုံများနှင့် ရုပ်သံဗီဒီယိုများကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရေးဝန်ကြီးဌာန၏ Website(www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm)နှင့် Facebook Page (moiwebportalmyanmar, Myanmar Digital News, MRTV)တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ